PYI MYANMAR NEWS JOURNAL

# ပြည်မြန်မာ

သတင်းဂျာနယ်

www.swesonemedia.org t rSwf(979) 2-7-2015 (Kumoyaw;aeY)



PREMIER® COFFEE

သဘာဝကော်ဖီစစ်စစ်အရသာ...ပရီမီယာ


# ဗုဒ္ဓဂယာ၌ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့ တည်ထားခဲ့သော ကျောက်စာစေတီနှစ်ဆူနှင့် ကျောက်စာများပြင်ဆင်ရန် ရှေ့ပြေးအဖွဲ့ လွှတ်မည်




အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ မဟာဗောဓိဘုရားကျောင်း

အေဝိုင်အီး

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ဗုဒ္ဓဂယာ၌ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့ တည်ထားခဲ့သော ကျောက်စာစေတီနှစ်ဆူနှင့် ကျောက်စာတို့ကို ပြန်လည်ပြင်ဆင်ရေးအတွက် ရှေ့ပြေးလေ့လာရေးအဖွဲ့ကို လပိုင်းအတွင်း စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ကျောက်စာစေတီနှင့် ကျောက်စာတို့ကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဇွန်လ ၂၄ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်အခြားသော သက်ဆိုင်ရာဌာနများပါဝင်သောအဖွဲ့က အစည်းအဝေးပြုလုပ် ဆုံးဖြတ်ခဲ့ကြကြောင်းလည်း သိရသည်။ ယင်းအစည်းအဝေး၌ ကျောက်စာများပြင်ဆင်နိုင်ရေးအတွက် အဓိက လုပ်ဆောင်မည့်အချက်များကို သတ်မှတ်ရာတွင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး၊ ရှေ့ပြေးလေ့လာရေးအဖွဲ့ စေလွှတ်နိုင်ရေး၊ ရှေးမူမပျက် ပြင်ဆင်နိုင်ရေး၊ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး၊ စည်းမျဉ်းစံနှုန်းများနှင့် ကိုက်ညီရေး ဆောင်ရွက်ရန်ကိစ္စများနှင့် ဘဏ္ဍာငွေသုံးစွဲရမည့် ကိစ္စများ ဖြစ်ကြောင်း သိရသည်။ ''ရှေ့ပြေးလေ့လာရေးအဖွဲ့ကို စေလွှတ်ဖို့က အဓိကကျတဲ့အတွက် လပိုင်းအတွင်း ပညာရှင်တွေကို ရွေးချယ်ပြီး စေလွှတ်သွားမှာပါ''ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာမှ ရှေ့ပြေးလေ့လာရေးအဖွဲ့ကို .... စာ-၄ သို့


rkGShtE;ltifwhkDpfrkUwjzpfa&;
tqkjkcufrefm\cJGrUkpmifqkae
စာ-၁၀

vrnfbouwrf;for®wm0eftwGf
vuf&SKfaHwmforR0;DepfwG
tajctaezefw;DCGaS[kqk
စာ-၁၀

Akdfcyfuhbl , fsm;ay:xe;Gvm&ef
စာ-၁၂
Akdfcyfatmifqef;azmif';&SwnfxmifnF

ukfusp&dftjrifqkHkdUD;rm;pm&ifwG
&efukfu tqif2BokdwufvmyD
စာ-၆
urq@usmfrkUD;DcsUtxuwGh&a

urlQ;kdfyhmayif;pkluf0yGDk
jrefm½kdvuf0ySm&yfsm;jzifh
စာ-၂၅
ayif;pyf yxrqkHudfusif;yrnf


# သယံဇာတထုတ်ယူမှုများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်နေ

စာ-၁၈



မြတ်သူအောင်

စံပယ်တောင်ကြေးနီစီမံကိန်း လုပ်ငန်းခွင် တစ်နေရာ





K.M PRINCESS
KM
AHH! So BEAUTIFUL
SUCH A LOVELY FIT!
SO HAPPY WITH HOW
LOOKS
BEING ONE OF
FAVOURITE BRA
OF ALL TIME.
745
7234
7251
7243
Shop-Building(14), Room No.(7/8), Sapal Street, Behind Yuzana Plaza, Mingalar TaungNyut Township, Yangon, Myanmar.Open daily (7:30 AM to 7:30 PM)
Email:kmprincess.plaza@gmail.com , kmfamily421@gmail.com : 01-205055, 9000099, : 09-250048996 , 09-254201525


FORD HERITAGE MONTH
CELEBRATION
Heritage month
special offers
from 1st – 30th
June 2015
JUNE လအတွင်း FORD ကားဝယ်ယူသူများအတွက်
ပုဂံခရီးစဥ် ကံစမ်းရယူနိုင်မည့် အခွင့်အရေး
Capital Automotive Limited
The only Authorized Ford Distributor and Dealer for Myanmar
Ford
HERITAGE
MONTH
GO FURTHER
FordMyanmar
www.ford-myanmar.com
Ford
Go Further

# မဲစာရင်းမှန်ကန်ရေး ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တစ်အိမ်တက်တစ်အိမ်ဆင်း ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့

လာမည့် ၂၀၁၅ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းထုတ်ပြန်ထားရာ မဲစာရင်းမှန်ကန်ရေးအတွက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဇွန်လ ၂၇ ရက်က တစ်အိမ်တက်တစ်အိမ်ဆင်း ပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒေါ်အောင်ဆန်းစုကြည်က နေပြည်တော်ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာအမှတ် ၂ ရပ်ကွက်တွင် မဲစာရင်းမှန်ကန်ရေးအတွက် ပညာပေးရေးလုပ်ငန်းများပြုလုပ်ခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များကိုလည်း ကိုယ်တိုင်ဝေငှခဲ့ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနှံ့တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် လေးကြိမ်မြောက် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာမှုများပြုလုပ်ထားရာ လေးကြိမ်စလုံး၌ပင် မှားယွင်းမှုများဖြစ်ပေါ်နေကြောင်းလည်း သိရသည်။

ပညာပေးရေးလုပ်ငန်းများပြုလုပ်ရာတွင် ဒေါ်အောင်ဆန်းစုကြည်က မဲစာရင်းသွားရောက်ကြည့်ရှုကြရန်နှင့် မှားယွင်းမှုများရှိပါက ပြန်လည်ပြင်ဆင်ကြရန် မေးမြန်းတိုက်တွန်းခဲ့ကြောင်း သိရပြီး မဲစာရင်းတွင် မပါဝင်ခြင်းကို သွားရောက်ပြောဆိုရာတွင်လည်း တားဆီးမှုများပြုလုပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့တိုင်ကြားနိုင်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ပြည်သူများအနေဖြင့် မဲဆန္ဒရှင်စာရင်းသွားရောက်ကြည့်ရှုကြရန် စည်းရုံးလှုံ့ဆော်မှုများကို ရပ်ကွက်အသီးသီးတွင် ပြီးခဲ့သည့် ရက်ပိုင်းမှစတင်ကာ ပြုလုပ်လျက်ရှိရာ လူမှုကွန်ရက်စာမျက်နှာများပေါ်တွင်လည်း လှုံ့ဆော်မှုများပြုလုပ်နေပြီး ပြီးခဲ့တဲ့အပတ်အတွင်း ပြုလုပ်ခဲ့သည့် **ပါတီဗဟိုကော်မတီအစည်းအဝေးတွင် မဲစာရင်းစိစစ်ရေး လုပ်ငန်းများကို ပါတီအနေဖြင့် အင်တိုက်အားတိုက်လုပ်ဆောင်သွားရန်** ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်တွင် မဲဆန္ဒရှင်များ မဲပေးခွင့်ရရှိရေးအတွက် မဲစာရင်းများမကျန်ရှိအောင်လိုက်လံကောက်ခံစစ်ဆေးခဲ့သည့် NLD အဖွဲ့ဝင်နှစ်ဦးကို ရပ်ကွက်ရာအိမ်မှူးက ပိုင်နက်ကျူးလွန်မှုဖြင့် နေပြည်တော်အမှတ် (၁)ရဲစခန်းတွင် အမှုဖွင့် တရားစွဲဆိုထားကြောင်းလည်း သိရသည်။

မဲဆန္ဒရှင်စာရင်း မှန်ကန်ရေးအတွက် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းပါဝင်ကြရန်လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာထားခဲ့ခြင်းဖြစ်သည်။ **မျိုးကျော်စိုး**



ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တစ်အိမ်တက်တစ်အိမ်ဆင်း ပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့စဉ်

# မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသောအားဖြင့် ဝတ်စားဆင်ယင်မှုပြပွဲကြီး ကျင်းပ




မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ စီစဉ်တင်ဆက်သည့် **ဇူလိုင်လ ၃ရက်တွင်ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သုံးရာသီအလှသဘာဝ၊ ခေတ်အဆင်နှင့်ယနေ့အသွင် သံစဉ်ဖလှယ်ကြ ဂီတညီအစ်မဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကြီးကို** ဇွန်လ ၂၇ရက်နှင့်၂၈ ရက်များတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ကျင်းပခဲ့ကြောင်း သိရသည်။ ယင်းပြပွဲတွင် နာမည်ကြီး ဒီဇိုင်နာများ၏ဝတ်စုံများကို သရုပ်ဆောင်များ၊ Stars & Model International မှ မော်ဒယ်များက ခေတ်နှင့်အညီ ဆန်းသစ်တီထွင်ထားသော မြန်မာဝတ်စုံများကို ဝတ်ဆင်ပြသသွားခဲ့ပြီး နာမည်ကြီး အဆိုတော်များ၏ သီဆိုဖျော်ဖြေမှုများအပြင် **မင်းသမီး ဟန်နေ့ငြိမ်း၊ အကယ်ဒမီ ချောရတနာ၊ လူရွှင်တော်များအဖြစ် အကယ်ဒမီ စိုးမြတ်သူဇာ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ အကယ်ဒမီ ခင်ဇာခြည်ကျော်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ စိုးမိုးကြည်နှင့် ဆုပန်ထွာတို့က ထူးထူးခြားခြားပါဝင်ဖျော်ဖြေခဲ့ကြသည့် အကယ်ဒမီ ရွှေပန်းချီအငြိမ့်ကို**လည်း တင်ဆက်ကပြ ဖျော်ဖြေခဲ့ကြသည်။ အဆိုပါဝတ်စားဆင်ယင်မှု ပြပွဲကြီးဖြစ်မြောက်ရန်အတွက် ဒေါ်မြင့်မြတ်ဦး နှင့် ဒေါ်ခင်လှမြင့်တို့က စိတ်ကူး ပုံဖော်၍ ပွဲစဉ်တစ်ခုလုံးကို Stars Event Production မှ ကိုဂျွန်လွင်က တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

မင်းအိုက်စွန်းန်



## Brief News From Pyi Myanmar Daily

### အထွေထွေ

### လောက်ကိုင်မြို့ ကျင်းပုဟိုတယ်အနီးတွင် ပစ်ခတ်မှုဖြစ်ပွား သုံးဦးသေဆုံး

မကြာသေးမီကပင် မြန်မာ့တပ်မတော်နှင့် ကိုးကန့်တပ်ဖွဲ့ဝင်များအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ တရုတ်-မြန်မာနယ်စပ် ရှမ်းပြည်နယ်အရှေ့ပိုင်း လောက်ကိုင်မြို့ရှိ အမှတ် (၃)ရပ်ကွက်တွင် ဇွန်လ ၂၂ ရက်က ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးသေဆုံးခဲ့ကြောင်း မြန်မာ့တပ်မတော်မှ ဇွန်လ ၂၃ ရက်တွင် သတင်းထုတ်ပြန်သည်။ ဖြစ်စဉ်ဖြစ်ပွားချိန်တွင် ၎င်းတို့နေအိမ်သို့ ဂုဏ်ထူးဆောင် ဗိုလ်မှူးကြီး ဝေဆန်း၏ တူဖြစ်သူ တားဝေဆိုသူနှင့်သုံးဦးမှ အဖြူရောင်ဗွီဂိုကား တစ်စီးနှင့်ရောက်လာပြီး ဖူးကြားဝေနှင့် တွေ့ဆုံကာ အိမ်အတွင်းအချင်းများ ရန်ဖြစ်ပြီး လုံးထွေးသတ်ပုတ်ကာ တားဝေနှင့်အဖွဲ့မှ အသင့်ယူဆောင်လာသည့် လက်နက်များဖြင့်ပစ်ခတ်၍ ပြန်လည်ထွက်ခွာသွားခြင်းဖြစ် ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

### ဖားကန့်တွင်မြေစာပုံပြိုကျပြန်သဖြင့် အနည်းဆုံး လူလေးဦးသေဆုံးပြီး အယောက်နှစ်ဆယ်ခန့်ပျောက်ဆုံးနေ

မြန်မာပြည်မြောက်ပိုင်း ဖားကန့်မြို့နယ်၊ လုံးခင်းကျေးရွာအုပ်စု ငိုးပင်း( မိုးပင်းဒေသအခေါ်) မော်ရတနာရောင်ခြည် ကျောက်စိမ်းလုပ်ကွက်အတွင်း၌ ဇွန်လ ၂၆ ရက် နံနက် ၉ နာရီခန့်က မြေပြိုကျမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံးလူလေးဦးသေဆုံးပြီး ရေမဆေးကျောက်ရှာဖွေနေသူ ၂၀ ဦး ခန့်ပျောက်ဆုံးနေကြောင်း လုံးခင်းရဲစခန်းမှ သိရသည်။ အဆိုပါမြေစာပုံသည် ပေ ၂၀၀ ခန့် မြင့်ပြီး ဇွန်လ ၂၆ ရက် နံနက် ၈ နာရီခွဲအချိန်ခန့်က ပြိုကျခဲ့ခြင်းဖြစ်ကြောင်း ပြိုကျစဉ် နှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်နှစ်ဦးမှာဆေးရုံသို့အရောက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်းသိရပြီး လက်ရှိအချိန် ထိဒဏ်ရာရရှိထားသူ ခြောက်ဦးကို ဖားကန့်ဆေးရုံကြီးတွင် ဆေးကုသမှုပေးနေဆဲဖြစ်သည်ဟု အဆိုပါရဲစခန်းက အတည်ပြုပြောကြားသည်။

### ယခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်၌ အမြင့်မားဆုံး ရေဖုံးလွှမ်းခံရနိုင်ခြေရှိဟု ဆို

မြန်မာနိုင်ငံအတွင်းရှိမြေနိမ့်ပိုင်းနှင့်လယ်ကွင်းများတွင်နှစ်စဉ်ပုံမှန်ရေဖုံးလွှမ်းခံရသောပြည်နယ်နဲ့ တိုင်းဒေသကြီးငါးခုဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်အနက် ယခုနှစ်တွင်ရန်ကုန်၊ ဧရာဝတီနှင့် ရခိုင်ပြည်နယ်မှာအမြင့်မားဆုံးရေဖုံးလွှမ်းခံရနိုင်ခြေရှိနေကြောင်း မိုးလေဝသနှင့် ဇလဗေဒပညာရှင် ဒေါက်တာဦးထွန်းလွင်က ၂၄-၆-၂၀၁၅ ရက်တွင် ပြောသည်။ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်ကြောင့် အဆိုးရွားဆုံး ထိခိုက်ခံစားရသော ကမ္ဘာ့နိုင်ငံများအနက် မြန်မာနိုင်ငံမှာ ဒုတိယနေရာတွင်ရှိနေကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က သတင်းထုတ်ပြန်ထားသည်။

### မြဝတီ-ကော့ကရိတ်အာရှလမ်းသစ်၌ မိုးသည်းထန်မှုကြောင့် တောင်နံရံမြေသားပြိုကျပြီး ကားများပိတ်ဆို့မှုဖြစ်ပွားခဲ့

အာရှချိတ်ဆက်လမ်းသစ်ကြီး၏ မြဝတီ-ကော့ကရိတ်လမ်းပိုင်း တစ်နေရာတွင်ဇွန်လ ၂၆ ရက်က မိုးသည်းထန်မှုကြောင့် တောင်နံရံမြေသားများပြိုကျပြီး ယာဉ်စီးရေ ၂၀၀ ခန့် ယာဉ်ကျောပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သတင်းရရှိသည်။ ယာဉ်ကျောပိတ်ဆို့မှုဖြစ်စဉ်မှာဇွန်လ ၂၆ ရက် နံနက် ၅ နာရီခန့်မှ နံနက် ၈ နာရီခန့် အထိ စုစုပေါင်းအချိန် ၃ နာရီခန့် ကြာအောင် ပိတ်ဆို့မှုဖြစ်ခဲ့ခြင်းဟု သိရကာ ဇွန်လ ၂၅ ရက် ညဉ့်နက်ပိုင်းနှင့် ဇွန်လ ၂၆ ရက် နံနက်ပိုင်းက ရွာသွန်းခဲ့သော မိုးသည်းထန်မှုကြောင့် တောင်များကို ပတ်၍ဖောက်ထားသော ကော့ကရိတ်မြို့မှအထွက် ၁၀ မိုင်ခန့် အကွာလမ်းပိုင်းရှိ တောင်နံရံမြေသားများ ပြိုကျလာခြင်းဖြစ်ပြီး လမ်းမပေါ်သို့ ပိတ်ဆို့သွားခြင်းဟု သိရသည်။

### မြို့ကြီးသုံးမြို့၌ အမေရိကန် ဒေါ်လာ ၂၄၄ သန်းကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး

(၂၈)ကြိမ်မြောက် အပြည်ပြည် ဆိုင် ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုကို တိုက်ဖျက်ရေးနေ့၌ မြန်မာနိုင်ငံရှိမြို့ကြီးသုံးမြို့တွင် အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၆၅၄၄ သန်း တန်ဖိုးရှိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့ သုံးမြို့တွင် ဖမ်းဆီးရမိသော ဘိန်း၊ ဘိန်းဖြူ၊ အဆင့်မြင့်ဘိန်း၊ ဘိန်းဆီခဲ၊ ဆေးခြောက်၊ စိတ်ကြွဆေးပြား၊ အိုက်စ်၊ စိတ်ကြွဆေးအကြေမှုန့်၊ ဘိန်းမျိုးစေ့၊ ဘိန်းစာမှုန့်၊ ဘိန်းညိုမှုန့်၊ ကဖင်း၊ အက်ဖီတမင်း စသည့် မူးယစ်ဆေးများကို ဇွန်လ ၂၆ ရက်နံနက်ပိုင်းက တစ်ပြိုင်နက်မီးရှို့ဖျက်ဆီးခဲ့ခြင်းဖြစ်သည်။

## ဗုဒ္ဓဂယာ၌ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့တည်ထားခဲ့သော ကျောက်စာစေတီနှစ်ဆူနှင့် ကျောက်စာများပြင်ဆင်ရန် ရှေ့ပြေးအဖွဲ့လွှတ်မည်

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်ဗုဒ္ဓဂယာ၌ စစ်ကိုင်းမင်းနှင့် မင်းတုန်းမင်းတို့ တည်ထားခဲ့သော ကျောက်စာစေတီနှစ်ဆူနှင့် ကျောက်စာတို့ကို ပြန်လည်ပြင်ဆင်ရေးအတွက် ရှေ့ပြေးလေ့လာရေးအဖွဲ့ကိုလပိုင်းအတွင်း စေလွှတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ကျောက်စာစေတီနှင့် ကျောက်စာတို့ကို ပြန်လည်ပြင်ဆင်နိုင်ရေးအတွက် ဇွန်လ ၂၄ ရက်က ယဉ်ကျေးမှုဝန်ကြီး ဦးအေးမြင့်ကြူ ဦးဆောင်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့်အခြားသောသက်ဆိုင်ရာဌာနဆိုင်ရာများပါဝင်သောအဖွဲ့က အစည်းအဝေးပြုလုပ် ဆုံးဖြတ်ခဲ့ကြကြောင်းလည်း သိရသည်။ ယင်းအစည်းအဝေး၌ ကျောက်စာများပြင်ဆင်နိုင်ရေးအတွက် အဓိကလုပ်ဆောင်ရမည့်အချက်များကို သတ်မှတ်ရာတွင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရေး၊ ရှေ့ပြေးလေ့လာရေးအဖွဲ့ စေလွှတ်နိုင်ရေး၊ ရှေးမူမပျက်ပြင်ဆင်နိုင်ရေး၊ အိန္ဒိယနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းရေး စည်းမျဉ်းစံနှုန်းများနှင့် ကိုက်ညီရေး ဆောင်ရွက်ရန်ကိစ္စများနှင့် ဘဏ္ဍာငွေသုံးစွဲရမည့် ကိစ္စများဖြစ်ကြောင်း သိရသည်။ ''ရှေ့ပြေးလေ့လာရေးအဖွဲ့ကို စေလွှတ်ဖို့က အဓိကကျတဲ့အတွက် လပိုင်းအတွင်း ပညာရှင်တွေကို ရွေးချယ်ပြီးစေလွှတ်သွားမှာပါ''ဟု ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးကပြောသည်။ မြန်မာမှ ရှေ့ပြေးလေ့လာရေးအဖွဲ့ကို ဇူလိုင်လအတွင်း စေလွှတ်သွားရန်စီစဉ်ထားကြောင်းလည်း သိရကာ ယင်းအဖွဲ့၏လေ့လာချက်များအပေါ် မူတည်ကာ ပြင်ဆင်ရေးဆိုင်ရာ ကုန်ကျစရိတ်များ အပါအဝင် အထွေထွေကို ဆက်လက်၍ စနစ်တကျ လုပ်ဆောင်သွားမည်ဟုသိရသည်။ အိန္ဒိယဘက်အခြမ်းနှင့်ချိတ်ဆက်လုပ် ဆောင်မှုနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်က တင်ပြဆွေးနွေးမှုတွင် ၂၀၁၄ ခုနှစ်မှ အဆင့်ဆင့် စတင်ဆွေးနွေးလာခဲ့ရသော ပြင်ဆင်ရေးကိစ္စ၏ နောက်ဆက်တွဲအဖြစ် အိန္ဒိယနိုင်ငံဘက်သို့ မွမ်းမံပြင်ဆင်မှု စီမံချက် ရှေ့ပြေးအဖွဲ့စေလွှတ်မည့် အစီအစဉ်၊ ပြင်ဆင်မည့် ဗိသုကာ ပုံစံ၊ ငွေကြေးသုံးစွဲမှု အစီအမံများပေးပို့ရမည့်အကြောင်းနှင့် ပြင်ဆင်ခွင့်ပြုမည့် ကိစ္စကို ခွင့်ပြုနိုင်ရေး အိန္ဒိယဘက်မှ ကူညီပြီး **မြန်မာနိုင်ငံဘက်မှ ပြင်ဆင်မည့် ကုန်ကျစရိတ်များကို ကျခံရမည်ဖြစ်ကြောင်း**လည်းသိရသည်။

**အေးဝိုင်းအီး**



## မကြာမီအတည်ပြုဖွယ်ရှိသည့် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေအရ ငါးလွှာ၏အထက် ကွန်ဒိုအခန်းများကိုသာ နိုင်ငံခြားသားများအား ရောင်းချခွင့်ရှိမည်

မကြာမီအတည်ပြု ထုတ်ပြန်ဖွယ်ရှိသည့် စုပေါင်းပိုင်အဆောက် အအုံဆိုင်ရာဥပဒေအရ ငါးလွှာ၏အထက် ကွန်ဒိုအခန်းများကိုသာ နိုင်ငံခြားသားများအား ရောင်းချခွင့်ရှိမည်ဖြစ်ကြောင်း အဆိုပါဥပဒေကို ပါဝင်ရေးဆွဲ ခဲ့သည့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ၂၇-၆-၂၀၁၅ရက်တွင် ပြောသည်။

စုပေါင်းပိုင်အဆောက် အအုံဆိုင်ရာဥပဒေ(မူကြမ်း)အား၁၉၉၂ ခုနှစ်ကတည်းက စတင်ရေးဆွဲခဲ့ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံး ၊ သက်ဆိုင်ရာအဖွဲ့ အစည်းများနှင့် ကြိမ်ဖန်များစွာညှိနှိုင်းရေးဆွဲခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်သွင်းခဲ့ရာ ပြည်သူ့လွှတ်တော်မှ ၂-၄-၂၀၁၄ ရက်တွင်လည်းကောင်း ၊ အမျိုးသား လွှတ်တော်မှ ၂၀-၁-၂၀၁၅ရက်တွင်လည်းကောင်းအတည်ပြုပေးခဲ့ပြီးဖြစ်ကြောင်း၊ **လွှတ်တော်နှစ်ရပ်၏ သဘောထားကွဲလွဲမှုများကိုညှိနှိုင်းပြင်ဆင်ပြီး ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပြီးပါက ဥပဒေအားအတည်ပြုပြဋ္ဌာန်းနိုင်ရေးဆက်လက်ဆောင်ရွက်**သွားမည်ဖြစ်ကြောင်း သိရသည်။ '' ဒီဥပဒေအတည်ပြုပြီးရင် **နိုင်ငံခြားသားတွေကိုကွန်ဒိုအခန်းတွေရောင်းချခွင့်ရမယ်။ ဒါပေမဲ့ ခြောက်လွှာကစပြီး ၅၀ ရာခိုင်နှုန်းကိုပဲရောင်းချခွင့်ရမယ်။** ဒါကြောင့် တချို့က အဲဒီအချက်ကို ပြင်ချင်တယ်ဆိုပြီးလုပ်တာတွေရှိတယ်။ **စုပေါင်းမြေပိုင်ဆိုင်မှုနဲ့ ပတ်သက်လို့လည်း အခန်းပိုင်ဆိုင်မှုအတိုင်းပဲ မြေယာကို အချိုးအစားနဲ့ပေးဖို့ ဥပဒေလည်းပါမယ်**''ဟု အဆိုပါဥပဒေကို ပါဝင်ရေးဆွဲခဲ့သည့်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး ကပြောသည်။

ထိုဥပဒေကြမ်းတွင် **ကွန်ဒိုအခန်းများ ကြိုတင်ရောင်းချခွင့်ကို တရားဝင်ခွင့်ပြုပေးသွားမည် မဟုတ်ကြောင်း**လည်း သိရသည်။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာဥပဒေပေါ်ထွက်လာပါက **ကွန်ဒိုတိုက်ခန်းများကို တရားဝင်မှတ်ပုံတင်ကာရောင်းချခွင့် ရရှိမည်ဖြစ်သောကြောင့် နိုင်ငံတော် အနေဖြင့်လည်းအခွန်ငွေများရှိလာမည်ဖြစ်ပြီး ဝယ်ယူသူများအနေဖြင့်လည်း ပိုင်ဆိုင်မှုပိုမိုသေချာလာမည်ဖြစ်ကြောင်း** သိရသည်။

**နှင်းနုဝေ**

## ရန်ကုန်မြို့အတွက် ငလျင်ဒဏ်ခံရနိုင်ခြေပြမြေပုံ စတင်ရေးဆွဲ

ရန်ကုန်တိုင်းဒေသကြီးနှင့်ပြည် မြို့နယ်အတွက်ငလျင်ဒဏ်ခံရနိုင်ခြေပြ မြေပုံကိုစတင်ရေးဆွဲနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီအတွင်းရေးမှူး ဦးစိုးသူရထွန်းက ၂၇-၆-၂၀၁၅ရက်တွင်ပြောသည်။

ငလျင်ဒဏ်ခံရနိုင်ခြေပြ မြေပုံကို လက်ရှိတွင် **မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီး တို့အတွက်ရေးဆွဲပြီးစီးသွား သောကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွက် စတင်ရေးဆွဲနေခြင်းဖြစ်ကြောင်း**သိရသည်။ ''ဘယ်နေရာတွေမှာ ငလျင်ဒဏ်ခံရနိုင်တယ်ဆိုတာကြိုသိတော့ ကာကွယ်ရေးအတွက်ကြိုတင်လုပ်ဆောင်လို့ရမယ်။ အခုရန်ကုန်နဲ့ပြည်မြို့တွေမှာမြေတူးဖော်မှုတွေနဲ့ဂြိုဟ်တုကရတဲ့အချက်အလက်တွေပေါင်းပြီးရေးဆွဲနေပါတယ်''ဟု၎င်းကပြောသည်။ **ငလျင်ဒဏ်ခံရနိုင်ခြေပြမြေပုံမှာအင်ဂျင်နီယာနှင့် စီမံခန့် ခွဲသူများအတွက်များစွာအသုံးဝင်စေမည်ဖြစ်ရာ** လက်ရှိတွေ့ရှိချက်အရ ရန်ကုန်မြို့အရှေ့ဘက်စစ်ကိုင်းပြတ်ရွေ့တွင် ငလျင်ပမာဏ ၇ ဒသမ ၅ ရစ်ချက်တာစကေးအထိ အမြင့်ဆုံးလှုပ်ခတ်နိုင်ကြောင်း ၎င်းက ဆိုသည်။ ငလျင်နှင့်ပတ်သက်ပြီး လှုပ်ရှားဆဲ ပြတ်ရွေ့ (active fault) မှာ နိုင်ငံအနှံ့တွင် ရှိနေကာ ပမာဏ ၇ ထက်ပိုသော ငလျင်များလှုပ်နိုင်သည့် ပြတ်ရွေ့မှာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းမြောက်ပိုင်း၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ရှမ်းပြည်နယ် အနောက်ပိုင်းတို့တွင် ရှိနေကြောင်း သိရသည်။ ''အခုချိန်ထိ ငလျင်နဲ့ပတ်သက်လို့ ပညာပေးမှု သက်သက်ပဲလုပ်နိုင်ပါသေးတယ်။ ဟောပြောပွဲ၊ ဆွေးနွေးပွဲတွေကတစ်ဆင့်ပဲ ပြည်သူ လူထုကိုသတိပေးနိုင်ပါတယ်။ ဒါက community base တင် မဟုတ်ဘဲ family base လုပ်ရမယ့်ကိစ္စဖြစ်ပါတယ်။ **စာသင်ကျောင်းတွေမှာပါ သင်ကြားပေးနိုင်ရင် ပိုကောင်းပါမယ်။ ကြိုတင်သတိပေးချက်မရှိဘဲ လာတတ်တဲ့ သဘာဝဘေးမျိုးဖြစ်တာကြောင့် လှုပ်ခါနီးမဟုတ်ဘဲ ငလျင်မဖြစ်ပေါ်ခင် (ဒီနေ့ ကစပြီး) ကြိုတင်ပြင်ဆင်ကြဖို့လိုပါတယ်**''ဟု ၎င်းက ထပ်မံပြောသည်။

**ရှိန်းဝင်းထိုက်**

# ဇူလိုင်တတိယပတ်မှစ၍ အင်းစိန်ခုံးကျော်တံတားသစ်မှ ယာဉ်များ ဖြတ်သန်းခွင့်ပြုမည်



ယာဉ်အသွားအလာ ပိတ်ဆို့မှုအား ဖြေရှင်းနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားက တည်ဆောက်နေသော အင်းစိန်ခုံးကျော် တံတားသစ်ကိုလာမည့် ဇူလိုင်တတိယ ပတ်မှစ၍ ယာဉ်များ ဖြတ်သန်းခွင့်ပြုမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အင်ဂျင်နီယာ ဌာနမှ ၂၇-၆-၂၀၁၅ ရက်က သိရသည်။ အဆိုပါ **အင်းစိန်မီးရထားခုံးကျော် တံတားသစ်ကို ယခင်အင်းစိန်ခုံးကျော်တံ တားဟောင်းဘေးတွင် ဆောက်လုပ်လျက်ရှိရာ** လက်ရှိတွင် တံတားတည်ဆောက်မှု ၏ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

``အခုတည်ဆောက်မှုက ၉၀ ရာခိုင် နှုန်းပြီးစီးသွားပြီ။ အခု အင်းစိန်ပန်းခြံဘက်က တံတားလက်တက်မှာ အခန်းဖွဲ့ဖို့ လေးခန်းကျန်သေးတယ်။ အဲဒီအခန်းဖွဲ့တာကို ဒီဇွန်လကုန်မှာ အပြီးလုပ်သွား မယ်။ ပြီးရင် တံတားလက်ရန်းတွေ တပ်ဆင်တာတွေနဲ့ ကတ္တရာခင်းတာတွေကို ဇူလိုင်လထဲမှာ အပြီးလုပ်ဆောင်မယ်။ **တတိယပတ်ဆိုရင်တော့ ယာဉ်ဖြတ်သန်းခွင့်ပြုမယ်။** ဖွင့်ပွဲကတော့ အစိုးရပိုင်းက လုပ်မှာ။ ကျွန်တော်တို့က တံတားရဲ့ လှုပ်ခတ်မှုအရှိန်ကိုစမ်းမယ့်အတွက် ယာဉ်ဖြတ်သန်းမှုကို အရင်ဆုံးခွင့်ပြုတာပါ''ဟု မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ အင်ဂျင်နီယာမှူး (တံတား) ဦးမျိုးဇော်ထူးက ပြောသည်။ အင်းစိန်ခုံးကျော်တံတားသစ်တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ခဲ့ကာ ၂၀၁၅ ခုနှစ် မတ်လအတွင်း တည်ဆောက်မှု ပြီးစီးရန် လျာထားခဲ့ကြောင်း၊ သို့သော် အကြောင်း အမျိုးမျိုးကြောင့် ၂၀၁၅ ခုနှစ် ဇူလိုင်လမှသာ ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ ယင်းတံတားအသစ်မှာ **ပင်မတံတားနှစ်လမ်းသွား အကျယ် ၂၈ ပေဖြင့် အလျား ၁၅၅၇ ပေ တည်ဆောက်ခြင်းဖြစ်ကြောင်း၊** အင်းစိန်ဈေးဘက်မှ စော်ဘွားကြီးကုန်းဘက် လမ်းသစ်လမ်းပေါ်သို့ လမ်းလေးခွဆုံအား ဖြတ်ကျော်၍တည်ဆောက်ထားလျက် ခွဲထွက်သည့် လက်တက်တံတားတစ်လမ်းသွားမှာ အကျယ် ၁၆ ပေဖြင့် အလျား ၆၀၃ ပေ တည်ဆောက်ထားကြောင်း၊ အင်းစိန်ဈေးဘက်မှ အင်းစိန်ဘောလုံးကွင်းဘက် ဗဟိုလမ်းမပေါ်သို့ ဖြတ်ကျော်တည်ဆောက် ထား၍ တံတားတစ်ခုလုံး၏ စုစုပေါင်း အရှည်မှာ ၂၁၆၀ ပေဖြစ်ကြောင်း သိရသည်။ **လဝန်း -သတင်း/ဓာတ်ပုံ**







# မန္တလေးတိုင်းဒေသကြီးအတွင်း လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းမိ



ဖမ်းဆီးရမိသော လက်နက်များကို တွေ့ရစဉ်

မန္တလေးတိုင်းဒေသကြီး၊ **ချမ်းအေးသာစံမြို့နယ် ၈၂လမ်း ၂၉×၃၀ ကြားရှိ အောင်စတိုးတွင် ဇွန်လ ၂၇ ရက်က လက်နက်များနှင့်ကျည်အချို့ကို တွေ့ရှိဖမ်းဆီးရမိခဲ့ခြင်း မှာမှန်ကန်ကြောင်း** မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကအတည်ပြု ပြောကြားသည်။

``ဖြစ်စဉ်မှန်ပါတယ်။ သူတို့စီးလာတဲ့ ကားကို ရတနာသိခ်တံတားပေါ်မှာစစ်ဆေးတဲ့အခါ လက်နက်နဲ့ မူးယစ်ဆေးတစ်ချို့ကိုတွေ့တယ်။ နောက်သူတို့ကို စစ်ဆေးပြီးသူတို့နေတဲ့ ချမ်းအေးသာစံမြို့နယ်နေအိမ်မှာထပ်ရှာ တဲ့အခါလက်နက်နဲ့ ဆက်စပ်ပစ္စည်းတွေထပ်တွေ့ပါတယ်။ အခုစစ်ဆေးနေဆဲပါ (ပ)၂၆၁/၂၀၁၅ နဲ့အမှုဖွင့်ထားပါတယ်``ဟု ၎င်းက ပြောသည်။

မန္တလေးတိုင်း ဒေသကြီး **စဉ့်ကူးမြို့နယ်မှ ရွှေဘိုဘက်သို့ မောင်းနှင်လာသော တိုယိုတာ လင်ခရူဇာ ကားနံပါတ် YGN-7I ... အဖြူရောင်ကားကို ရဲတပ်ဖွဲ့များက စစ်ဆေးရာမှ အဆိုပါ ကားနောက်ဖုံးအတွင်း ပီနံအိတ်အဖြူနဲ့ပတ်ထားသည့် ပွိုင့် ၃၀၃ ရိုင်ဖယ်တစ်လက်၊ ပွိုင့် ၃၀၈ စနိုက်ပါတစ်လက်၊ ယာဉ်မောင်းအနောက်ဘက်ယာဉ်ကြမ်းခင်းအောက်တွင် ပွိုင့် ၂၂ ပြောင်းရှည် တစ်လက်၊ နှစ်လုံးပြူး တစ်လက်၊ ပွိုင့် ၃၀၆ စနိုက်ပါ တစ်လက်တို့**အပြင် ကျည်မျိုးစုံ ၂၅၂ တောင့်တို့နှင့်အတူ စိတ်ကြွရူးသွပ်ဆေးပြားအချို့လည်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်ဆို၏။

ထို့ကြောင့် အဆိုပါကားပေါ်ပါ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာဇံမြို့နယ် ၈၂ လမ်း၊ ၂၉-၃၀ လမ်းကြားနေ အသက် ၃၈ နှစ် ကိုအောင်ကျော်မိုးနှင့် ကိုအောင်ဇော်မိုးတို့ အမြွှာညီအစ်ကိုအားသက်ဆိုင်ရာကဖမ်းဆီးစစ်ဆေးခဲ့ရာမှ ဆက်လက်ပြီးၶင်းတို့နေထိုင်ရာ အောင်စတိုးနေအိမ်သို့ သွားရောက်ရှာဖွေရာတွင် **လက်နက်ထုတ်လုပ်ရာမှာ အသုံးပြုသော ဆက်စပ်ပစ္စည်းတချို့ကိုလည်းသိမ်းဆည်းရမိခဲ့သည်**ဟု ဆိုသည်။

``လောလောဆယ်စစ်ဆေးချက်အရသူတို့က အမဲလိုက်တဲ့နေရာမှာသုံးတဲ့ပစ္စည်းတွေလို့ပြောထားတာရှိတယ်။ သို့သော်လည်း ဆက်လက်စစ်ဆေးဆဲပါပဲ **ဥပဒေအရအရေးယူဆောင်ရွက်နေ တဲ့အတွက် သတင်းအမှားတွေမဖြစ်ဖို့နဲ့မလိုလားတဲ့ ပြဿနာတွေမဖြစ်ရအောင် စစ်ဆေးအတည်ပြုပြီးရင်လည်း တရားဝင်သတင်းထုတ်ပြန်ပေးမှာပါ``**ဟုအမှတ် ၈ ရဲစခန်းမှ ရဲအရာရှိတစ်ဦးကပြောသည်။

မြတ်သူအောင်




jynfrefmowif*sme , f
ဖုန်း - ၃၇၅၂၉၃၊ ၃၉၂၇၃၉

# ကမ္ဘောဇဘဏ်အကြွေးဝယ်ကတ်ကို အနည်းဆုံးတစ်လ ကျပ်သုံးသိန်းဝင်ငွေရှိမှသာ အသုံးပြုနိုင်မည်

ပြည်တွင်း၌ ပထမဆုံးထုတ်လိုက်သည့် ကမ္ဘောဇဘဏ်ခရက်ဒစ်ကတ် (အကြွေးဝယ်ကတ်) ကိုတစ်လအနည်းဆုံး ငွေကျပ်သုံးသိန်းဝင်ငွေရှိမှသာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း အဆိုပါဘဏ်မှ တာဝန်ရှိသူ တစ်ဦးက ၂၆-၆-၂၀၁၅ ရက်တွင် ပြောသည်။

``ကတ်အမျိုးအစား ငါး မျိုးရှိပါတယ်။ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ စည်းမျဉ်းဥပဒေတွေအတိုင်း credit card တွေ ထုတ်ပေးနေပါတယ်။ ပထမဆုံး ပြန်လည်ထုတ်ဝေတာဖြစ်တဲ့အတွက် internal customer ကို ဦးတည်ပါတယ်။ **internal customer ဆိုတာ KBZ saving account ရှိတဲ့လူတွေ၊ KBZ Loan customer တွေကို အရင်ဆုံး ထုတ်ပေးနေပါတယ်။** အဓိကတော့ သုံးစွဲသူကို အသိပေးသွားဖို့အတွက်ပါ။ **အနည်းဆုံးက classic ကတ်ဖြစ်တယ်။ အများဆုံးကတော့ Platinum ကတ်ဖြစ်ပါတယ်။ Platinum မှာတော့ ငွေကျပ်သိန်း ၅၀ အထိသုံးနိုင်တယ်။** ဒါကလည်း ကတ်သုံးစွဲတဲ့လူရဲ့ ဝင်ငွေက အဲဒီလောက်ရမှဖြစ်မှာပါ။ **classic ကတော့ ငွေကျပ်သုံးသိန်းအထိ သုံးနိုင်မယ်။ ဝင်ငွေက သုံးသိန်းရမှ ဖြစ်ပါတယ်။** ခရက်ဒစ်ဗျူရိုရှိလာရင်တော့ ဒီထက်ပိုပြီး သာလွန်ကောင်းမွန်တဲ့ ခရက်ဒစ်ကတ်တွေ ထုတ်ဝေသွားဖို့ရှိပါတယ်။ ကတ်ဘယ်လောက်များများ ထုတ်မယ်ဆိုပြီးတော့ သတ်မှတ်မထားပါဘူး။ **ခရက်ဒစ်ကတ်ကတော့ အရင်ဆုံးဝယ် ပြီး မှ ပိုက်ဆံပေးရတာဖြစ်ပါတယ်``** ဟု ယင်းကပြောသည်။

ခရက်ဒစ်ကတ်ကို မြန်မာနိုင်ငံသားမှတ်ပုံတင်ရှိသူများကိုသာ ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ ဒရက်ဒစ်ဗျူရိုထွက်ရှိလာနိုင်ရေးကို ဘဏ်အားလုံးက ဝိုင်းပြီးလုပ်ဆောင်နေကြောင်းသိရသည်။ အဆိုပါ **ကတ်ကို အသုံးပြုပါက အနည်းဆုံး ၁၅ ရက်မှ ၄၅ ရက်အထိ ချေးငွေကို ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ အသုံးပြုနိုင်မည်ဖြစ်ပြီး** e-commerce service ကို ခရက်ဒစ်ကတ်အသုံးပြုကာ ဝက်ဘ်ဆိုက်ပေါ်မှ ရောင်းချသော ထုတ်ကုန်ပစ္စည်းများကို လွယ်ကူအဆင်ပြေစွာ ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။ **ငွေပေးသွင်းရမည့် ရက်ကျော်လွန်သော ငွေပမာဏအတွက် တစ်နှစ်လျှင် အတိုး ၁၃ ရာခိုင်နှုန်းဖြင့် တွက်ချက်ကောက်ခံမည်ဖြစ်ကြောင်း** သိရသည်။

ကမ္ဘောဇဘဏ် အကြွေးဝယ်ကတ်ကို စီးပွားရေးလုပ်ငန်းရှင်များ၊ အစိုးရအရာရှိ နှင့် ဝန်ထမ်းများ၊ professional များ၊ ပုံမှန်ဝင်ငွေရှိသူများ၊ ဝင်ငွေများသည့် ကုမ္ပဏီဝန်ထမ်းများ၊ လက်ရှိဘဏ်၏ ချေးငွေ customer များနှင့် ပုံမှန်အပ်ငွေများသည့် customer များ၊ ကမ္ဘောဇဘဏ်၏ Payroll ဝန်ဆောင်မှုများ အသုံးပြုသူများကို ဦးစားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ကတ်စတင်လျှောက်ထားသည့်လတွင် **ကတ်ဖိုးနှင့် နှစ်စဉ်ကြေးကို** ချေးယူထားသော limit အတွင်းမှ နှိမ်မည်ဖြစ်ကြောင်း သိရသည်။

ပြည့်ရည်ဖူး

# ကုန်ကျစရိတ်အမြင့်ဆုံး မြို့ကြီးများစာရင်းတွင် ရန်ကုန်က အဆင့် ၂၈ အထိ ခုန်တက်လာပြီး ကမ္ဘာကျော်မြို့ကြီးအချို့၏ အထက်တွင်ရှိနေ

ကမ္ဘာတစ်လွှားရှိ မြို့ကြီး ၂၀၇ မြို့၌ **လာရောက်နေထိုင်သူများအတွက် ကုန်ကျစရိတ် အကြီးမြင့်ဆုံးသော မြို့တော်များစာရင်းကောက်ယူမှုတွင် ရန်ကုန်မြို့မှာ ယခင် အဆင့် ၆၆ မှ ယခုနှစ်တွင်အဆင့် ၂၈သို့ လျှင်မြန်စွာခုန်တက်သွားခဲ့ကြောင်း သိရပြီး ကမ္ဘာပေါ်တွင် နေထိုင်မှုစရိတ်ကြီးမြင့်မှု၌ ဆစ်ဒနီ၊ အဘူဒါဘီ၊ အိုဆာကာ၊ ဆန်ဖရန်စစ္စကို၊ ပါရီ၊ ရောမ၊ တိုင်ပေ၊ အော့စလိုနှင့် ဝါရှင်တန်ဒီစီမြို့များထက်ပို၍ ကြီးမြင့်လာခဲ့ကြောင်း** သိရသည်။

ယင်းစာရင်းကို ကမ္ဘာကျော်စစ်တမ်းပြုစုရေးအဖွဲ့ Mercer Glob l က နှစ်စဉ်ကောက်ယူခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ရန်ကုန်မြို့မှာ ယမန်နှစ်ထက် အဆင့်ပေါင်း ၃၈ ဆင့်အထိခုန်တက်သွားခဲ့ခြင်း ဖြစ်ကြောင်းလည်း သိရသည်။ ယင်းကို Mercer Glob l က ဇွန်လ ၁၇ ရက်က ထုတ်ပြန်ခဲ့ပြီးနောက် ဇွန်လ ၂၅ ရက်တွင် Gulf Times က ရေးသားဖော်ပြလာခြင်းလည်းဖြစ်သည်။ ရန်ကုန်မြို့လယ်မှ အကျယ် စတုရန်းမီတာ ၈၀ (၂၆၄ စတုရန်းပေ)ခန့်ရှိသည့် တိုက်ခန်းတခုကို ငှားရမ်းခတစ်လလျှင် ဒေါ်လာ ၄၀၀၀ခန့်ပေါက်ဈေးရှိနေပြီး Broadb nd အင်တာနက်လစဉ်ကြေးက တစ်လလျှင် ဒေါ်လာ ၂၀၀ အထိဖြစ်လာခဲ့ကာ ယင်းမှာ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသောနိုင်ငံခြားသားများအတွက် ရင်လေးစရာသတိပြုစရာ ကုန်ကျစရိတ်ကြီးဖြစ်လာနေကြောင်းလည်း သိရသည်။ ယင်းအပြင် Volks-wagen Golf 2.0 TDI ကားသစ် တစ်စီး၏ တန်ဘိုးက ဒေါ်လာ ၇၅၀၀၀ အထိပေးနေရပြီး ဘန်ကောက်မြို့၌ ဝယ်မည်ဆိုပါကယင်းပမာဏ၏ သုံးပုံတစ်ပုံသာရှိကြောင်း၊ **အာဆီယံဒေသတွင် ရန်ကုန်မြို့က စင်ကာပူ၏နောက် ဒုတိယ ကုန်ကျစရိတ် အများဆုံး မြို့ဖြစ်နေပြီး ဘန်ကောက်မြို့၏ အထက်တွင်ရှိနေကြောင်း**လည်း စစ်တမ်းကဆိုသည်။

စစ်တမ်း၌ ဖော်ပြထားချက် အရ **ကမ္ဘာပေါ်တွင် ကုန်ကျစရိတ်အကြီးမြင့်ဆုံးမှာ အင်ဂိုလာနိုင်ငံ၏ မြို့တော် Luanda မြို့ဖြစ်ပြီး ယင်းနောက်တွင် ဟောင်ကောင်၊ ဇူးရစ်၊ စင်ကာပူ၊ ဂျီနီဗာ၊ ရှန်ဟိုင်း၊ ပေကျင်း၊ ဆိုးလ်မြို့တို့ဖြစ်ကြောင်း**သိရကာ အရှေ့တောင်အာရှနိုင်ငံများ၌ စင်ကာပူက (၄)၊ မြန်မာ (၂၈)၊ ဘန်ကောက်(၄၅)၊ မနီလာ(၇၅)၊ ဘရူနိုင်း (၇၉)၊ ဟန္နိုင်း (၈၆ ) ဟိုချီမင်း (၉၀)၊ ဂျာကာတာ (၉၉)၊ ကွာလာလမ်ပူ (၁၁၃) နှင့်ဖနွမ်းပင်(၁၄၂)တို့ဖြစ်ကြောင်း သိရသည်။

အေဝိုင်အီး

# ပုဂံဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အချက် ၁၆ ချက်ဖြင့် စတင်ဆောင်ရွက်မည်

ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်မည့် ပုဂံဒေသဆိုင်ရာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အချက် ၁၆ ချက်ဖြင့် ကနဦးစတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ၂၇-၆-၂၀၁၅ရက်တွင် သိရသည်။

အဆိုပါစီမံကိန်း ၁၆ချက်တွင် ပုဂံဒေသ၏အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ခြင်းတို့ကို အဓိကဆောင်ရွက်မည်ဖြစ်ရာ စီမံကိန်းတွင် လူမှုအဖွဲ့အစည်းအခြေခံခရီးသွားလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ ခရီးသွားပြပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ပုဂံဒေသရှေးဟောင်းအမွေအနှစ်ဒေသတွင် ခရီးလှည့်လည်ရေးဆိုင်ရာ ပို့ဆောင်ရေးစီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်သွားမည်ဖြစ်သည့်အပြင် ရှေးဟောင်းအထိမ်းအမှတ်ရုံတွင် မြေရာ အခင်းအကျင်းများ ပြင်ဆင်ခြင်း၊ ခရီးလှည့် လည်ရေးလမ်းကြောင်းများကို လက်ရှိထက်ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်သည်ဟု သိရသည်။ **ယခုအခါပုဂံရှေးဟောင်းမြို့ နှင့် အဆောက်အအုံများကို နိုင်ငံခြားသားခရီးသွားများစွာလာရောက်လည်ပတ်မှုများရှိနေရာ တစ်နှစ်လျှင်လူဦးရေ နှစ်သိန်းကျော်ထိ လာရောက်မှုရှိကြောင်း** သိရသည်။

လက်ရှိတွင် ပုဂံဒေသကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက **Green City ပုံစံဆောင်ရွက်ရန်အကောင်အထည်ဖော်နေသည့်အပြင်** ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနကလည်း ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှု**နယ်မြေအတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိစေရန် လူလိုက်ပါသော မီးပုံးပျံများပျံသန်းမှုကို အလေးထားဆောင်ရွက်ရန် ညွှန်ကြားထားကြောင်း** သိရသည်။

ရှိန်းဝင်းထိုက်



# သစ်ပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ စိုက်ပျိုးရန် တပ်ချုပ် တိုက်တွန်း



သစ်ပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်အဖြစ် ဖြစ်ထွန်းအောင် စိုက်ပျိုးကြရမည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားလိုက်သည်။

ယင်းမှာဇွန်လ ၂၈ ရက်က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ပြောကြားခဲ့ခြင်းဖြစ်ပြီး တပ်မတော်တစ်ရပ်လုံးက ဇွန်လ ၂၈ ရက်တွင် စိုက်ပျိုးသည့်စိုက်ပျိုးပင်ပေါင်းမှာ ၃၉၇၂၇၀ ပင် ဖြစ်ကြောင်းလည်း သိရသည်။ ၂၀၀၈ နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံအတွက်ကြီးမားသော သင်ခန်းစာဖြစ်ခဲ့ပြီးအသက်များစွာ ဆုံးရှုံးရသလို စိတ်ဓာတ်ရေးရာအရလည်း များစွာဆုံးရှုံးရကြောင်း၊ ဖြစ်ရသည့် အကြောင်းအရင်းတစ်ရပ်တွင် **မြစ်ဝကျွန်းပေါ်ဒေသ၌ လမုတောများအပါအဝင် သစ်ပင်များ နည်းပါးသွားပြီး ရာသီဥတုပူပြင်းလာ၍ဖြစ်ကြောင်း** တပ်ချုပ်ကပြောကြားခဲ့ပြီး ယင်းကို ကျော်လွှားရန်မှာ လူပေါ်တွင် မူတည်ကြောင်း ဆိုသည်။ တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်၍ **လေးနှစ်တာ ကာလအတွင်း** အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် တပ်မတော်တစ်ရပ်လုံးတွင် **သစ်ပင် ငါးသန်းကျော် စိုက်ပျိုးခဲ့ကြောင်း** သိရကာ ယခုကျင်းပသည့် ၂၀၁၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ကျင်းပခြင်းဟု သိရသည်။ **မြန်မာနိုင်ငံအလယ်ပိုင်းတွင် သစ်တောများ နည်းပါးနေကြောင်း၊ ယင်းဒေသများ၏ ရာသီဥတုမှာလည်း အပူချိန် ၄၀ ဒီဂရီအထက် ရှိနေသည်ကို တွေ့ရကြောင်း၊ မကြာသေးမီက အိန္ဒိယနှင့် ပါကစ္စတန်တို့တွင် လူထောင်ချီသေဆုံးရသော အပူလှိုင်းဖြတ်သန်းမှုများရှိခဲ့သည်ကိုလည်း သတိပြုရန်လိုကြောင်း၊ ယင်းအတွက်ကြောင့် သစ်ပင်စိုက်ပျိုးခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်ရန်တိုက်တွန်းကြောင်း** တပ်ချုပ်က ဆိုသည်။ အပင်စတင် စိုက်ပျိုးရာတွင်စနစ်တကျ စိုက်ပျိုးရန် လိုသကဲ့သို့ စိုက်ပျိုးပြီးအပင်များ ရှင်သန်အောင်လည်း ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် ကြီးပြင်းလာသည့်အခါ အန္တရာယ်မဖြစ်စေရန် အရှည်ကို မျှော်တွေးပြီး စိုက်ပျိုးရန်လည်းလိုအပ်ကြောင်း ၄င်းက ဆိုသည်။ **တပ်မတော်က စိုက်ပျိုးခဲ့သည့် အပင်များမှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ရေမနေ၊ ယင်းမာ၊ မဟော်ဂနီ၊ သစ်ဆိမ့် စသည်တို့ ပါဝင်နေကြောင်းလည်း** သိရသည်။

အေးဝိုင်အီး

# Mobile Radio ကို မကြာမီ တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် တိုးချဲ့ ထုတ်လွှင့်မည်

တိုင်းရင်းသားဘာသာ Mobile Radio အစီအစဉ်ကို ဇူလိုင်လတွင် တိုင်းရင်းသားဘာသာ ၁၁ မျိုးဖြင့် တိုးချဲ့ထုတ်လွှင့်မည်ဖြစ်ကြောင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သတင်းထုတ်ပြန်ချက်အရ ၂၉-၆-၂၀၁၅ ရက် တွင် သိရသည်။

နိုင်ငံတစ်ဝန်းရှိ ဒေသအသီးသီးတွင် နေထိုင်ကြသည့် တိုင်းရင်း သားပြည်သူများ၏ Public access to information ကို ပိုမိုကျယ်ပြန့်စွာရရှိ နိုင်စေရန်အတွက် Mob le Radio သတင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာ စကားများဖြင့်ပါ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ **တိုင်းရင်းသားဘာသာ ၁၁ မျိုးတွင် ကချင်ဘာသာ၊ ကယားဘာသာ၊ စကော ကရင်ဘာသာ၊ အနောက်ပိုးကရင်ဘာသာ၊ အရှေ့ပိုးကရင်ဘာသာ၊ ချင်း (လိုင်ဇိုး)ဘာသာ၊ ချင်း (ချိုး)ဘာသာ၊ မွန်ဘာသာ၊ ရခိုင်ဘာသာ၊ ရှမ်းဘာသာ၊ "ဝ" ဘာသာ စသည်တို့** ပါဝင်မည်ဖြစ်ပြီး ယင်းဘာသာ ၁၁ မျိုးဖြင့် စက္ကန့် ၉၀ စာသတင်းများကို ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင်စတင်ကာ နေ့စဉ် တစ်နေ့သုံးကြိမ်စီ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ တိုင်းရင်းသားဘာသာ Mobile Radio သတင်းအစီအစဉ်များတွင် နောက်ဆုံးရ ပြည်တွင်း သတင်းများ၊ ဒေသဆိုင်ရာသတင်းများ၊ နိုင်ငံတကာသတင်းများ၊ အားကစားသတင်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ စိတ်ဝင်စားဖွယ်သတင်းများကို နားဆင်ကြရမည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား သတင်းများကို **Mobile Phone များတွင် အလွယ်တကူ နားဆင်နိုင်ရန်အတွက် Mobile Radio အစီအစဉ်ကို** ၁၅-၅-၂၀၁၅ မှ စတင်ကာ နေ့စဉ် နံနက် ၈ နာရီ၊ မွန်းလွဲ ၁ နာရီ၊ ည ၇ နာရီတို့တွင် တစ်နေ့ သုံးကြိမ်စီပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Blue Ocean Operating Management Company Limited တို့ ပူးပေါင်း၍ ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။

ပြည့်ရည်ဖူး

# စင်ကာပူတွင် လူသတ်မှုဖြင့် စွပ်စွဲခံရသည့် မြန်မာနှစ်ဦးအား အခင်းဖြစ်ပွားရာနေရာ၌ ပြန်လည်စစ်ဆေး

လူသတ်မှုဖြင့်စွပ်စွဲခံရသော စင်ကာပူနိုင်ငံတွင်နေထိုင်သည့် မြန်မာနှစ်ဦးကို ဇွန်လ ၂၉ ရက် တနင်္လာနေ့တွင် အခင်းဖြစ်ပွားရာနေရာသို့ခေါ်ဆောင်၍ သရုပ်ပြစစ်ဆေးခြင်းပြုလုပ်ခဲ့ကြောင်း CAN သတင်းဖော်ပြချက်အရ သိရသည်။

မြန်မာနိုင်ငံသား ဖြိုးမင်းနိုင်နှင့် စင်ကာပူတွင် PR ဖြင့်နေထိုင်သူ ဇော်မင်းလှိုင်တို့နှစ်ဦးကို ထိုနေ့ နံနက်တွင်အခင်းဖြစ်ပွားရာ အမှတ် 747A Pasir Ris လမ်းရှိ Pasir Ris အထပ်မြင့် ကားပါကင်နေရာသို့ခေါ်ဆောင်၍ သရုပ်ပြစစ်ဆေးကြောင်း စင်ကာပူရဲတပ်ဖွဲ့က ပြောသည်။ ဇွန်လ ၂၀ ရက်က အသတ်ခံရသူ အေးမောင်မောင်သက် အမှုနှင့်ပတ်သက်ပြီး ၎င်းတို့နှစ်ဦးကို အခင်းဖြစ်ပွားသည့် နေရာ၌ ပြန်လည်စစ်ဆေးခြင်းဖြစ်ကြောင်း၊ အဆိုပါအမှု၌ ၎င်းတို့နှစ်ဦးအပြင် ရဲဝင့်အောင်နှင့် ဝင်းကျော်ကျော်အောင်(ခ)အောင်အောင်တို့ ပါဝင်ပတ်သက်နေကြောင်း သိရသည်။

ပြီးခဲ့သည့် ဇွန်လ ၂၀ ရက် နံနက် ၉ နာရီခန့်တွင် Pasir Ris **အထပ်မြင့် ကားပါကင်၌ အေးမောင်မောင်သက်အား ပြန်ပေးဆွဲရန် အောင်အောင်၊ ဇော်မင်းလှိုင်နှင့် ဖြိုးမင်းနိုင်တို့ ကြံစည်ခဲ့ကြောင်း၊ ဇော်မင်းလှိုင်နှင့် ဖြိုးမင်းနိုင်တို့နှစ်ဦးသည် လျှပ်စစ်ကျင်စက်ဖြင့် အေးမောင်မောင်သက်ကို တိုက်ခိုက်ခဲ့ကြောင်း သံသယရှိသဖြင့်** ဇွန် ၂၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်သည်။ ရဲဝင့်အောင်၊ ဇော်မင်းလှိုင်နှင့် ဖြိုးမင်းနိုင်တို့ကို ဇွန်လ ၂၄ ရက်တွင် စင်ကာပူ တရားရုံး၌ ပြန်ပေးဆွဲ၊ လူသတ်မှုဖြင့် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

၎င်းတို့အား ဝင်ရောက်ဖမ်းဆီးရာတွင် **အမှုနှင့် သက်ဆိုင်သည်ဟုယူဆရသော အသားကြိတ်စက်၊ လွှစက်၊ မီးဖိုချောင်သုံးဓား၊ ဂက်စ်မီးဖို၊ ဂက်စ်အိုး၊ လက်နက်ကိရိယာတန်ဆာပလာ၊ ကေဘယ်လ်ကြိုး၊ စဉ်တီးတုံး၊ ရော်ဘာဖိနပ်၊ ပလတ်စတစ်အိတ်၊ လက်ဆွဲသေတ္တာတို့ကို** သိမ်းဆည်းခဲ့ပြီး အမှုနှင့်ပတ်သက်သည်ဟု ယူဆရသည့် ချန်ဂီလေဆိပ်ကားပါကင်တွင် စွန့်ပစ်ထားသော မော်တော်ယာဉ်တစ်စီးကိုလည်းထိန်းသိမ်းခဲ့ကြောင်း စင်ကာပူရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

စင်ကာပူရဲတပ်ဖွဲ့က ထွက်ပြေးလွတ်မြောက်နေသည့် တရားခံပြေးအောင်အောင်ကို လိုက်လံရှာဖွေလျက်ရှိကြောင်း၊ တနင်္လာနေ့ နံနက်ခင်းတွင် စင်ကာပူမှထွက်သွားပြီဟုယူဆရကြောင်း၊ သံသယတရားခံနှင့်ပတ်သက်သော သတင်းအချက်အလက်များကို စင်ကာပူရဲတပ်ဖွဲ့သို့ ဆက်သွယ်အကြောင်းကြားရန် စင်ကာပူရဲတပ်ဖွဲ့က CAN သတင်းကို ပြောကြားထားသည်။

နော်အောင်(မြစ်မခ)

# တာချီလိတ်တွင် ဆိုင်ကယ်ကယ်ရီစီးပြီး လည်ပင်းကို ဓားဖြင့်လှီးကာ ဆိုင်ကယ်လုယူ ထွက်ပြေးသည်ဆိုသူအား ဖမ်းမိ



တာချီလိတ်မြို့အမှတ်(၁) ချစ်ကြည်ရေးတံတားထိပ်ရှိ ရှမ်းဝိုင်းဆိုင်ကယ်ကယ်ရီဂိတ်တွင် ရွှေတာချီ ခရီးသွားလုပ်ငန်းမှ ဆိုင်ကယ်ပြေးဆွဲနေသူ အသက် ၃၆ နှစ်ဝန်းကျင်ရှိ ကိုဘိုဝင်းသည် နံနက်အစောပိုင်းတွင် အဆိုပါဂိတ်၌ အလှည့်နံပါတ်(၁) အနေဖြင့် ခရီးသည်စောင့်ဆိုင်းနေစဉ် အမည်မသိ အမျိုးသားတစ်ဦးရောက်ရှိလာပြီး မိုင်းဖုန်းသို့ လိုက်ပါပို့ဆောင်ပေးရန် ပြောကြားရာမှ လိုက်ပို့သည်။

ထိုသို့လိုက်ပို့ရာမှ တာချီလိတ်-မိုင်းဖုန်းသွားကားလမ်း၊ ဦးထွန်းအောင်တံတားအနီး ဂိတ်နှင့် နှစ်ဖာလုံခန့်အရောက်တွင် **လည်ပင်းကိုဓားဖြင့်လှီး၍ ဆိုင်ကယ်လုယူမှုကိုခံလိုက်ရခြင်းဖြစ်ကြောင်း** ရွှေတာချီ ခရီးသွားလုပ်ငန်းမှ ဆိုင်ကယ်ကယ်ရီ ပြေးဆွဲသူများ၏ ပြောပြချက်အရ ၂၉-၆-၂၀၁၅သိရသည်။

လူသတ်မှုကျူးလွန်သူမှာ ၎င်း၏အင်္ကျီနှင့် ဆိုင်ကယ်တွင်လည်း သွေးများပေကျံလျက်ဖြင့် ဝါးတားဂိတ်သို့ ဖြတ်သွားရာ ဂိတ်တာဝန်ရှိသူများက စောင့်ကြည့်နေခဲ့ပြီးနောက် **၎င်းသည်အင်္ကျီလဲကာပြန်လည်၍ ဂိတ်သို့ဖြတ်လာပြီး လူစုလူဝေးရှိရာနေရာသို့အရောက်တွင်** ရဲတပ်ဖွဲ့အပါအဝင် ရွှေတာချီခရီးသွားလုပ်ငန်းမှ ဆိုင်ကယ်ကယ်ရီအဖွဲ့သားများနှင့် တာဝန်သိပြည်သူများပူးပေါင်းကာ ကား၊ ဆိုင်ကယ်တို့ဖြင့် လိုက်လံဖမ်းဆီးရာမှ နာရီပိုင်းအတွင်းဖမ်းဆီးရမိခဲ့သည်။

ဆိုင်ကယ်ကယ်ရီငှားစီး၍ လူသတ်ကာ ဆိုင်ကယ်လုယူသွားသည်ဆိုသူ အသက် ၂၃ နှစ်ရှိ စိုင်းအိုက်ခမ်းမတ်အား တာချီလိတ် မြို့မရဲစခန်းတွင် (ပ)၁၃၅/၂၀၁၅၊ ပြစ်မှု ပုဒ်မ (၃၀၂)ဖြင့် အမှုဖွင့်အရေးယူထားပြီး အမှုစစ်အဖြစ် တာချီလိတ်မြို့မရဲစခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်မျိုးလွင်က တာဝန်ယူစစ်ဆေးနေကြောင်း သိရသည်။ တာချီလိတ်တွင် **၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ထိုသို့အသတ်ခံရပြီး ဆိုင်ကယ်လုယူမှုကို ခံလိုက်ရသည့် အမှုနှစ်မှုရှိပြီဖြစ်ကြောင်း** တာချီလိတ်မြို့မရဲစခန်းမှသိရသည်။

ကိုမင်း (မြစ်မခ)၊ တာချီလိတ်

# ဩစတြေးလျမှအိမ်ရာများကို နှစ် ၃၀ ချေးငွေဖြင့် ဝယ်ယူနိုင်ခြင်းကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ စိတ်ဝင်စားဝယ်ယူ

ဩစတြေးလျမှ အိမ်ရာများကို ပြည်တွင်း၌ ပထမဆုံးအဖြစ် လာရောက်ရောင်းချခဲ့ရာထိုအိမ်ရာများကို **နှစ် ၃၀ ချေးငွေဖြင့် ဝယ်ယူနိုင်ခြင်းကြောင့်** ပြည်တွင်းလုပ်ငန်းရှင်များ စိတ်ဝင်စားဝယ်ယူခဲ့ကြောင်း GBE Property Investment မှ ၂၉-၆-၂၀၁၅ရက်တွင်သိရသည်။

ထိုအိမ်ရာရောင်းချပွဲကို GBE Property Investment မှစီစဉ်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဩစတြေးလျမှ အိမ်ရာများကို ဝယ်ယူလိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် **ဩစတြေးလျသို့ သွားရောက်ရန်မလိုဘဲ ဝယ်ယူနိုင်ကြောင်း၊ ဝယ်ယူထားသည့် အခန်းများကိုလည်း ပြန်လည်ငှားရမ်းနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း** သိရသည်။ "မြန်မာပြည်က အိမ်ခန်းဝယ်ချင်တဲ့သူတွေအတွက် ဩစတြေးလျအစိုးရက ချေးငွေနဲ့ဝယ်ယူခွင့်ပြုထားတယ်။ **ဝယ်ယူသူက အိမ်ခန်းတန်ဖိုးရဲ့ ၃၀ရာခိုင်နှုန်းကိုပဲလက်ငင်းပေးသွင်းရမှာ ဖြစ်ပြီးကျန်တဲ့ ၇၀ ရာခိုင်နှုန်းကဘဏ်ကချေးပေးတယ်။ ဘဏ်ချေးငွေနဲ့ အတိုးကိုလည်း ပြန်လည်ပေးဆပ်နိုင်ဖို့ကျွန်မတို့က အခန်းကို ပြန်လည်ငှားရမ်းပြီး ဝင်ငွေရှာဖွေပေးပါတယ်။** လာရောက်ရောင်းချတဲ့ နှစ်ရက်အတွင်းမှာငါးဦးနဲ့ စာချုပ် ချုပ်နိုင်ခဲ့တယ်ဆိုတော့ အောင်မြင်တယ်လို့ ပြောလို့ရပါတယ်" ဟု GBE Property Investmentမှ မဇွန်တာရာဘိုက ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌လာရောက်ရောင်းချရာတွင် အိမ်ရာသုံးခုကိုရောင်းချပေးခဲ့ခြင်းဖြစ်ပြီးထိုအိမ် ရာများမှာ မကြာမီဆောက်လုပ်မည့် အိမ်ရာများဖြစ်ပြီး **ဆောက်လုပ်ချိန်နှစ်နှစ်ခွဲခန့် ကြာမြင့်မည်ဖြစ်ကြောင်း၊ အိမ်ခန်းဝယ် ယူမည့်သူများသည် တန်ဖိုး၏ ၁၀ရာခိုင်နှုန်းကို ဦးစွာပေးသွင်းရမည်ဖြစ်ပြီး ဆောက်လုပ်ပြီးစီးချိန်တွင် ၂၀ ရာခိုင်နှုန်းပေးသွင်းရမည်ဖြစ်ကြောင်း၊** ကျန်၇၀ရာခိုင်နှုန်းကို ဘဏ်မှ ပေးသွင်းပေးမည်ဖြစ်ကြောင်း သိရသည်။

နှင်းနုဝေ

# တရုတ်ပိုင်နက်အား အသုံးပြု၍ မြန်မာကိုဆန့်ကျင်မှုများအတွက် မည်သူ့ကိုမျှ လုံးဝခွင့်မပြုထားဟု တပ်ချုပ်အား တရုတ်ကိုယ်စားလှယ်ပြော

တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံကို ဆန့်ကျင်လှုပ်ရှားမှု မည်သူ့ကိုမှ လုံးဝခွင့်မပြုကြောင်း **တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာဌာနမှ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံစဉ်ပြောကြားလိုက်**ကြောင်း သတင်းရရှိသည်။

ဇွန်လ ၂၉ ရက်က နေပြည်တော်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လာရောက်တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်ပြီး မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှ လော်ခီးလာဆွေးနွေးပွဲအကြောင်းကိုလည်း တပ်ချုပ်အားမေးမြန်းခဲ့သည်ဟု သိရသည်။ **တရုတ်နိုင်ငံအနေဖြင့် မြန်မာ့အချုပ်အခြာအာဏာပိုင်နက်ကို လေးစားမှုရှိသည်ဆိုသော အချက်ကို ပြောင်းလဲမည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးပျက်ပြားအောင် ပြုလုပ်ကြံစည်မှုများကိုလည်း ကာကွယ်ရန်လိုအပ်ကြောင်း၊ တရုတ်နိုင်ငံ၏ ပိုင်နက်နယ်မြေကို အသုံးပြုပြီး မည်သူမဆို မြန်မာနိုင်ငံကို ဆန့်ကျင်လှုပ်ရှားမှုကို လုံးဝခွင့်မပြုကြောင်း** တရုတ်ကိုယ်စားလှယ် မစ္စတာ Sun Guok ang ကပြောသည်။ လော်ခီးလာဒေသ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ တိုင်းရင်းသား အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးလိုချင်သည့် စိတ်ရှိကြောင်း သိရှိရသည့်အတွက် ဝမ်းသာကြောင်း၊ အချို့အဖွဲ့အစည်းများအနေဖြင့် ငြိမ်းချမ်းရေးရပြီး နောက်ပိုင်းတွင် ၎င်းတို့ ရရှိထားသည့် နိုင်ငံရေးကိစ္စရပ်များကို ဆက်လက်အကောင်အထည်ဖော်မည့် အခြေအနေများရှိနေသည်ကို တွေ့ရကြောင်း၊ ငြိမ်းချမ်းရေးတွင် အရေးကြီးဆုံးမှာ လက်နက်ကိုင်ပဋိပက္ခများ လုံးဝမရှိရန်လိုကြောင်း၊ **တစ်ယောက်နှင့်တစ်ယောက် လက်နက်ကိုင်ပြီး အပစ်ရပ်စဲ၍ ငြိမ်းချမ်းရေးယူထားရုံနှင့် မပြီးဘဲ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်ရန်အတွက် အခြေခံစိတ်ဓာတ်ရှိရန်လိုကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အချို့၏တောင်းဆိုချက်များတွင် ဖြစ်နိုင်သည့် တောင်းဆိုချက်များသာဖြစ်စေလိုကြောင်း** တပ်ချုပ်က ပြောသည်။ ယင်းအပြင် **မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံသား၊ တရုတ်တိုင်းရင်းသားများစွာရှိသည့်အတွက် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးများကို မထိခိုက်စေသည့် လုပ်ဆောင်မှုမျိုးကိုသာ လုပ်ဆောင်မည်ဖြစ်ကြောင်း** တပ်ချုပ်က တရုတ်ကိုယ်စားလှယ်အား ပြောကြားလိုက်သည်ဟု တပ်မတော်က သတင်းထုတ်ပြန်လာသည်။

**Iris**

# အရေးပေါ်လူနာများအား အသက်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြပွဲ ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်တွင် ပြုလုပ်



မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့မှ ဦးစီး၍ **ရှင်သန်ရေးကူညီမှုအသင်း Yangon Rescue Team မှ ဦးဆောင်ကျင်းပ ဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက်ကယ်ဆယ်ရေး သင်တန်း၊** Emergency Rescue Training Course သင်တန်းဆင်းပွဲ အခမ်းအနားနှင့် မတော်တဆမှုဖြစ်သော အရေးပေါ်လူနာများအား အသက်ကယ်ဆယ်ရေးလက်တွေ့သရုပ်ပြပွဲကို ဇွန်လ ၂၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ်တွင် ကျင်းပခဲ့သည်။

ယာဉ်တိုက်မှု၊ ခိုက်ရန်ဖြစ်ပွားမှုများကဲ့သို့ အရေးပေါ်အခြေအနေတွင် ဆေးရုံသို့ မရောက်မီ အရေးပေါ် ကုသနည်းကို မသိ၍ မသေသင့်ဘဲသေဆုံးမှုများ တွေ့ရှိလာရသည့်အတွက် နိုင်ငံတကာ အဆင့်မီ အရေးပေါ်အသက် ကယ်ဆယ်ရေး သင်တန်းကို ရှင်သန်ရေးနှင့် ကူညီမှုအသင်းမှ ငါးရက်ကြာ သင်တန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရှင်သန်ရေးနှင့် ကူညီမှုအသင်းနှင့် အတူ ဓမ္မပါလအဖွဲ့၊ ပြမ္မာစိုရ် (အဖျောက်)၊ ကြယ်စင်မေတ္တာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သွေးမေတ္တာ၊ အဖြူရောင်သုခအလင်းမှ လူငယ်များပေါင်းစည်း၍ သရုပ်ဖော်ခဲ့ခြင်းဖြစ်ပြီး** ယင်းအဖွဲ့မှ ရန်ကုန်မြို့တွင် လူငယ်အယောက် ၁၀၀ ကျော်ကို သင်တန်းပေးပြီးဖြစ်ကာ **ရန်ကုန်၊ မော်လမြိုင်၊ ကျိုက်မရော၊ တွံ့တေး၊ ပွဲ့န်တန်ဆာမြို့များတွင် သင်တန်းပို့ချပေးခဲ့ပြီး ဇူလိုင် ၂ ရက်တွင် ပြည်မြို့၌** သင်တန်းဆက်လက်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ အသင်းက တိုက်ပြိုမှု၊ ကားတိုက်မှု၊ ခိုက်ရန် ဖြစ်ပွားမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူများကို အသက်ရှင်ရေးအတွက် အကူအညီပေးမည်ဖြစ်ပြီး အသင်းအဖွဲ့ကို အချိန်မရွေး ဆက်သွယ်နိုင်သည်ဟု သိရသည်။ ရန်ကုန်မြို့တွင် မတော်တဆမှုများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ မှာလိုအပ်ချက်များရှိနေပြီး ရန်ကုန်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မတော်တဆထိခိုက်ဒဏ်ရာရရှိသူများနှင့် လူနာများအတွက် နိုင်ငံတကာအဆင့်မီ အရေးပေါ်အသက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်သန်ရေး ကူညီမှုအသင်းမှ ကိုမြင့်ဇော်က ပြည်မြန်မာသို့ပြောသည်။

**ရှင်သန်ရေး ကူညီမှုအသင်းကို မြဝတီ၊ မန္တလေး၊ ပခုက္ကူ၊ ကျိုက်မရော၊ မော်လမြိုင်၊ ဘားအံ၊ ဒလ၊ တွံ့တေးနှင့် ရန်ကုန်မြို့များတွင် ဖွဲ့စည်းထားကြောင်း**လည်း သိရသည်။

**မျိုးကျော်စိုး**

# လူသေဆုံးသည်အထိဖြစ်ခဲ့သော ရေဘေးသင့်ရခိုင်ပြည်နယ်တွင် ရေပြန်လည်ကျဆင်းနေပြီဖြစ်ပြီး ပြည်နယ်ဝန်ကြီးများ ကျေးရွာများအထိဆင်းကာ ကယ်ဆယ်ရေးဆောင်ရွက်နေဟုဆို



**ရက်သတ္တပတ်ကြာ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုဒဏ်ခံစားခဲ့ရသော ရခိုင်ပြည်နယ်တွင်** ဇွန်လ ၂၉ ရက်နေ့မှစတင်ကာ ရေပြန်ကျနေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဇွန်လ ၂၉ ရက်တွင်ပြောသည်။

**“သံတွဲကအခြေအနေအဆိုးဆုံးပဲ နောက် မြောက်ဦးမြို့နဲ့ မင်းပြားမှာတော့ ရေပြန်ကျသွားပြီ အန္တရာယ်မရှိတော့ဘူး။ လောလောဆယ် အမ်းနဲ့ သံတွဲကအရေးကြီးတယ်။** အဲ့ဒီဘက်ကို ပြည်နယ်ဝန်ကြီးတွေ ဒီကနေ့မနက်ပဲသွားကြပြီ။ တခြားလူမှုကယ်ဆယ်ရေးအဖွဲ့တွေလည်း ရောက်နေပြီ”ဟု၎င်းကပြောသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း စံချိန်တင်မိုးရွာသွန်းမှုများဖြစ်ခဲ့ပြီးနောက် **ရခိုင်၊ ကရင်၊ မွန်ပြည်နယ်နှင့် ဧရာဝတီ၊ ပဲခူး၊ တနင်္သာရီတိုင်းဒေသကြီးတို့တွင် လူပေါင်းထောင်ချီ၍ ရေဘေးသင့်ခဲ့ပြီး ရခိုင်ပြည်နယ်တွင် ရေဘေးအန္တရာယ်အဆိုးရွားဆုံး ကြုံတွေ့ခဲ့ရကာ လူသေဆုံးမှုများရှိခဲ့**သည်ဆို၏။

**“အနည်းဆုံးလူလေးထောင်လောက်ရေဘေးသင့်ခဲ့တယ်”**ဟု၎င်းကပြောသည်။ရေကြီးမှုကြောင့် **တောင်ကုတ်မြို့ပေါ်တွင် ရေစီးနှင့်မျောပါကာ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားသုံးဦး သေဆုံးခဲ့ကြောင်း**သိရပြီး ရေပြန်ကျခဲ့သော်လည်း နုန်းများတင်နေသည့်အတွက် သောက်သုံးရေအတွက် အခက်အခဲကြုံရှိနေကြောင်း ဒေသခံအချို့ပြောသည်။

‘‘လောလောဆယ်တင်နေတဲ့နုန်းတွေကိုမီးသတ်တွေရဲတွေက လာရှင်းပေးနေတယ်။ ရေကြီးလို့ပျက်သွားတဲ့ကားလမ်းတွေလည်း သူတို့ပြန်လုပ်နေတယ်။ ချက်ချင်းတော့မပြီးလောက်ဘူး’’ဟု တောင်ကုတ်ဒေသခံတစ်ဦးက ပြောသည်။ **ရေလွှမ်းမိုးမှုများကြောင့်ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည်လည်းသမ္မတနှင့်အတူ လိုက်ပါမည့်ပြည်ပခရီးစဉ်ကိုဖျက်သိမ်းခဲ့ကြောင်း** ပြည်နယ်အစိုးရအဖွဲ့က ပြောသည်။

ရေကြီးမှုကြောင့်သေဆုံးပျောက်ဆုံးစာရင်းများကို လတ်တလောစိစစ်ဆဲဖြစ်သည့်အတွက် အတိအကျမပြောနိုင်သေးကြောင်း ပြည်နယ်အစိုးရအဖွဲ့က ဆိုသည်။

**ဘူးသီးတောင်မြို့ပေါ်တွင်** စုရပ်ကယ်ဆယ်ရေးစခန်း သုံးခုကို သုဓမ္မာဘုန်းတော်ကြီးကျောင်း၊ အထက(ခွဲ)-၁ နှင့် အေးစေတီဘုန်းတော်ကြီးကျောင်းတို့တွင် ဖွင့်လှစ်ထားပြီး အဆိုပါကယ်ဆယ်ရေးစခန်း သုံးခုတွင် ရေဘေးသင့်ပြည်သူစုစုပေါင်း ၃၆၀ ဦးခန့်ရှိကြောင်း နယ်မြေခံကြက်ခြေနီအဖွဲ့မှ သိရသည်။

‘‘ရေတက်လာတုန်းက မြို့နယ်ဆေးရုံလည်း ရေတွေတက်လာတာကြောင့် ဆေးရုံမှာရှိတဲ့လူနာ ၁၅ ဦးခန့်ကို အထက(ခွဲ) ၁ ကယ်ဆယ်ရေးစခန်းကို ရွှေ့ပြောင်းလာရပါတယ်။ အခုအချိန်ကတော့ရေကျသလောက်တော့ရှိပါပြီ။ ကျွန်တော်တို့မြို့နယ်ကြက်ခြေနီအသင်းအနေနှင့် ရေဘေးသင့်ပြည်သူတွေအတွက် စုစုပေါင်းကြက်ခြေနီစေတနာလုပ်အားရှင် ၁၈ ဦးပါတဲ့ ယာယီကြက်ခြေနီစခန်းဖွင့်လှစ်ထားခဲ့ပါတယ်’’ဟုကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူးဦးကျော်မြင့်လွင်က ပြောကြားသည်။ အဆိုပါရက်ပိုင်းအတွင်း **သံတွဲမြို့နယ်၊ ဒါဝရွာတွင် လေဆင်နှာမောင်းတိုက်ခတ်၍** အနည်းဆုံး အိမ် ၃၆ လုံး ပျက်စီးသွားပြီး လူပေါင်း ၃၀၀ ခန့် ဘေးလွတ်ရာတွင်ခိုလှုံခဲ့ရကြောင်း သံတွဲဒေသခံများက ပြောသည်။ ရခိုင်ပြည်နယ်အပါအဝင်ပြည်နယ်တိုင်း ၆ ခုမှာ ရေကြီးရေလျှံမှုများဖြစ်ပွားနေခြင်းကြောင့် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်ထားသည်။

**မြတ်သူအောင် (သတင်း၊ ဓာတ်ပုံ)**

# အနည်းဆုံးအခကြေးငွေ တစ်နိုင်ငံလုံးတပြေးညီ ကျပ် ၃၆၀၀ အဖြစ် အဆိုပြုသတ်မှတ်ကြောင်း ကြေညာ

မြန်မာနိုင်ငံရှိ အလုပ်သမားများ**အတွက် အနည်းဆုံးအခကြေးငွေ နှုန်းထားကို တစ်နိုင်ငံလုံးတပြေးညီ တစ်နေ့အလုပ်ချိန် ၈ နာရီလျှင် ကျပ် ၃၆၀၀ အဖြစ် အဆိုပြုသတ်မှတ်ကြောင်း** အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၉-၆-၂၀၁၅ ရက်တွင် ထုတ်ပြန်သော ကြေညာချက်အရ သိရသည်။

အဆိုပါ ကြေညာမှုတွင် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် **နေရာဒေသ လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတပြေးညီသတ်မှတ်သည့် အဆိုပြုနှုန်းထားဖြစ်ကြောင်း၊ တစ်နာရီလျှင် ကျပ် ၄၅၀ နှုန်းဖြင့် တစ်နေ့အလုပ်ချိန် ၈ နာရီ တစ်ရက်လျှင် ကျပ် ၃၆၀၀ သတ်မှတ်ကြောင်း၊ ယင်းသတ်မှတ်ချက်တွင် အလုပ်သမား ၁၅ ဦးနှင့် အောက်ရှိသည့် လုပ်ငန်းများ မိသားစု တပိုင်တနိုင်လုပ်ငန်းများအတွက် သက်ဆိုင်မှုမရှိကြောင်း** ရေးသားထားသည်။

ယင်းအဆိုပြုနှုန်းထားများထွက်ရှိရန်အတွက် အလုပ်ရှင်၊ အလုပ်သမား၊ ဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ **အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ရာ၊** ဇွန်လ ၂၆ ရက်တွင် ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးအမျိုးသားအဆင့်ဆွေးနွေးပွဲတွင် လုပ်ငန်းရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဝန်ကြီးဌာနတို့၏ ဆုံးဖြတ်ချက်အရ အနည်းဆုံးအခကြေးငွေကို ကျပ် ၃၂၀၀ နှင့် ၄၀၀၀ ကြားတွင် သတ်မှတ်ရန် သဘောတူညီမှုရရှိခဲ့ကာ ယခုကဲ့သို့ နှုန်းထားတစ်ခုထွက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုထွက်ရှိလာသော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်း၍ **သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့်အဖွဲ့အစည်း သို့မဟုတ်၊ လူပုဂ္ဂိုလ်သည် အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်သည့်နေ့ရက်မှစ၍ နှစ်ပတ်အတွင်းသတ်မှတ်ထားသော ပုံစံဖြည့်စွက်ပြီး၊ အနည်း**ဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ၊ ပြည်နယ်ကော်မတီထံသို့ ပေးပို့ရမည့်အပြင်၊ မိတ္တူကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနရှိအနည်းဆုံး အခကြေးငွေဆိုင်ရာ အမျိုးသားကော်မတီနှင့်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

**လဝန်း**

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ
ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

မြို့လယ်ကျောင်း
119, Y.W.C.A ဘိုကလေးဈေးလမ်း
☎ 202046, 392048, 256954

လှည်းတန်းကျောင်းခွဲ
5(B-3), ဦးထွန်းလင်းခြံလမ်း။ 01 503472, 09 73001453

| | |
|---|---|
| Basic English Speaking | Jul 20, 26 |
| Four Skills English (Basic) | Jul 7,11,13,15,22,25 |
| Basic Grammar | Jul 18 |
| Pre-Intermediate (4-Skill) | Jul 8, 13 |
| Intermediate (4-Skill) | Jul 12 |

အင်္ဂလိပ်စာအထူးသင်တန်းများ

| | |
|---|---|
| Basic English Speaking | Jul 5,12,13,20,22 |
| Four Skills English (Basic) | Jul 1,5,6,8,13,20 |
| Pre-Intermediate (4-Skill) | Jul 13, 22, 29 |
| Intermediate (Academic) | Jul 22 |
| Basic Grammar | Jul 6, 20 |
| Basic Writing | Jul 6, 12 |
| Vocabulary | Jul 12, 20 |

IELTS သင်တန်းများ

| | |
|---|---|
| IELTS (Preparation+ Exam Practice) | 13,25 July |
| IELTS Speaking | 20 July |
| IELTS Reading | 10 Aug |
| IELTS Writing | 13,25 July |
| IELTS Grammar | 20 July |







contact to-----09-73800234, 09-73800666

အယ်ဒီတာချုပ်
ဒေါက်တာတင်ထွန်းဦး
အုပ်ချုပ်မှုအယ်ဒီတာ
ဒေါက်တာခင်မိုးမိုး
အကြံပေးအယ်ဒီတာ
မြင့်သူရ
တာဝန်ခံအယ်ဒီတာ
ဇင်ဟိန်း
အမှုဆောင်အယ်ဒီတာ
ခန့်ဇော်လင်း
စာပြင်အယ်ဒီတာ
ဦးတင်ထွေး၊ သဲဆုမိုး
အယ်ဒီတာအဖွဲ့
စိုးကျော်ဟောင်၊ မင်းအိုက်ရွှန်းနှံ
သင်းမြမြထွေး
လက်ထောက်အုပ်ချုပ်မှုအယ်ဒီတာ
အေးမြတ်သရဖီ
သတင်းထောက်ချုပ်
ကျော်မျိုးမင်း
ဒုတိယသတင်းထောက်ချုပ်
နှင်းနေဝေ၊ ပြည့်ရည်ဖူး
အကြီးတန်းသတင်းထောက်
မြတ်သူအောင်၊ ရှိန်းဝင်းထိုက်
သတင်းထောက်များ
ပိုင်းဇေလွင်၊ ဟန်လေး၊
စနောဝင်း၊ နေနွယ်အောင်၊
မျိုးကျော်စိုး၊ ဆုဆက်ရည်မိုး
ရုံးအဖွဲ့
မိုမိုလွင်၊ မနန်းအေး၊
သင်းမြတ်မြတ်ထွန်း၊ ချောကေခိုင်
Senior Marketing Executive
သက်ဟဦး၊ ဥမ္မာလွင်
Marketing Executive (ကြော်ငြာ)
ဇင်မာဝင်း၊ အိအိငယ်၊ နှင်းနှင်းဝေ
Marketing Assistant (ကြော်ငြာ)
သဇင်အောင်၊ ဆန်းဆန်းညွန့်
ထုတ်လုပ်ရေးတာဝန်ခံ
အောင်မျိုးကျော်
Cover Designer
အောင်မျိုးကျော်
Layout Designer
အောင်သန့်ဦး၊ မြစန္ဒာ၊
ဖေယျာလင်း၊ ကျော်သီဟ
ဖြန့်ချိရေးတာဝန်ခံ
ဦးသန်းထွန်း
ဖြန့်ချိရေးအဖွဲ့
နေမျိုးအောင်၊ သက်ပိုင်ကျော်
ဖြန့်ချိရေး
သုတစွယ်စုံစာအုပ်တိုက်၊
၉၊ ရေကျော်လမ်းမကြီး၊ ရန်ကုန်မြို့၊ ဖုန်း ၂၀၁၅၁၂
SWE SONE MEDIA GROUP
လုပ်ငန်းလိုင်စင်အမှတ် (၁၅၀၈၂၀၁၅)
Central Tower ပထမထပ်၊
အနော်ရထာလမ်း (၃၃လမ်းထောင့်)၊ ရန်ကုန်မြို့၊
ဖုန်း ၃၉၂၉၈၂၊ ၃၇၅၂၉၃၊ ၃၉၂၇၃၉၊ ၇၃၀ ၃၉၃၉၄

ဦးဟောင်လှ၊ ရွှေနိုင်ငံပုံနှိပ်တိုက် (မြ/၀၅၇၄၅)၊
အမှတ် (၉၀/ဇီ)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ရန်ကုန်တွင်
ရိုက်နှိပ်ပြီး ထုတ်ဝေသူ ဒေါက်တာတင်ထွန်းဦး၊
ပြည်မြန်မာသတင်းဂျာနယ် (မြ-၀၁၀၅၀)
၉၊ ရေကျော်လမ်း၊ ပုဇွန်တောင်၊ ရန်ကုန်မြို့မှ
ထုတ်ဝေသည်။

သတင်းဦးတာ - ပြည်မြန်မာ
သတင်းထူးတာ - ပြည်မြန်မာ
သတင်းစုံတာ - ပြည်မြန်မာ
မြန်မာပြည်အတွက် သတင်းမီဒီယာ
ပြည်မြန်မာ

# မုံရွာနှင့် အိန္ဒိယအင်ဖာတို့ ညီအစ်မမြို့တော်ဖြစ်ရေး အဆိုပြုချက် မြန်မာဘက်ကခွင့်ပြုမှုကို အိန္ဒိယစောင့်ဆိုင်းနေ

မြန်မာနိုင်ငံ စစ်ကိုင်းတိုင်းဒေသကြီး **မုံရွာမြို့နှင့် အိန္ဒိယနိုင်ငံ အင်ဖာမြို့တို့ကို ညီအစ်မမြို့တော်အဖြစ် သတ်မှတ်နိုင်ရေးအတွက် အိန္ဒိယနိုင်ငံဘက်ကအဆိုပြုထားကြောင်း** Imphal Free Press နှင့် အိန္ဒိယသတင်းစာအချို့ကဇွန်လ ၂၅ နှင့် ၂၆ရက်တို့၌ ဆက်တိုက်ဖော်ပြလာပြီး လက်ရှိကာလအထိ တင်ပြထားဆဲအဆင့်သာ ရှိနေကာ မြန်မာအစိုးရဘက်က တုံ့ပြန်မှုကို စောင့်ဆိုင်းနေဆဲ ဟုဆိုသည်။ ``အိန္ဒိယအနေနဲ့ကတော့ တကယ်ကိုပဲ မြှုပ်နှံမှုလုပ်ဖို့အတွက် ညီအစ်မမြို့တော်ကနေ တစ်ဆင့် ခြေလှမ်းစတင်ပါပြီ´´ဟု အင်ဖာမြို့အစိုးရ အာဏာပိုင်တစ်ဦးက Deccan Herald ကိုပြောသည်။ မုံရွာမြို့သည် အင်ဖာမြို့နှင့် ကီလိုမီတာ ၄၅၀ (၂၇၉ မိုင်ခွဲကျော်)ရှိသော အိန္ဒိယ၏ အရှေ့ဦးတည်ပေါ်လစီမှ အဓိကကျသော မြို့တစ်မြို့ဖြစ်နေသည့်အတွက် ယခုကဲ့သို့ ခြေလှမ်းပြင်လာခြင်း ဖြစ်ကြောင်းလည်း အိန္ဒိယသတင်းစာအချို့က ဆိုသည်။ အခြားတစ်ဖက်တွင် **အင်ဖာ-မန္တလေး ဘတ်စကားလိုင်းပြေးဆွဲမှု၏ အဓိကလမ်းကြောင်းတစ်နေရာတွင် လည်းရှိနေသည့်အတွက်** မကြာမီဖွင့်လှစ်တော့မည့် အဆိုပါ ကားလိုင်းပြေးဆွဲမှုအတွင်း မုံရွာမြို့ကို ညီအစ်မမြို့တော်အဖြစ် ရှုမြင်လိုနေခြင်းဟု သိရသည်။ ယင်းကဲ့သို့ ညီအစ်မမြို့တော်အဖြစ် အဆိုပြုလွှာမှာ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလက်မှတ်ရေးထိုးပြီး အိန္ဒိယဝန်ကြီးချုပ် မစ္စတာမိုဒီထံသို့လည်း မဏိပူရပြည်နယ်အစိုးရက ပေးအပ်ထားပြီးဖြစ်ကြောင်း၊ အလားတူပင် မြန်မာဘက်မှ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့ထံ ပေးပို့ထားကြောင်း ဆိုသည်။ ညီအစ်မမြို့တော်ဖြစ်လာစေခြင်း၏ နောက်တွင် **နှစ်ဖက်မြို့တော်ချင်း သယ်ယူပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အားကစား၊ ယဉ်ကျေးမှု၊ နည်းပညာကဏ္ဍ စသည်တို့ကိုပါ ပူးပေါင်းလုပ်ဆောင်မည့်အပြင် ရေအရင်းအမြစ်စီမံခန့်ခွဲမှု ကျေးလက်ဒေသ မီးလင်းရေးစသည့် ကဏ္ဍများတွင်ပါ နှစ်ဖက်မြို့များအကြား** ပူးပေါင်းဆောင်ရွက်မှုရှိစေမည်ဟု သိရသည်။

**အေဝိုင်အီး**


အင်ဖာမြို့ကို မြင်တွေ့ရစဉ်
www.e-pao.net

# လာမည့်သက်တမ်း သမ္မတတာဝန်အတွက် လက်ရှိနိုင်ငံတော်သမ္မတ ဦးသိန်းစိန်တွင် အခြေအနေဖန်တီးပိုင်ခွင့်ရှိနေဟု ဆို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် လာမည့်ရွေးကောက်ပွဲအပြီး **သမ္မတတာဝန် ဒုတိယသက်တမ်းအတွက်အခြေအနေဖန်တီးပိုင်ခွင့်ရှိနေကြောင်း** နိုင်ငံရေးအသိုင်းအဝိုင်းက သုံးသပ်လာကြသည်။

ယင်းမှာ ဇွန်လ ၂၅ ရက် ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံပြင်ဆင်ရေးမူကြမ်းပါအချက်အလက်အချို့ပြင်ဆင်မှု မဲခွဲဆုံးဖြတ်ခြင်းတွင် ပုဒ်မ ၆၀ (ဂ) ပါ သမ္မတလောင်းများကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်တင်မြှောက်ရမည်ဟု ပြင်ဆင်လိုသည့်အချက်ကို တပ်မတော်သားကိုယ်စားလှယ်များက ဝိုင်းဝန်းကန့်ကွက် ပြီးနောက် မဲခွဲရာတွင် ပျက်ပြယ်သွားသည့်အတွက် **သမ္မတဦးသိန်းစိန်အတွက် လမ်းစပြန်လည်ပွင့်သွားခြင်းဖြစ်**သည်။ ``အဲဒီဟာ အတည်ဖြစ်ခဲ့ရင် အားလုံးက ရွေးကောက်ခံရတော့မှာပေါ့ ။ ဒါပေမဲ့ အဲဒါကပျက်သွားတယ်လေ။ တပ်မတော်သားတွေ ကန့်ကွက်ကြတာ။ **ကျွန်တော်ထင်ပါတယ်။ တပ်ချုပ်ကြီးကနေတစ်ဆင့် တပ်မတော်သား ၂၅ ရာခိုင်နှုန်းက သမ္မတဦးသိန်းစိန်အားရွေး ကောက်တင်မြှောက် လိမ့်မယ်ထင်တယ်**´´ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။ ပြင်ဆင်သည့် ဥပဒေသာ အတည်ဖြစ်ခဲ့ပါက နိုင်ငံတော်သမ္မတသည် မဲဆန္ဒနယ်တစ်ခုမှ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အနိုင်ရပါကလည်း လွှတ်တော်တွင်း၌ ထောက်ခံမှုရရန် ထပ်ဆင့်ကြိုးပမ်းရဦးမည်ဖြစ်ကာ **Road to President (သမ္မတအဖြစ်သို့သွားရာလမ်း)မှာ အနည်းငယ် ခက်ခဲကြမ်းတမ်းသွားမည့်သဘောမျိုးဖြစ်သည်။ သို့သော်လည်း အဆိုပါ ပြင်ဆင်လိုသည့်အချက် ပျက်ပြယ်သွားခဲ့သည့်အတွက် မူလကသတင်းထွက်ခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား တပ်မတော်ဘက်က တင်သောသမ္မတလောင်းအဖြစ် ပြန်လည်မြင်တွေ့လာနိုင်သည့်သဘောလည်းဖြစ်နေသည်။** ယင်းအချက်ကို မှတ်ချက်မပြုလိုသော်လည်း တပ်မတော်သားများက ဝိုင်းဝန်းကန့်ကွက်ရခြင်း၏ ဖြစ်နိုင်ခြေမှာ ပြည်သူများရွေးကောက်တင်မြှောက်၍ **လွှတ်တော်ထဲရောက်လာသော ကိုယ်စားလှယ်တစ်ဦးထက် တပ်မတော်သားများကိုယ်တိုင်က ထောက်ခံရသောသူ တစ်ဦးကိုသာ သမ္မတလောင်းတင်ခြင်းကို တပ်မတော်သားများက နှစ်သက်ကြဖွယ်ရှိသည်ဟု** ကိုအေးနေဝင်းကလည်း သုံးသပ်ပြောကြားသည်။ ``သမ္မတဦးသိန်းစိန်သာ ပြန်အရွေးခံမယ်ဆိုရင် အခြေအနေဖန်တီးပိုင်ခွင့်က သမ္မတဦးသိန်းစိန်လက်ထဲမှာ ရှိနေတယ်။ အပေါ်စီးကရနေတာပေါ့ဗျာ´´ ဟု ဦးလှဆွေက သုံးသပ်ပြောကြားသည်။ **လက်ရှိ အချိန်ထိတွင်မူ သမ္မတဦးသိန်းစိန်က ပြန်လည်ရွေးကောက်ခံမည် မခံမည်ကို ပြတ်ပြတ်သားသားထုတ်ဖော်ပြောကြားလာခြင်း မရှိသေးပေ။**

**Iris**


Photo: MOI

# သမ္မတတာဝန်လက်လှမ်းမမီသည့် တိုင်းရင်းသားပါတီများ၏ နိုင်ငံရေးရည်မှန်းချက်သည် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်တာဝန်သို့ ဦးတည်လာ

သမ္မတလောင်းတာဝန်ကို လက်လှမ်းမမီသည့်အတွက် တိုင်းရင်းသားပါတီများနှင့် NLD၊ ပြည်ခိုင်ဖြိုးမှအပ အခြားသောပါတီများက သက်ဆိုင်ရာဒေသ၏ ဝန်ကြီးချုပ်တာဝန်နှင့် မဲအများဆုံးရရေးကိုသာ ဦးတည်နေကြပြီဖြစ်ကြောင်းလွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်ပြောကြားလာကြောင်း ၂၇-၆-၂၀၁၅ ရက်တွင် သတင်းရရှိသည်။

**တိတိကျကျအနေဖြင့် တိုင်းရင်းသားပါတီများ၏ အဓိကရည်မှန်းချက်မှာ သက်ဆိုင်ရာ ပြည်နယ်များတွင် လွှတ်တော်ကိုယ်စားလှယ် အများဆုံးရရေးနှင့် ပြည်နယ်အစိုးရဖွဲ့ပြီး ဝန်ကြီးချုပ်တစ်နေရာရရေးကိုသာ ဦးတည်ကြခြင်းဖြစ်ကြောင်း** ဆိုလာကြခြင်းဖြစ်သည်။ ``ကျန်တဲ့ တိုင်းရင်းသားပါတီတွေက သမ္မတတစ်နေရာကို ဘယ်လိုမှ လက်လှမ်းမမီဘူးလေ။ ဥပမာအားဖြင့်ဗျာ၊ ကရင်ပြည်နယ်က ပါတီကကျန်တဲ့ ချင်း၊ ကချင်တွေဆီက မဲရဖို့မဖြစ်နိုင်ဘူးလေ။ ကျွန်တော်တို့မှာ တိုင်းနဲ့ပြည်နယ် ၁၄ ခုရှိတယ်၊ တိုင်း ၇ ခုမှာ ပါတီကြီးနှစ်ခုက အဓိကထားပြီး ယှဉ်ပြိုင်ရမယ်လေ။ ခုနကပြောသလို ကရင်ပြည်နယ်က ပါတီတစ်ခုက ကရင်မှာ အကုန်လုံးနိုင်ဦး၊ **ပြည်နယ်ထဲကမဲလောက်နဲ့ ဘယ်လိုမှ သမ္မတမမှန်းနိုင်ဘူးလေ။ တိုင်း ၇ တိုင်းကသာသမ္မတမှန်းနိုင်တာ**´´ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေကပြောသည်။ လွှတ်တော်တွင်းသတင်းအချို့အရ **တိုင်းရင်းသားပါတီကြီးအချို့မှ ခေါင်းဆောင်များသည် သက်ဆိုင်ရာပြည်နယ်များတွင် ရွေးကောက်ခံပြီး ပြည်နယ်အစိုးရဖွဲ့ စည်းရန် စီစဉ်နေကြကာ အထူးသဖြင့် ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် လောင်းလျာအဖြစ် နာမည်ထွက်နေသူဖြစ်ကြောင်းလည်း** တိုင်းရင်းသားပါတီတစ်ခု၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရဲထွန်းက သုံးသပ်ပြောကြားသည်။ ``မွန်ပြည်နယ်မှာ မွန်ပါတီကတစ်ဦးက ဝန်ကြီးချုပ်ဖြစ်ချင်တယ်။ ရခိုင်မှာ ဒေါက်တာအေးမောင်က ဝန်ကြီးချုပ်ဖြစ်ချင်တယ်။ဒါသူတို့ရည်မှန်းချက်ပဲ´´ဟု ဦးလှဆွေက ပြောသည်။ လာမည့် အစိုးရသက်တမ်းတွင်လည်း ဗဟိုဦးစီးချုပ်ကိုင်မှု လျှော့ချရေးအတွက် စဉ်းစားလာနေပြီဖြစ်သဖြင့် သက်ဆိုင်ရာပြည်နယ် လွှတ်တော်များက သက်ဆိုင်ရာ တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကို ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ပိုင်ခွင့် ရှိလာတော့မည်ဖြစ်သည့်အတွက် **ပါတီပေါင်း ၇၀ ကျော်ထဲမှ တိုင်းရင်းသားပါတီအများစုသည် ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်ကိုသာ နိုင်ငံရေးရည်မှန်းချက် ထားလာကြခြင်းဖြစ်ကြောင်းလည်း** သိရသည်။

**Iris**

# ရုပ်မြင်သံကြားနှင့် အက်ဖ်အမ်ရေဒီယိုအသံလွှင့်ဌာနများ ကျင့်ဝတ်ချိုးဖောက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်မည်ဟု ဦးရဲထွဋ်သတိပေး

ရုပ်မြင်သံကြားနှင့် အက်ဖ်အမ်ရေဒီယိုအသံလွှင့်ဌာနများကျင့်ဝတ်ချိုးဖောက်ပါက လုပ်ငန်းပိတ်သိမ်းသည်အထိအရေးယူဆောင်ရွက်မည်ဟု ပြန်ကြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးရဲထွဋ်ကဇွန်လ ၂၇ ရက်တွင်ပြုလုပ်သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် ကျင့်ဝတ်များ (Code of Ethics)နှင့်ရွေးကောက်ပွဲဆိုင်ရာ လိုက်နာရမည့်ကျင့်ဝတ်များ ရှင်းလင်းဆွေး နွေးခြင်းနှင့် အတည်ပြုခြင်းအစည်းအဝေးတွင်သတိပေးပြောကြားလိုက်ကြောင်း သိရသည်။

**ချယ်ရီ FM ၏ Happy Time အစီအစဉ်နှင့် စိတ်မဆိုးကြေးအစီအစဉ်များတွင် မသင့်လျော်သည့် အသုံးအနှုန်းများပါဝင်ခဲ့သည့်အတွက် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ခဲ့ရပြီး အလားတူဖြစ်စဉ်မျိုးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအပါအဝင် FM အသံလွှင့်အစီအစဉ်များတွင်လည်း ရှိနေနိုင်ကြောင်းနှင့် ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်းဝန်ကြီးက** ပြောသည်။

ထို့ကြောင့် ယင်းဖြစ်စဉ်အပေါ်သင်ခန်းစာယူကာ ရုပ်၊ သံလွှင့်မီဒီယာများ အနေဖြင့် **လိုက်နာရန် ကျင့်ဝတ်တစ်ရပ်ရေးဆွဲပြီး တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်းနှင့်** ယင်းကျင့်ဝတ်များကိုချိုးဖောက်ခဲ့ပါက စုံစမ်းစစ်ဆေးမှုများပြုလုပ်ကာ သုံးသပ်တွေ့ရှိချက်များ အပေါ်မူတည်ကာ အမှားပြင်ဆင်ချက် ထည့်သွင်းခြင်း၊ ပြည်သူလူထုထံ ဝန်ချတောင်းပန်ခြင်း၊ ကာလအပိုင်းအခြား သတ်မှတ်၍ အစီအစဉ်များ ပိတ်သိမ်းခြင်းနှင့် လိုအပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုခြင်းတို့ကို ဆောင်ရွက်သွားမည်ဟု ၎င်းကပြောသည်။

၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရုပ်သံထုတ်လွှင့်မှုကဏ္ဍတွင်မြန်မာ့အသံနှင့် ရုပ်မြင် သံကြားနှင့် ဖက်စပ်လုပ်ကိုင်နေသည့် ရုပ်သံမီဒီယာများသာ လုပ်ငန်းဆောင်ရွက် ခွင့်ရှိနေသောကြောင့် ရွေးကောက်ပွဲသတင်းများ ထုတ်ပြန်ရာတွင် တရားမျှတမှု ရှိ၊ မရှိအပေါ် မေးခွန်းထုတ်မှုများရှိနေသည့်အတွက် လာမည့်ရွေးကောက်ပွဲတွင် **မိမိတို့အနေဖြင့် ဘက်လိုက်မှုမရှိအောင် တင်းတင်းကြပ်ကြပ် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း** ပြောကြားခဲ့သည်။

**သတင်း၊ ဓာတ်ပုံ - မြတ်သူအောင်**



# မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြိုကျခဲ့သော စစ်တွေမြို့ပတ်လမ်း Steel Pile များဖြင့် ပြန်လည်ပြုပြင်မည်

ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် **စစ်တွေမြို့ပွိုင့်ကမ်းခြေနှင့် မြို့ပတ်လမ်းအပိုင်း အချို့နေရာများတွင် ရေတိုက်စားခံရပြီး လမ်းနေရာအချို့မြေကျွံမှုများ ဖြစ်ပေါ်ခဲ့သည့်အပေါ် Steel Pile များဖြင့် ပြန်လည်ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း** ရခိုင်ပြည်နယ်အစိုးရအဖွဲ့ထံမှ ၂၇-၆-၂၀၁၅ တွင် သိရသည်။

**လှိုင်းကာများကို ရေတိုက်စားခြင်းကြောင့် မြေကျွံကာကွန်ကရစ်ပလတ်ဖောင်းများနှင့် ကွန်ကရစ်လမ်းနေရာအချို့ကျွံကျခဲ့ခြင်း ဖြစ်ပြီး ဇွန်လ ၂၈ ရက်တွင် စတင်၍ ပြန်လည်ပြုပြင်မှုများ ပြုလုပ်လျက်ရှိကြောင်း** ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတင်မောင်ဆွေက ပြည်မြန်မာသို့ ပြောသည်။

''ပစ္စည်းတွေက ပုံထားပါပြီ။ ကုမ္ပဏီတစ်ခုက တာဝန်ယူ ပြန်လည် ပြုပြင်မှာပါ။ လှိုင်းကာရေတိုက်စားတော့ လမ်းအောက်က သဲတွေရေနဲ့ပါပြီး ကျွံကျတဲ့ သဘောပါ။ Steel Pile တွေစိုက်ပြီးတော့ ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ''ဟု ၎င်းက ထပ်မံပြောဆိုသည်။

ကွန်ကရစ်လမ်းခင်းရာတွင် ပလက်ဖောင်းနေရာများ၌ အပေါ်ယံတွင်သာ ကွန်ကရစ် ခင်းထားပြီး အောက်ပိုင်းတွင်မူ သဲများကို အခြေပြုထားသောကြောင့် လမ်းများ ကျွံကျခဲ့ရခြင်း ဖြစ်ကာ အဆိုပါလမ်းကို သွားလာရန် စိုးရိမ်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံများ ထံက သိရသည်။

စစ်တွေမြို့ ပွိုင့်ကမ်းခြေနှင့် လမ်းတို့ကို နိုင်ငံတကာ အဆင့်မီကမ်းခြေအဖြစ် ၂၀၁၄ ခုနှစ်အတွင်းက တည်ဆောက် ခဲ့ခြင်းဖြစ်ပြီး **ဇွန်လ ၂၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ပွိုင့်ကမ်းခြေနှင့် မြို့ပတ်လမ်းအပိုင်းတွင် ကွန်ကရစ်လမ်းအချို့နှင့် ပလက်ဖောင်းအချို့ပြိုကျခြင်း၊ ကျွံဝင်ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်**သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ အချို့နေရာများတွင် ရေကြီးခြင်းနှင့် လေပြင်း တိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့ပြီး အဝေးပြေးကားလမ်းအချို့နေရာတွင် ကားလမ်းပေါ် ရေကျော်ခြင်း တို့ ဖြစ်ပေါ်ခဲ့သည်။

**ထက်အောင်ဖြိုး**

# ပျူခေတ်ယဉ်ကျေးမှု လက်ဝတ်ရတနာများအကြောင်း ပြင်သစ်တွင် မြန်မာပညာရှင်စာတမ်းဖတ်မည်

**ပျူခေတ်ယဉ်ကျေးမှု လက်ဝတ်ရတနာများအကြောင်းကို ရတနာဒီဇိုင်းနှင့် ရှေးဟောင်းသုတေသနပညာရှင် မြန်မာလူမျိုး Terence Tan က ပြင်သစ်နိုင်ငံတွင် စာတမ်းတင်သွင်းဖတ်ကြားမည်ဖြစ်ကြောင်း** ၂၇-၆-၂၀၁၅ ရက်က သိရသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူရှေးဟောင်းမြို့တော်များတွင် တူးဖော်တွေ့ရှိရသော ပျူယဉ်ကျေးမှုရှေးဟောင်းလက်ရာ အဖိုးထိုက်ရတနာများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို စာတမ်းတွင် ထည့်သွင်းထားကြောင်း Terence Tan က ဆိုသည်။

''နိုင်ငံတကာက မြန်မာ့ရှေးဟောင်းလက်ရာတွေကို အထူးစိတ်ဝင်စားတယ်။ **မနှစ်က ပျူမြို့ဟောင်းတွေက ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သွားတော့ ပိုစိတ်ဝင်စားလာတယ်။** မြန်မာ့ရှေးဟောင်းပညာက အရှေ့တောင်အာရှမှာဆိုရင် အရင်ကဖော်ပြမှုနည်းခဲ့တယ်။ အခုကျတော့ ဒီယဉ်ကျေးမှုတွေ ပိုပြီးဖော်ပြခွင့်ရှိလာတယ်။ နိုင်ငံတကာကလည်း စာတမ်းတွေဖတ်ဖို့ ဖိတ်ခေါ်လာတယ်''ဟု Terence Tan က ဆက်လက်ပြောကြားသည်။

**ပျူခေတ်တွင် ဝတ်ဆင်အသုံးပြုခဲ့သော လက်ဝတ်ရတနာ၊ အသုံးအဆောင်ပစ္စည်းများသည် ပျူခေတ်လူမျိုးတို့၏ ယုံကြည်မှုကို ဖော်ပြထားသည့်အရာများဖြစ်ပြီး ၎င်းတို့၏ယုံကြည်မှုများအားလုံးကို ဝတ်ဆင်သည့်ရတနာများတွင် သင်္ကေတအဖြစ် ထည့်သွင်းထားသည်ကို တွေ့ရကြောင်း** ယင်းကဆက်လက်ပြောကြားသည်။

Terence Tan သည် ပျူရှေးဟောင်းမြို့တော်များရှိ ပျူယဉ်ကျေးမှုရှေးဟောင်းလက်ရာ၊ အဖိုးထိုက်ရတနာများအကြောင်း စာအုပ်ကိုလည်း အင်္ဂလိပ်ဘာသာဖြင့်ရိုက်နှိပ်ထုတ်ဝေကာ နိုင်ငံတကာသို့ဖြန့်ချိထားပြီး နိုင်ငံတကာတက္ကသိုလ်များတွင် ရှေးဟောင်းသုတေသနနည်းပြသင်တန်းများ ပို့ချပေးနေကြောင်း သိရသည်။

**ဆုဆက်**

## Brief News From Pyi Myanmar Daily

### နိုင်ငံရေး

### အခြားနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများမဖြစ်ပွားစေရန် နယ်စပ်ကျော်လွန်သွားလာမှုများကို ပြင်းထန်စွာအရေးယူမှုရှိကြောင်း တပ်ချုပ် ပြောကြား

မိမိတပ်များကြောင့် အခြားနိုင်ငံ၏ ပြည်တွင်းရေး ပြဿနာများ မဖြစ်ပွားစေရန်အတွက် ခွင့်ပြုချက်မရဘဲ နယ်စပ်ကျော်လွန်သွားလာမှုများကိုလည်း ပြင်းထန်စွာအရေးယူမှုရှိကြောင်း တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဇွန်လ ၂၅ ရက်တွင် နံနက်ပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Gautam Mukho-padhaya အား နေပြည်တော် ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### လုံလောက်သောထောက်ခံမဲ မရရှိ၍ ပုဒ်မ ၄၃၆ နှင့် ပုဒ်မ ၅၉ (စ) အပါအဝင် အရေးကြီးပုဒ်မများ ပြင်ဆင်ရေး ရှုံးနိမ့်

ဖွဲ့စည်းပုံအခြေခံဥပဒေပါအရေးကြီး ပုဒ်မများပြင်ဆင်ရေးအတွက် ဇွန်လ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ပုဒ်မ၅၉ (ဃ)တစ်ခုသာ ထောက်ခံမဲ ၇၅ ရာခိုင်နှုန်းကျော်ဖြင့် ပြင်ဆင်ခွင့်ရရှိခဲ့ပြီး အခြားပုဒ်မများမှာ လုံလောက်သောထောက်ခံမဲမရရှိခဲ့ကြောင်းသိရသည်။ မဲခွဲဆုံးဖြတ်မှုတွင် ပုဒ်မ ၄၃၆ (က) အတွက် ထောက်ခံမဲ ၃၈၈ မဲ၊၄၃၆ (ခ)အတွက် ထောက်ခံမဲ ၃၈၈ မဲ၊၅၉ (စ)အတွက် ထောက်ခံမဲ ၃၇၁မဲ၊၆၀(ဂ)အတွက် ထောက်ခံမဲ ၃၈၆ မဲရရှိခဲ့ပြီး ထောက်ခံမဲ ၇၅ ရာခိုင်နှုန်းကျော်မရရှိခဲ့ခြင်းကြောင့် ပြင်ဆင်ရန် ရှုံးနိမ့်ခဲ့ပြီး သမ္မတအရည်အချင်းသတ်မှတ်ချက်တစ်ခုဖြစ်သော ပုဒ်မ ၅၉ (ဃ)တစ်ခုတည်းသာ ထောက်ခံမဲ ၅၅၆ မဲရရှိကာ ၇၅ ရာခိုင်နှုန်းကျော်ထောက်ခံမဲရရှိခဲ့သဖြင့် ပြင်ဆင်ခွင့်ရရှိခဲ့ကြောင်း သိရသည်။

### မိမိအားစာနာပေးကြပါရန် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်တွင် မေတ္တာရပ်ခံ

ပြည်ထောင်စုလွှတ်တော်နာယကက မိမိကိုယ်ကိုပြန်ပြီး သနားမိလာကြောင်း လွှတ်တော်ကိုယ်စားလှယ်များကလည်း သနားပေးကြပါရန် လွှတ်တော်၌ပြောကြားလိုက်သည်။ ဇွန်လ ၂၆ ရက်က ကျင်းပသောလွှတ်တော်တွင် ပြောကြားလိုက်ခြင်းဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကိုနားမလည်ဘဲ ဆွေးနွေးကြသော လွှတ်တော်ကိုယ်စားလှယ်များအားသတိပေးရင်းပြောကြားခဲ့ခြင်းဟု သိရသည်။ သနားစရာကောင်းတဲ့လူလည်းသနားတယ်၊ မိမိလွှတ်တော်ဥက္ကဋ္ဌကိုလည်း သနားတယ်၊ စာနာသင့်တဲ့သူကိုလည်း စာနာပါတယ်၊ အဲဒီအတိုင်းပဲ မိမိကိုလည်း စာနာပေးကြပါ။ မလိုအပ်ပဲ လွှတ်တော်ထဲမှာ အချိန်တွေကုန်ဆုံးခြင်းအားဖြင့် မိမိတို့ လွှတ်တော်မှာလုပ်ရမယ့် ကိစ္စတွေ အများကြီးကျန်ရှိနေပါတယ်၊ ဒီအပေါ်ထိုင်ရတဲ့ကိစ္စကိုလည်း သနားပေးကြပါ၊ စာနာပေးကြပါ အဲ့ဒီအတိုင်းပဲ တချို့တင်ပြ ပြောဆိုနေတာ အတွက်လည်း စာနာပါတယ်၊ သနားလည်းသနားပါတယ်''ဟု သူရဦးရွှေမန်းက ပြောကြားလိုက်ခြင်းဖြစ်သည်။

# နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဂျပန်က RBE ရထား ၁၉ စီး အခမဲ့ပေးမည်

**မြန်မာ-ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရေးအတွက် ဂျပန်မှ RBE ရထား ၁၉ စီး မြန်မာ့မီးရထားသို့ အခမဲ့လှူဒါန်းပေးအပ်သွားမည်ဖြစ်ကြောင်း** ရထားပို့ဆောင်ရေးဝန်ကြီးဌာန အမှတ် ၆ တိုင်းရုံးမှ ၂၆-၆-၂၀၁၅ ရက်က သတင်းရရှိသည်။

RBE ရထား ၁၉ စီးကို ဂျပန်အစိုးရမှ GGP Fund အသုံးပြု၍ East Japan Railway ကုမ္ပဏီမှ လွှဲပြောင်းရရှိမည်ဖြစ်ကြောင်း သိရသည်။ ''ဒီရထား ၁၉ စီး ပေးတာ နှစ်နိုင်ငံချစ်ကြည်ရေးအနေနဲ့ ပေးတဲ့သဘောပါပဲ။ **ရထားတွေကတော့ အခုမှလုပ်တဲ့အသစ်တွေ မဟုတ်ပေမယ့်၊ အစုတ်လည်းမဟုတ်ဘူး။ ဘယ်လိုပြောရမလဲ used ကားတွေလိုပေါ့။ သူတို့က နိုင်ငံကြီးတွေဆိုတော့ ပစ္စည်းတစ်ခုကို ကန့်သတ်ကာလတစ်ခုထိပဲသုံးတယ်။** ဘယ်လောက်သုံးလို့ရသေးပါစေ၊ သံရည်ကျိုပစ်တယ်လေ။ အဲဒီလို RBE ရထားတွေကို မြို့ပတ်ရထားလမ်းကြောမှာ တိုးပြေးဆွဲနိုင်ဖို့အတွက်ပါ။ **အဲဒီလိုအခဲ့မဲ့ပေးလို့လည်း နောက်ဆက်တွဲဘာအကျိုးအမြတ်၊ ဘာသဘောတူညီမှုမှ မပါပါဘူး''**ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖြေကြားခဲ့သည်။

East Japan Railway ကုမ္ပဏီထံမှ လွှဲပြောင်းရရှိမည့် RBE ရထား ၁၉ စင်းအနက် **၁၀ စီးအား ဂျပန်အစိုးရ၏ အစီစဉ်ဖြင့် ယခုနှစ်အောက်တိုဘာလကုန်နောက်ဆုံးထားရရှိမည်ဖြစ်ပြီး၊ ကျန် ၉ စင်းအား မြန်မာ့မီးရထားအစီအစဉ်ဖြင့်သာ သယ်ယူရမည်ဖြစ်ကာ** ၂၀၁၆ မတ်လကုန်တွင် နောက်ဆုံးထားလွှဲယူရမည်ဖြစ်ကြောင်း သိရသည်။

**နေနွယ်**

## NLD က လွှတ်တော်နေရာအားလုံး၏ ၅၀ ရာခိုင်နှုန်း မနိုင်ရန်မလွယ်သည့်အချိန်တွင် ၂၆ ရာခိုင်နှုန်းနိုင်ရုံဖြင့် ပြည်ခိုင်ဖြိုးက အစိုးရတစ်ရပ် ဦးဆောင်ဖွဲ့စည်းခွင့်သာနေဟု ဦးလှဆွေ ပြော

လာမည့်ရွေးကောက်ပွဲ၌ NLD ပါတီအနေဖြင့် လွှတ်တော်နေရာအားလုံး၏ ၅၀ ရာခိုင်နှုန်းအနိုင်ရရန် မလွယ်ကူသည့်အချိန်တွင် **ပြည်ခိုင်ဖြိုးပါတီကယင်း၏ ၂၆ ရာခိုင်နှုန်း အနိုင်ရရုံဖြင့် အစိုးရတစ်ရပ်ကိုဦး ဆောင်ဖွဲ့စည်းသွားနိုင်မည့် အလေးသာမှုရှိနေကြောင်း** လွှတ်တော်ကိုယ်စားလှယ်အချို့က သုံးသပ်ကြသည်။

ဇွန်လ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်၌ ဖွဲ့စည်းပုံပြင်ဆင်ရေးမူကြမ်းကို အတည်ပြုနိုင်ရေးမဲခွဲမှုအပြီးတွင် ဒေါ်အောင်ဆန်းစုကြည်၏ သမ္မတဖြစ်ခွင့်အိပ်မက်မှာ ဥပဒေအရလမ်းကြောင်းလွဲသွားပြီဖြစ်သည့်အတွက် အခြားပါတီ သို့မဟုတ် တပ်မတော်မှသမ္မတတစ်ဦး တက်ရန် အလားအလာရှိနေကြောင်း သိရသည်။ ''**NLD က သမ္မတလောင်းမဖြစ်နိုင်ပါဘူးဗျာ။ ပြည်ခိုင်ဖြိုးက သမ္မတလောင်း၊ တပ်မတော်က သမ္မတလောင်းဆိုတာပဲဖြစ်နိုင်တယ်။ NLD က မနိုင်ရင်နိုင်မယ်၊ သမ္မတလောင်းအတွက် ဒုတိယလူမှမရှိတာကိုး။** ဒေါ်အောင်ဆန်းစုကြည်ပြီးရင် မရှိတော့ဘူး။ ဒေါ်အောင်ဆန်းစုကြည်ကဥပဒေအရ သမ္မတလုပ်လို့မရဘူးဆိုတော့ အခြားသူတွေကလည်း မျှော်လင့်လို့မလွယ်ပါဘူး''ဟု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ပြောသည်။ ဇွန်လ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်၏ မဲခွဲပွဲအပြီးတွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးဖြစ်သူ **ဒေါ်အောင်ဆန်းစုကြည်က ပြောကြားမှုတွင် NLD ကိုသာအနိုင်ရအောင် မဲထည့်ပေးပါက ၄င်းသမ္မတမဖြစ်လည်း အစိုးရတစ်ရပ်ကိုဖြစ်အောင်ဖွဲ့မည်**ဟုဆိုထားသည်။ ''ကျွန်တော်တို့အနေနဲ့က လွှတ်တော်နေရာအားလုံးရဲ့ ၂၆ ရာခိုင်နှုန်းပဲနိုင်အောင်လုပ်နိုင်ရင် တပ်မတော်သား ၂၅ နဲ့ပေါင်းပြီး ၅၁ ရာခိုင်နှုန်းဖြစ် သွားပြီလေ။ **သူတို့အနေနဲ့ကလွှတ်တော်နေရာအားလုံးရဲ့ ၅၀ ရာခိုင်နှုန်း (၇၅ရာခိုင်နှုန်းသောရွေးကောက်ခံနေရာအားလုံး၏ သုံးပုံနှစ်ပုံ) လောက်နိုင်အောင်ကို** တော်တော်လုပ် ယူရမှာလေ။ ဒါကြောင့်မို့ သူတို့အနေနဲ့သမ္မတဖြစ်ဖို့မလွယ်ပါဘူး''ဟု ဦးလှဆွေက ပြောသည်။ **ပြည်ခိုင်ဖြိုးကို လူကြိုက်နည်းသည့်တိုင် NLD ကို အားလုံးက လက်ခံခြင်းမဟုတ်ကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်း၏ လိုအပ်ချက်များကို ပြည်ခိုင်ဖြိုးက လုပ်ဆောင်ပေးနေသဖြင့် ပြည်သူကသိကြောင်း၊ ပြည်ခိုင်ဖြိုးကို မကြိုက်သည်မှာ မြို့နေ ၃၀ ရာခိုင်နှုန်းသာဖြစ်နိုင်ကြောင်း** ၎င်းကဆိုသည်။

NLD တွင် ဒုတိယ လူမရှိချိန်၌ **ပြည်ခိုင်ဖြိုးတွင် ဒုတိယလူ အများအပြားအဆင်သင့်ရှိနေကြောင်း ၎င်းက ပြောကြားခဲ့ပြီး ဦးရွှေဦး၊ ဦးမောင် မောင်သိမ်းတို့လည်း သမ္မတတာဝန်ယူနိုင် စွမ်းရှိသူများဖြစ်ကြောင်း** ဆိုသည်။ Iris

## မြန်မာမှ စစ်ဘက်ဆိုင်ရာအဆင့်မြင့်အဖွဲ့တစ်ဖွဲ့ အိန္ဒိယသို့ ယခုရက်ပိုင်းအတွင်း သွားရောက်ရန်ရှိ

**အိန္ဒိယ-မြန်မာနှစ်နိုင်ငံ နယ်စပ်၌ သောင်းကျန်းသူများမရှိစေရေး ပူးတွဲကင်းလှည့် အစီအစဉ်အတွက်** မကြာမီလာရောက်မည့် မြန်မာဘက်မှ တပ်မတော်အဆင့်မြင့်အရာရှိအဖွဲ့နှင့် ဆွေးနွေးနိုင်မည်ဟုမျှော်လင့်ကြောင်း အိန္ဒိယသတင်းစာအချို့က ရေးသားဖော်ပြလာကြောင်း ၂၆-၆-၂၀၁၅ ရက်က သိရသည်။

NDTV နှင့် အခြားသော အိန္ဒိယသတင်းဌာနအချို့က ရေးသားဖော်ပြခြင်းဖြစ်ပြီး ၎င်းတို့၏ဖော်ပြချက်အရ မြန်မာဘက်မှ စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က အိန္ဒိယနိုင်ငံသို့လည်း ပတ်တော့မည့်အနေအထားတွင်ရှိနေကြောင်း သိရသည်။ **အထူးသဖြင့် အိန္ဒိယဘက်က လိုအပ်နေသည်မှာ နှစ်နိုင်ငံနယ်စပ်တွင် ခိုအောင်းနေသည်ဟု သံသယရှိနေသော အိန္ဒိယကိုဆန့်ကျင်သည့် လက်နက်ကိုင်အဖွဲ့များကို စစ်ဆင်ရေးလုပ်မည့်အချိန်၌ မြန်မာတပ်မတော်က လိုအပ်သော ကူညီမှုများပေးရန်ဖြစ်ကြောင်း**သိရသည်။ ယင်းအတွက်လည်း အိန္ဒိယအမျိုးသားလုံခြုံရေး အကြံပေးအိန္ဒိယဝန်ကြီးချုပ်ရုံးဝန်ကြီးမစ္စတာ Ajit Doval ၏ ဗျူဟာမြောက် နေပြည်တော်ခရီးစဉ်မှ တစ်ဆင့်မျှော်လင့်ချက်ထားခဲ့သော်လည်း တိကျခိုင်မာသော ဆုံးဖြတ်ချက်တစ်စုံတစ်ရာ မရခဲ့သဖြင့် မြန်မာဘက်မှစစ်ဘက်ဆိုင်ရာ အဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့က အိန္ဒိယသို့ ယခုရက်ပိုင်းတွင်လာရောက်စဉ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၏ နယ်စပ်၌ရှိနေသည်ဟုယူဆရသည့် လက်နက်ကိုင်အဖွဲ့များကို စစ်ဆင်ရေးလုပ်ရန် မြန်မာဘက်က အကူအညီကို တောင်းခံလိုနေသည်ဟုသိရသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မစ္စတာ Ajit Doval နှင့် တွေ့ဆုံမှုအပြီး အိန္ဒိယသံအမတ်ကြီးနှင့် ဇွန်လ ၂၅ ရက်ကတွေ့ဆုံမှုတွင် ထပ်မံပြောကြားခဲ့သည်မှာ **နယ်စပ်ဒေသတပ်ပိုင်းဆိုင်ရာဆက်ဆံမှုများတွင် အမိန့်နှင့်ညွှန်ကြားချက်များရှိပြီးဖြစ်သဖြင့် ချက်ချင်းအမိန့်ပေးညွှန်ကြားနိုင်၍ ပိုမိုမြန်ဆန်မှုရှိကြောင်း၊ မိမိတပ်များကြောင့် အခြားနိုင်ငံ၏ ပြည်တွင်းရေးပြဿနာများ မဖြစ်ပွားစေရန်အတွက် ခွင့်ပြုချက်မရဘဲ နယ်စပ်ကျော်လွန်သွားလာမှုများကိုလည်း ပြင်းထန်စွာအရေးယူမှုရှိကြောင်း၊** တစ်နိုင်ငံနှင့် တစ်နိုင်ငံအချုပ်အခြာအာဏာပိုင်ဆိုင်မှုကို အလေးထားဆောင်ရွက်မှုအရ နှစ်နိုင်ငံနယ်စပ်ဒေသကိစ္စရပ်များကို နယ်စပ်ဒေသစီမံခန့်ခွဲမှုဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်၍ ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **အိန္ဒိယသံအမတ်ကြီး ကပြောကြားမှုတွင် အိန္ဒိယသောင်းကျန်းသူနှင့် အိန္ဒိယနိုင်ငံအကြားဖြစ်ပွားသည့် စစ်ဆင်ရေးဆောင်ရွက်မှုသည် နယ်စပ်တစ်လျှောက်သာဆောင်ရွက်ခြင်းဖြစ်ပြီး** မီဒီယာနှင့် အချို့သောသူများက မှားယွင်းဖော်ပြမှုများရှိကြောင်း၊ ယင်းကဲ့သို့ဖော်ပြမှုများကြောင့် နှစ်နိုင်ငံဆက်ဆံရေးတွင် စိတ်ကသိကအောက်ဖြစ်စရာများရှိမည်ကို မလိုလားကြောင်းလည်းဆိုသည်။ အိန္ဒိယဘက်က ယင်းကဲ့သို့ နယ်စပ်စစ်ဆင်ရေးလုပ်ရန် စီစဉ်နေရခြင်းမှာ လက်နက်ကိုင်အချို့က ချုံခိုတိုက်ခိုက်သဖြင့် အိန္ဒိယစစ်သား ၂၀ ကျော်သေဆုံးခဲ့ရသည့် မေလနောက်ဆုံးပတ်ကဖြစ်စဉ်ကြောင့်ဟု သိရသည်။ Iris

## နယ်မှ ရန်ကုန်အဝင်ကားများကို ငွေကောက်ခံမှု၌ ရန်ကုန်ကားများကိုပါ ကောက်သည်ဆိုပြီး ရန်ကုန်လိုင်စင်ပိုင်ရှင်အချို့ မကျေမနပ်ဖြစ်နေ

**ရန်ကုန်တွင် ယာဉ်ကြောပိတ်ဆို့မှုများသောကြောင့် နယ်မှလာသောယာဉ်များကို မြို့ဝင်ခွန်ကောက်ခံမှု စတင်နေခြင်းတွင်** ရန်ကုန်နံပါတ်များကိုပါ ကောက်ခံမှုများရှိသည်ဆိုပြီး ရန်ကုန်ကားနံပါတ်ကားပိုင်ရှင်အချို့က မကျေနပ်မှုများဖြစ်နေကြောင်း ၂၇-၆-၂၀၁၅ ရက်က သတင်း ရရှိသည်။

ယာဉ်ကြောပိတ်ဆို့မှု ဖြေရှင်းရေးအတွက် ဦးတည်သည်ဆိုသော ယင်းလုပ်ရပ်မှာ **မည်သူကအကြံပေးခဲ့၍မှန်းမသိသော်လည်း ခုတ်ရာတလွဲ ပြုတ်ရာတခြားဖြစ်နေသည်ဟု မြင်မိကြောင်း၊** ယင်းလုပ်ရပ်ကြောင့် ယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းနိုင်နေသည်ဟု မမြင်ကြောင်း ကားဖြင့်အလုပ်လုပ်ရသူ အသိုင်းအဝိုင်းအချို့က ဆိုကြသည်။ ''ကျွန်တော်နယ်ဘက်ကနေပြန်လာတော့ မော်ဘီမှာကျွန်တော့်ကားကို မြို့ဝင်ကြေးလာကောက်နေတယ်။ မေးကြည့်တော့ နယ်ကားတွေကို ကောက်တာလို့ပြောတယ်။ ကျွန်တော်က ရန်ကုန်ကားကို ကောက်စရာလိုလို့လားလို့ ပြောတော့ အချေအတင်တွေပြောရရော''ဟု ရန်ကုန်လိုင်စင်နံပါတ်ဖြင့် ခရီးသည် သယ်ယူပို့ဆောင်ရေးအလုပ်လုပ်နေသူတစ်ဦးက ပြည်မြန်မာသို့ပြောသည်။

လှိုင်သာယာဘက်တွင် နယ်မှအဝင်ကားများကို ကောက်ခံသည်ဆိုသော ဂိတ်တစ်ခုက ရန်ကုန်ကားများကိုပါ တစ်စီးလျှင် ကျပ် ၄၀၀ ကောက်ခံနေပြီး ယင်းအတွက်ကြောင့် ကားသမားများနှင့် ကောက်ခံသူများအကြား အချေအတင်ပြောဆိုနေရမှုများဖြစ်လာကာ ကားများပိုမိုပိတ်ဆို့မှုကိုသာဖြစ်စေခဲ့သည်ဟု ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် စက်ရုံလုပ်ငန်းရှင်တစ်ဦးဖြစ်သူ စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ''ကားတွေမကျပ်စေဖို့ကို စေတနာနဲ့အကြံပေးလိုက်တာ ဖြစ်မှာပါ။ ဒါပေမဲ့ ကားသမားတွေအတွက် ပိုပြီးအနှောင့်အယှက်သာဖြစ်လာခဲ့တယ်ပေါ့ဗျာ''ဟု အဆိုပါ စက်မှုဇုန်ဥက္ကဋ္ဌက ပြည်မြန်မာသို့ပြောသည်။ **ယင်းကိစ္စအပါအဝင် ရန်ကုန်စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ တံတားများ၊ ဂိတ်များတွင်အခကြေးငွေကောက်ခံမှုများပယ်ဖျက်ပေးနိုင်ခြင်းရှိမရှိဆိုသည့်အချက်ကို လုပ်ငန်း ရှင်ပိုင်းကမျှော်လင့်နေကြပြီး လွှတ်တော်၌ ဇွန်လနောက်ဆုံးပတ် ကဆွေးနွေးမှုတွင် ယခုဘဏ္ဍာနှစ်အတွင်း အစီအစဉ်မရှိသေးကြောင်း** ပြောကြားထားသည်ဟုသိရသည်။

အောင်ဝိုင်းအီး

## ဗိုလ်ချုပ်ကဲ့သို့လူငယ်များ ပေါ်ထွန်းလာရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းဖောင်ဒေးရှင်းကို မတည်ငွေကျပ်သိန်း ၁၁၀၀ ဖြင့် တည်ထောင်မည်



ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လူငယ်များပေါ်ထွန်းလာရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်သွားမည့် ဗိုလ်ချုပ်အောင်ဆန်းဖောင်ဒေးရှင်းကို မတည်ငွေကျပ်သိန်း ၁၁၀၀ ဖြင့် စတင်တည်ထောင်သွားမည်ဖြစ်ကြောင်း ၂၇-၆-၂၀၁၅ ရက်က သိရသည်။

**ဗိုလ်ချုပ်အောင်ဆန်း ရာပြည့်မွေးနေ့ကျင်းပနိုင်ရေးအတွက် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းငွေများအနက်မှ ကျပ်သိန်း ၁၁၀၀ ကို ဖောင်ဒေးရှင်းအတွက် စတင်မတည်သွားမည်ဖြစ်ကြောင်း** သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် ထူးချွန်ထက်မြက်ရဲရင့်ပြီး စိတ်ဓာတ်ကောင်းမွန်မြင့်မြတ်သည့် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လူငယ်များပေါ်ထွန်းလာရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ထူးချွန်ထက်မြက်ကြသော်လည်း ပညာဆက်လက်သင်ယူနိုင်ရန်အတွက် အခက်အခဲရှိနေသူများကို ဖောင်ဒေးရှင်းက ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး လူမျိုးဘာသာမခွဲခြားဘဲ တန်းတူအခွင့်အရေးများဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြစေလိုသော ဗိုလ်ချုပ်အောင်ဆန်း၏ ရင်တွင်းဆန္ဒကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

''တိုင်းပြည်တည်ဆောက်ရေးမှာ အရေးကြီးတဲ့ ဥပဒေပညာရှင်၊ စီးပွားရေးပညာရှင်၊ ဂျာနယ်လစ်တွေအများကြီးလိုအပ်ပါသေးတယ်။ ဒီဖောင်ဒေးရှင်းကနေ နိုင်ငံတကာအဆင့်ရှိသော ပညာရှင်များမွေးထုတ်ပေးနိုင်ရေးဟူသော ရည်ရွယ်ချက်လည်းပါပါတယ်''ဟု ရာပြည့်အထွေထွေအတွင်းရေးမှူး ဒေါက်တာဦးစိုးမင်းက ဖောင်ဒေးရှင်းနှင့်ပတ်သက်သည့် ရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ထို့ပြင် ဖောင်ဒေးရှင်းမှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖောင်ဒေးရှင်းအထောက်အကူပြုအဖွဲ့များဖွဲ့စည်းကာ နိုင်ငံတစ်ဝန်း **ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဂုဏ်အရည်အချင်းရှိသည့်လူငယ်များကို ဖော်ထုတ်၍ သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းများနှင့်အညီ အောင်ဆန်းဂုဏ်ရည်ဆုကိုလည်း နှစ်စဉ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း** သိရသည်။

ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ရာပြည့်ကျင်းပရေးကော်မတီမှ လက်ခံရရှိထားသည့် အလှူငွေများနှင့် အလှူရှင်များ၏ ထပ်မံလှူဒါန်းငွေများဖြင့် ရန်ကုန်မြို့ရှိ **ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ ဝင်ပေါက်တံခါးပျက်စီးနေမှုအတွက်လည်း ပြန်လည်ပြုပြင်မှုများ ပြုလုပ်နေပြီး လာမည့်ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် အောင်ဆန်းဂုဏ်ရည်ဆုကို ပေးအပ်သွားမည်ဖြစ်ကြောင်း**လည်း သိရသည်။

**မျိုးကျော်စိုး (သတင်း၊ ဓာတ်ပုံ)**

## Brief News From Pyi Myanmar Daily

**အထွေထွေ**

### မော်လမြိုင်တွင် နေအိမ်ပေါ် ကုက္ကိုပင်ပိကျ၍ ကလေးငယ်တစ်ဦးသေဆုံး

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကွင်း ရပ်ရပ်ကွက်၊ ငန်းတေးလမ်း၊ မီးရထားဝန်ထမ်းဝင်းအတွင်းရှိ နေအိမ်ပေါ်သို့ ကုက္ကို ပင်ပြိုကျ၍ နေအိမ်သို့အလည်ရောက်ရှိနေသည့် အသက်တစ်နှစ်ခွဲအရွယ် ကလေး တစ်ဦးနေရာတွင်ပင် သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ ''မော်လမြိုင်မှာ မိုးတွေဆက်တိုက် ရွာနေတာ သုံးရက်လောက်ရှိပြီ။ ညကလည်း မိုးတအားကြီးတယ်။ မနက် ၅ နာရီလောက်မှာ အိမ်ပေါ်ကိုအပင်လဲပြိုကျတာပဲ။ အိမ်မှာ လူ ၉ ယောက်ရှိတယ်။ အပင်ကပိတော့ ထွက်ပေါက်မရှိတော့ဘူး။ ထွက်လို့လည်း မရဘူး။ ပြတင်းပေါက်တံခါးတစ်ခုက ပွင့်နေတော့ ပြတင်းပေါက်ကနေ ခုန်ချရတယ်။ ကလေးကတော့ ဆွဲထုတ်လို့မရဘူး။ ဒါကြောင့် ကလေးသေဆုံးသွားတာဖြစ်နိုင်တယ်''သစ်ပင်ပိခံရသည့် နေအိမ်ပိုင်ရှင် ဒေါ်မာမီ(ခ) ဒေါ်ချို ချိုလွင်က ပြောသည်။

### Boat People များအတွင်း ပါဝင်သည့် နိုင်ငံသားများအား မိသားစုထံလွှဲပြောင်း

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် တွင် ကယ်ဆယ်ထားသည့် Boat People များအနက် မြန်မာဘက်ခြမ်းမှ ဒုက္ခသည် များကို ၎င်းတို့၏မိသားစုများထံ လွှဲပြောင်းထားပြီးဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သိရှိရသည်။ မောင်တောခရိုင် တောင်ပြို မြို့နယ်တွင် ကယ်ဆယ်ထားသည့် လှေစီးဘင်္ဂါလီ ၇၀၀ ကျော်ထဲမှ မြန်မာနိုင်ငံသား ၁၉၅ ဦးကို ၎င်းတို့၏ မိသားစုဝင်များနှင့် ဆက်သွယ်ကာ ဇွန်လနောက်ဆုံးပတ်အတွင်း လွှဲပြောင်းထားပြီးဖြစ်ကြောင်းဟု ညွှန်ကြားရေးမှူး ဦးခင်စိုးကပြောသည်။

မူပိုင်ကုန် အမှတ်တံဆိပ် အဖြစ် မှတ်ပုံတင်ထားသော Update Designs များ

# SPIKE

COLLECTION

lady's wears


























Contact Us:

Cho Cho Phyu Fashion Shop(Yangon)tel: 01-296358,296866,200747(Ext:1881/7938/1811)
Cho Cho Phyu Fashion Shop(Yangon)tel: 01-205958,01-20747(Ext:7142)
Cho Cho Phyu Fashion Shop(Yangon)tel: 09-420318608,09-253238471
Cho Cho Phyu Sale& Marketing Distribution (Yangon)tel: 01-205943,09-250812569,09-250812570, 09-250812571,09-250812572

Cho Cho Phyu Fashion Shop(Mandalay)tel: 02-31937,86368,092021470,092004576,02-23296,32138
Cho Cho Phyu Fashion Shop(Mandalay)tel: 02-86348,36909,(Ext:3211)092052727,096971585
Pyae Sone Fashion Shop tel: 01-297837,01-293964,01-200747(Ext:1221,1331), 01-205866(Ext:3005)
Daw Win Fashion Shop tel: 01-200796 , 01-200559 , 01-200747(Ext:1444)
Five Star Fashion (Mandalay) tel: 02-34845,02-4000297,09-2053212

# သင့်ကျန်းမာရေးအတွက် ဒါတွေသိရဲ့လား

## အသက် ၅၀ ကျော်ရင် ပဲအမျိုးမျိုးကိုနေ့စဉ်စားပါ

ပဲနီလေးဒါမှမဟုတ် ပဲဟင်းတစ်ခွက်စာကို နေ့စဉ်စားသုံးတာကြောင့် သွေးတွင်းမကောင်းတဲ့ကိုလက်စထရောအဆင့်ငါးရာခိုင်နှုန်းလျှော့ကျနိုင်တယ်လို့ လေ့လာမှုအရသိရပါတယ်။ တခြားလေ့လာမှုအရလည်း အမျိုးအစား (၂) ဆီးချိုရောဂါရှိသူတွေအနေနဲ့ နေ့စဉ်ပဲဟင်းတစ်ခွက်စားတာကြောင့် သွေးတွင်းသကြားဓာတ်ကိုထိန်းချုပ်နိုင်တယ်လို့သိရပါတယ်။ **ဒေါက်တာခင်မိုးမိုး**

## အဆုတ်ကြွက်သားများ သန်စွမ်းစေရန်

အသက်ပြင်းပြင်းရှူသွင်းရှူထုတ်တာကြောင့် အဆုတ်ကြွက်သားတွေကိုသန်စွမ်းစေပြီး ခန္ဓာကိုယ်ကိုအောက်ဆီဂျင်ရောက်ရှိစေပါတယ်။ လူတွေဟာယေဘုယျအားဖြင့် အောက်ဆီဂျင်နည်းနည်းပဲရှူဖြစ်တာကြောင့်မောပန်းတာနဲ့ တက်ကြွမှုအားနည်းတာတို့ ခံစားရတတ်ပါတယ်။ **ဖွန်(ဆေးဝါးတက္ကသိုလ်)**

## ငှက်ပျောသီးက ခြင်ပြေးစေတယ်

ငှက်ပျောသီးက ကျန်းမာရေးနဲ့ညီညွတ်တဲ့အစာဖြစ်လို့ တစ်ပတ်ကိုခုနစ်လုံးလောက်စားသုံးသင့်ပါတယ်။ ငှက်ပျောသီးအခွံကခြင်ကိုက်တာကြောင့်အရေပြားယားယံတာနဲ့ ရောင်ရမ်းတာကို သက်သာစေပါတယ်။ ငှက်ပျောခွံအနံ့ကခြင်ပြေးစေတယ်ဆိုတာကို သင်သိပါရဲ့လား။ **ဇာခြည်ဝင်း(ဆေးဝါးတက္ကသိုလ်)**

## သွားတိုက်ဆေးက သင့်လက်သည်းကိုအရောင်တင်ပေးနိုင်

သွားတိုက်ဆေးကိုမီးခြစ်ဆံခေါင်းပမာဏလောက်တို့ပြီး လက်သည်းခွံပေါ်မှာပွတ်တိုက်ပေးပါ။ ၁၀မိနစ်လောက်ကြာချိန်မှာ ဂွမ်းဖတ်နဲ့ပွတ်တိုက်သန့်စင်ပေးနိုင်ပါတယ်။

လမင်းလေး


သုခ ဆေးခန်း

သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း

- အဆင့်မြင့် သူနာပြုအကူနှင့် ဆေးဝါးကျွမ်းကျင်မှုသင်တန်း (၃လ သင်တန်း)
- အဆင့်မြင့် ဆေးဝါးကျွမ်းကျင်မှုနှင့် ကျန်းမာရေးအကူသင်တန်း (၂လ သင်တန်း)
- Diploma သူနာပြုအကူအထူးသင်တန်း (၄လ သင်တန်း)
- Diploma ဆေးဝါးကျွမ်းကျင်မှုအထူးသင်တန်း (၄လ သင်တန်း)
- အဆင့်မြင့် ဓါတ်ခွဲကျွမ်းကျင်မှုအကူသင်တန်း (၂လ သင်တန်း)

- National Center For Competency Testing (USA)

သုခအထူးကုဆေးခန်း

Advanced National Health Care Center

ဖုန်း - ၀၉-၇၃၀၁၇၄၀၈

မင်းသုခ - သင်တန်းခန်းမ

IT-22 INTERNET CAFE

No. (23/W-1), 22-C လမ်း၊ 81×82 လမ်းကြား






Website : www.atmgold.com
Email : sungthamardi.info@gmail.com
Facebook : www.facebook.com/atmd.goldshopandrefinery

0991007535


# ကိုရီးယားအထည်ချုပ် လုပ်ငန်းကြီးများ မြန်မာပြည်တွင်း ဝင်ရောက်ရန် စောင့်ကြည့်မှုများ ပြုလုပ်နေ

ကိုရီးယားနိုင်ငံအတွင်းရှိ အထည်ချုပ်စက်ရုံကြီးများမှ မြန်မာပြည်တွင်း ဝင်ရောက်ရန် အတွက် စောင့် ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း ကိုရီးယားအထည်ချုပ်လုပ်ငန်းရှင်များ အသင်းမှဥက္ကဋ္ဌ Mr. on Ho Seo က ပြောကြားသည်။

**လက်ရှိတွင် ဆောင်ရွက်နေသည့် အနည်းဆုံးလုပ်ခလစာကိစ္စများ၊ နိုင်ငံတကာ ပိတ်ဆို့မှုများကို ဦးစားပေးစောင့်ကြည့်နေခြင်းဖြစ်ကာ** မြန်မာပြည်တွင်း ဝင်ရောက်လေ့လာမှုများလည်း ပြုလုပ်လျက်ရှိကြောင်း ၎င်းကထပ်မံ ပြောဆိုသည်။ ``မြန်မာပြည်ထဲဝင်လာပြီး အခြေအနေလာကြည့်တဲ့ ကိုရီးယား လုပ်ငန်းရှင်တွေ ရှိနေတယ်။ ဝင်တာထွက်တာ စာရင်းအတိအကျတော့မရှိဘူး။ ဒါပေမဲ့ စောင့်ကြည့်နေကြတာတော့ အမှန်ပဲ။ **ဝင်လာရင်လည်း အသေးလေးတွေ မဟုတ်ဘဲ အထည်ချုပ် လုပ်ငန်းကြီးတွေ ဝင်လာဖို့ ရှိတယ်။** သူတို့က အမေရိကန် Sanction ကို စောင့်ကြည့်နေတယ်။ Sanction ဖွင့်လိုက်ရင် အများကြီးလာဖို့ ရှိတယ်´´ဟု Mr.W on Ho Seo ကပြောသည်။

အထည်ချုပ်စက်ရုံကြီးများဝင်ရောက်ရာတွင် လက်ရှိ လုပ်ကိုင်နေသည့် CMP (လက်ခစား) အမျိုးအစားများ ဝင်ရောက်မည် မဟုတ်ဘဲ **ကိုယ်တိုင်အထည်ဝယ်ချုပ်လုပ်သည့်လုပ်ငန်း အများဆုံးပါရှိလာမည်ဖြစ်ပြီး** စက်ရုံကြီးများသည် လက်ရှိမြန်မာနိုင်ငံတွင်း လုပ်ကိုင်နေသည့် စက်ရုံအသေးများထက် စီးပွားရေးဒဏ်ကို ပိုမိုခံနိုင်မည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ထပ်မံပြောသည်။

ကိုရီးယား အထည်ချုပ်လုပ်ငန်းများအနေဖြင့် ကိုရီးယားနိုင်ငံတွင် ဆောင်ရွက်ခဲ့သကဲ့သို့ မြန်မာပြည်တွင် လည်း အသက် ၂၀ မှ ၂၅ အတွင်းရှိ လုပ်သားများကို စာချုပ်ဖြင့် ပညာသင်ရင်း အလုပ်လုပ်နိုင်မည့် အခွင့်အလမ်းများကိုလည်း ဖန်တီးသွားရန်ရှိကြောင်း ကိုရီးယား အထည်ချုပ်လုပ်ငန်းရှင်များ အဖွဲ့ချုပ်ထံမှ သိရသည်။

**ထက်အောင်ဖြိုး**

# လက်ရှိ လွှတ်တော်သက်တမ်းအတွင်း ကွန်ဒိုမီနီယံဥပဒေ ထွက်လာနိုင်ခြေမရှိတော့ဟု ဆောက်လုပ်ရေးလုပ်ငန်းရှင်အချို့သုံးသပ်

လွှတ်တော်စတင်ပြီး တစ်နှစ်ကျော်ကာလအတွင်းကတည်းက အတည်ပြုထုတ်ပြန်နိုင်ရန် ကြိုးပမ်းနေသော ကွန်ဒိုမီနီယံဥပဒေမှာ လက်ရှိလွှတ်တော်သက်တမ်းအတွင်း၌ ထုတ်ပြန်လာရန် မဖြစ်နိုင်တော့သည့်အနေအထားကို မြင်လာရကြောင်း ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေအသိုင်းအဝိုင်းက ၂၇-၆-၂၀၁၅ ရက်တွင် သုံးသပ်ပြောကြားလာကြသည်။

ယင်းကဲ့သို့ ဖြစ်လာရခြင်းမှာ **လက်ရှိလွှတ်တော်၌ ကွန်ဒိုမီနီယံ ဥပဒေထက်ပို၍ အရေးကြီးသော ဥပဒေများ၊ အဆိုပြုချက်များ အရေးကြီးအဆိုများကို မကြာခဏဆွေးနွေးနေရခြင်းများကြောင့်ဖြစ်နိုင်ပြီး** လွှတ်တော်အသိုင်းအဝိုင်းကလည်း လုပ်ငန်းရှင်အသိုင်းအဝိုင်း ဘက်က အကျိုးအမြတ်ပိုများနိုင်သည့် ယင်းဥပဒေကိုထုတ်ပြန်ပေးရန်လက်တွန့်နေသည့်သဘောဟု မြင်မိကြောင်း ဆောက်လုပ်ရေးလုပ်ငန်းရှင် တစ်ဦးက သုံးသပ်သည်။

``ဆောက်လုပ်ရေးလုပ်ငန်းရှင် လွှတ်တော်ကိုယ်စားလှယ်တချို့နဲ့ စကားပြောကြည့်တော့ သူတို့ဘက်က ထွက်လာတဲ့ စကားသံတွေမှာ ဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်စုပဲ ပိုပြီးကောင်းစားမယ့် ဒီဥပဒေထွက်လာဖို့ကို သူတို့ကိုယ်တိုင်က တိုက်တွန်းဖို့ ဝန်လေးနေတယ်လို့ ပြောကြတယ်။ ဆိုလိုတာက ဒီသက်တမ်းမှာတော့ ထုတ်ပြန်ဖို့ မဖြစ်နိုင်တော့တဲ့သဘောပဲ´´ဟု ရန်ကုန်မြို့လယ်ကောင်ရှိ အထပ်အမြင့်ဆုံး အဆောက်အအုံတစ်ခုတွင် ပါဝင်လုပ်ကိုင်နေသူဆောက်လုပ်ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ယင်းဥပဒေ ထွက်မလာသေးခြင်းကြောင့် ရန်ကုန်မြို့ရှိ အထပ်မြင့် ကွန်ဒိုစီမံကိန်းကြီးအချို့မှာ နိုင်ငံခြားသားထံသို့ နှစ်ရှည်အငှားဖြင့် ရောင်းချထားနိုင်ရေးမှာ အခွင့်အလမ်းနည်းလာခဲ့ပြီး **ပြည်တွင်းဈေးကွက်ဆီသို့ အချို့သော ကွန်ဒိုစီမံကိန်းကြီးများက စတင်ဈေးကွက်ရှာ လာကြသည်ဟု** သိရသည်။ ``ဥပဒေမပြီးသေးရင်တော့ အိမ်ရာဈေး တက်ဖို့က ခက်နေဦးမယ်။ ထွက်မထွက်ကိုတော့ မှန်းရခက်တယ်။ **လွှတ်တော် လမ်းကြောင်းက မှန်းဆရခက်တယ်။ ဒီနေ့မနက်ဖြန် ထပြီးဆွေးနွေးလိုက်ရင်လည်း ဖြစ်နိုင်တာပဲ ဆိုတော့မှန်းရခက်တယ် ပြောတာပါ**´´ဟု ဇေကမ္ဘာလုပ်ငန်းစုမှ ဒုတိယဥက္ကဋ္ဌ ဦးဇေသီဟကသုံးသပ်ပြောကြားသည်။

**အေဝိုင်အီး**



# ဇွန်လအတွင်းထွက်ရှိမည့် အနည်းဆုံးအခကြေးငွေနှုန်းထားကို ကျေနပ်မှုမရှိလျှင် ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်နိုင်

ယခုဇွန်လအတွင်းထွက်ရှိမည့် အနည်းဆုံးအခကြေးငွေနှုန်းထား သတ်မှတ်ချက်ကို **လုပ်ငန်းရှင်များ အလုပ်သမားများနှင့် ပြည်သူများကကျေနပ်မှုမရှိလျှင် ကန့်ကွက်နိုင်ကြောင်း အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အမျိုးသားအဆင့်ကော်မတီထံမှ** ၂၇-၆-၂၀၁၅ ရက်ကသိရသည်။

ဇွန်လ ၂၄ ရက်နေ့ ရန်ကုန်၌ပြုလုပ်သော အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးအမျိုးသားအဆင့်ကော်မတီအစည်းအဝေးတွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ၏ **သဘောတူညီမှုအရ လုပ်ခစံနှုန်းကို ကျပ် ၃၂၀၀ နှင့် ၄၀၀၀ ကြားတွင် သတ်မှတ်ပေးမည်ဖြစ်ကာ ဇွန်လအတွင်း၌ပင် နှုန်းထားတစ်ခုကိုထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း** သိရသည်။

``အခုဇွန်လမကုန်ခင်မှာ လုပ်ခစံနှုန်းတစ်ခုကို တစ်နိုင်ငံလုံး တစ်ပြေးညီ ထုတ်ပြန်ပေးသွားပါမယ်။ အဲဒီထုတ်ပြန်ပေးတဲ့ စံနှုန်းကိုမကျေနပ်တဲ့ အလုပ်သမား၊ အလုပ်ရှင်၊ ပြည်သူတွေအနေနဲ့ ကန့်ကွက်လွှာတင်လို့ရပါတယ်။ ဒါကို ရက်ပေါင်း ၆၀ အတွင်းမှာ ပြုလုပ်ခွင့်ပေးထားပါတယ်။ **ရက်ပေါင်း ၆၀ ကျော်လွန်လို့မှ ကန့်ကွက်မဲ့သူမရှိဘူးဆိုရင်၊ အဲဒီနှုန်းထားကို အတည်ပြုမယ်**´´ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးမျိုးအောင်ကပြောသည်။အဆိုပါ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရန်အတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် ဝန်ကြီးဌာနတို့ **အကြိမ်ကြိမ် အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ခဲ့ရာ** ဇွန်လ ၂၂ ရက်နေ့နှင့် ၂၃ ရက်နေ့တို့တွင် ရန်ကုန်မြို့စက်မှုလက်မှုကုန်သည်ကြီးများအသင်းချုပ်၌ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမားများက သတ်မှတ်တစ်နေ့အလုပ်ချိန် ၈ နာရီလျှင် ကျပ် ၄၀၀၀ ပေးရန် တောင်းဆိုကြ၍ CNP (လက်ခစားစနစ်) လုပ်ငန်းရှင်များဘက်မှ ကျပ် ၂၅၀၀ သာ ပေးနိုင်သည်ဟု တင်ပြမှုများ ရှိလာသော်လည်း ဇွန် ၂၄ ရက်တွင်ပြုလုပ်သော အနည်းဆုံးအခကြေးငွေသတ်မှတ်ရေး အမျိုးသားအဆင့်ကော်မတီမှ ကျပ် ၃၂၀၀ မှ ၄၀၀၀ ကြား သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်းသိရသည်။

ထို့ကြောင့် **ကိုရီးယားအထည်ချုပ်လုပ်ငန်းရှင်များအနေဖြင့် ယခုအနည်းဆုံးအခကြေးငွေသတ်မှတ်ရာတွင် လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးရန် တောင်းဆိုသွားမည်ဖြစ်ကြောင်း** သိရသည်။

**လဝန်း**

# ဖလန်းဖလန်းအင်တာနက်
# 3G ၆ကျပ်/MB

လူတိုင်းအတွက် မြန်ဆန်တဲ့အင်တာနက်ကို
အသက်သာဆုံးဈေးနဲ့ အခုပဲယူလိုက်ပါ။

ooredoo



#PHALANPHALAN

စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို WWW.OOREDOO.COM.MM တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။

စိမ်းလန်းသော အတွေးရှက်သစ်များ




## အဝိကဟာအဝိကပဲ

''မဲစာရင်းတချို့ မှားနေတယ်လို့ ကြားတယ်။ ငါတို့နာမည်တွေပါ၊ မပါ စစ်ဆေးကြည့်ရဦးမယ်''

''ဒါကရှင့်အလုပ်၊ ရှင့်လစာအိမ်ကို အကုန်ပါ၊ မပါ စစ်ဆေးရမှာက ကျွန်မအလုပ်။ ဒါပဲ''

''ဟိုက်''



## စိတ်ကူးယဉ်လိုက်ပုံက

''ရွှေတစ်ကျပ်သားလောက်ဝယ်ရင် ကောင်းမလားပဲ''

'' ရှင်ရတဲ့လစာနဲ့ တန်ရာတန်ရာလည်းပြောဦး။ ယောက်မစာမိသွားမယ်''

''ညက လွှတ်တော်ကိုယ်စားလှယ်ဖြစ်တယ်လို့ အိပ်မက်မက်လို့ပြောကြည့်တာပါကွာ''

# မဲဆွယ်စည်းရုံးမှုတွင် စင်းလုံးငှားလေယာဉ် သို့မဟုတ် ရဟတ်ယာဉ်များ သုံးစွဲခရီးသွားခြင်းမပြုရန် ကော်မရှင်တားမြစ်

ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် ဝေလံသောအရပ်သို့ သွားမည်ဆိုပါက ရဟတ်ယာဉ်သို့မဟုတ် စင်းလုံးငှားလေယာဉ်တို့ဖြင့် အသုံးပြုသွားလာခြင်းများ ရှောင်ကြဉ်ရမည်ဟု မဲဆွယ်စည်းရုံးရေး ပြဋ္ဌာန်းချက်ထုတ်ပြန်မှုတွင် ဖော်ပြထားကြောင်း သိရသည်။

မြန်မာနိုင်ငံ၏အနေအထားနှင့်ယှဉ်လျှင် **ကိုယ်စားလှယ်လောင်း တစ်ဦးက လေယာဉ်စင်းလုံးငှားသို့ မဟုတ် ရဟတ်ယာဉ်ဖြင့်သွားရောက် မဲဆွယ်နိုင်မည်ဆိုသည်မှာ လက်တစ်ဆုပ်စာ လူတန်းစားတစ်ရပ်အတွက်သာဖြစ်ပြီး ယင်းအချက်က မည်သည့်ပုဂ္ဂိုလ်များကို ရည်ညွှန်းထားခြင်းဆိုသည်ကို ဖော်ပြထားခြင်းမရှိသည်ကိုလည်းတွေ့ရသည်။ ယင်းအပြင် မိမိကိုယ်တိုင်အတွက် သို့မဟုတ် ပါတီအတွက် မဲဆွယ် စည်းရုံးမှု၌ မီဒီယာများက အသားပေးဖော်ပြနိုင်ရန်အတွက် သတင်းသမားများနှင့် မီဒီယာတိုက်များကို တံစိုးလက်ဆောင်ပေးခြင်း၊ စည်းရုံးသိမ်းသွင်းခြင်းမပြုလုပ်ရကြောင်းလည်း** ဖော်ပြပါရှိသည်။ ပို၍ စိတ်ဝင်စားဖွယ်အကောင်းဆုံးအချက်မှာ **မဲဆွယ်စည်းရုံးရေးကာလအတွင်း အခြားပါတီများကို အသရေဖျက်ခြင်း၊ ပုတ်ခတ်ခြင်း၊ မပြုရန်ဟူ၍** ဖြစ်ပြီး ယင်းကျင့်ဝတ်ကို လက်မှတ်ရေးထိုးသူများသည် **အခြားပါတီမှ ခေါင်းဆောင်များ၊ရွေးကောက်ခံကိုယ်စားလှယ်များနှင့်ထောက်ခံသူများအား ၎င်းတို့၏ပုဂ္ဂလိကဘဝနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လွတ်လပ်မှုကို ထိခိုက်စေနိုင်သော မမှန်မကန်ဝေဖန်တိုက်ခိုက်မှုများပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်ဟုလည်းဖော်ပြပါရှိသည် ။ ယင်းအပြင် လူမျိုးရေး၊ ဘာသာရေး ယုံကြည်မှု ကျား-မ လူမှုရေး၊ မွေးဖွားရာဒေသ ပညာရေးအပြင် အခြားသော ကိစ္စရပ်များ၌ ခွဲခြားဆက်ဆံပြောဆိုမှုများမလုပ်ရန်**ဆိုသည့်အချက်လည်းပါဝင်နေကြောင်း သိရသည်။

''ပြောသင့်တာတွေပြောရမှန်း မပြောသင့်တာတွေ မပြောရမှန်း တားမြစ်ချက်လေးတွေပါတယ်၊ **ဒါမျိုးကိုမလုပ်ပါနဲ့ ဒါမျိုးကိုလုပ်ပါဆိုတဲ့သဘောမှာ ဒီလိုဟာမျိုးတွေကို ကျွန်တော်တို့က ကျင့်ဝတ်ပါပဲ၊ ဥပဒေဟာ ဥပဒေပေါ့ ဥပဒေကလည်း ရှိပါတယ်။ မလိုက်နာဘူးဆိုလို့ရှိရင်တော့ ဥပဒေကြောင်းနဲ့ငြိရင်တော့ တည်ဆဲဥပဒေအရ အရေးယူမှာပေါ့နော်**''ဟု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ဇွန်လ ၂၆ ရက်နိုဗိုတယ် ဟိုတယ်၌ ပြောသည်။

''နည်းနည်းတော့ ဝေဖန်လိုက်မယ်၊ **မမှန်တာကို ပုတ်ခတ်မပြောဆိုရဘူးဆိုတော့ မှန်တာပဲပြောမယ်။CharterFlight တွေ ဘာတွေမသုံးရဘူးဆိုတော့ ကျွန်တော်တို့က နဂိုကတည်းက မသုံးနိုင်ပါဘူး၊ သုံးခဲ့တဲ့ သူတွေလည်း နောက် မသုံးကြနဲ့ပေါ့ဗျာ**''ဟု လွှတ်တော်ကိုယ်စားလှယ် ဦးလှဆွေက ၎င်း၏လူမှုကွန်ရက်၌ ဇွန်လ ၂၇ ရက်ကရေးသားထားသည်ကိုတွေ့ရသည်။

**Iris**




# အထည်ချုပ်အော်ဒါ အမှာများသောအချိန်ဖြစ်သော်လည်း အနိမ့်ဆုံးလုပ်ခ မသတ်မှတ်ခင်အထိ လုပ်ငန်းရှင်များ အော်ဒါလက်မခံရဲဖြစ်နေ




**လက်ရှိရာသီမှာ အထည်ချုပ်လုပ်ငန်းအတွက် အမှာစာ ( Order ) များများ ရရှိသော ရာသီဖြစ်သော်လည်း အထည်ချုပ်လုပ်ငန်းရှင်အများစု မှာ အနည်းဆုံး လုပ်ခလစာ ဆွေးနွေးမှု ရလဒ်ကို စောင့်ဆိုင်းနေရသဖြင့် အမှာစာများကို လက်မခံရဲဖြစ်နေရကြောင်း** စက်မှုဇုန်အသိုင်းအဝိုင်းက ပြောသည်။

အနည်းဆုံး လုပ်ခလစာကိစ္စမှာလိပ်ခဲတည်းလည်းဖြစ်နေသော အခြေအနေတွင် ရှိနေပြီး **ယင်းမှထွက်လာသောရလဒ်က အလုပ်သမားများ လိုချင်သောအဖြေမဟုတ်ပါက ဖြစ်လာမည့် တုံ့ပြန်မှုမှာ မှန်းရခက်သည့်အတွက် လုပ်ငန်းရှင်များက သတိထားနေရကြောင်း**လည်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ ''ဒီရာသီက Order အင်မတန်ကျတဲ့အချိန်ဗျာ။ အထည်ချုပ်လုပ်ငန်းတွေအတွက် လာမယ့်နွေရာသီ၊ ဆောင်းရာသီအတွက် အော်ဒါတွေ အပ်တဲ့အချိန်ပေါ့ဗျာ။ **လူတွေ လက်မလည်အောင် အလုပ်လုပ်ရမယ့် အချိန်ပေါ့ ။ ဒါပေမဲ့အခု အနိမ့်ဆုံးလုပ်ခလစာကိစ္စကို စောင့်ကြည့်နေရတဲ့ အတွက်ကြောင့် အလုပ်ရှင်တွေကအော်ဒါကို ရဲရဲဝံ့ဝံ့လက်မခံရဲဘူးဖြစ်နေတယ်**''ဟု လှိုင်သာယာမြို့နယ်အတွင်းရှိ စက်မှုဇုန်တစ်ခုမှ ဥက္ကဋ္ဌတစ်ဦးက ပြောသည်။ **အနိမ့်ဆုံးလုပ်ခ လစာအတွက် လုပ်သားများကတစ်ရက်လျှင် ကျပ် ၄၀၀၀ တောင်းထားကြပြီး လုပ်ငန်းရှင်ဘက်ကကျပ် ၂၅၀၀ အထိ မြှင့်ပေးလာနေကြောင်း၊ ယင်းအနေအထားမှာလည်း အချိန်ပို လုပ်အားခများနှင့် ထည့်တွက်လျှင် တစ်လ ကျပ်တစ်သိန်းကျော် ရနိုင်မည့် အခွင့်အလမ်းတွင်ရှိကြောင်း** ၎င်းက ဆိုသည်။ ''**အော်ဒါကိစ္စက အလျော်အစားရှိတယ်။** အခြေခံလစာကို သတ်မှတ်ပြီးရင်တောင် အလုပ်သမားတွေရဲ့ သဘောတရားအရ အလုပ်ကို တကယ်မလုပ်လာရင် လုပ်ငန်းရှင်က ပြန်လျော်ရမှာ''ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **လုပ်ငန်းရှင်များဘက်က အလုပ်သမားများတောင်းဆိုသော တစ်ရက်အနည်းဆုံးလုပ်ခကို ပေးချေလိုသော်လည်း အလုပ်ရရှိမှု ၊ အမြတ်အစွန်းအနေအထားနှင့် ချိန်တွက်နေရသဖြင့်** ၎င်းတို့ပေးနိုင်ဆုံးသော တစ်ရက်လုပ်ခကို အလုပ်သမားဝန်ကြီးဌာနနှင့် အခြားသောသက်ဆိုင်ရာဌာနများထံ တင်ပြထားခဲ့ပြီး ဇူလိုင်လအတွင်း ဝန်ကြီးဌာနက ကြားဝင် ညှိနှိုင်းပေးနိုင်လိမ့်မည်ဟု ယူဆထားကြကြောင်းလည်း သိရသည်။

**အေဝိုင်အီး**

## Brief News From Pyi Myanmar Daily

### အထွေထွေ

### ရခိုင်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်း၍ စစ်တွေမြို့ရှိ ပွိုင့်ကမ်းခြေ ရှုခင်းသာလမ်း ပေ ၅၀ ခန့် မြေအောက်သို့ ကျွံကျ

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အ ချို့တွင် ယခုရက်ပိုင်းအတွင်းမိုးသည်းထန်စွာ ရွာသွန်းလျက်ရှိကြောင်း သတင်းရရှိသည်။လွန်ခဲ့သည့် သုံးရက်ခန့်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းနေသောကြောင့် နေရာအချို့တွင် ရေလျှံလျက်ရှိပြီး၊ လမ်းမများတွင်လည်း လူအသွားအလာ ပြတ်လျက်ရှိကြောင်း မြောက်ဦးမြို့မှ ကိုအောင်ထွန်းက ပြောသည်။ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းခဲ့သောကြောင့် ရခိုင်ပြည်နယ်၏မြို့တော် စစ်တွေမြို့ရှိ အထင်ကရနေရာတစ်ခုဖြစ်သော ပွိုင့်ကမ်းခြေရှိ ရှုခင်းသာလမ်းသည် ပေ ၅၀ ခန့်မြေအောက်သို့ ကျွံကျပျက်စီးသွားခဲ့သည်။

### ကိုရီးယားကူညီငွေ ဒေါ်လာ ၂၂ သန်းဖြင့် ကျေးရွာ ၁၀၀ တည်ထောင်မှုစတင်ရန် နှစ်ဖက်တာဝန်ရှိသူများ ထပ်မံဆွေးနွေး

ကိုရီးယားနိုင်ငံမှ ကူညီသော ဒေါ် လာ ၂၂ သန်းဖြင့် ကျေးရွာသစ် စီမံကိန်းရွာပေါင်း၁၀၀ တည်ဆောက်ရေးအတွက် စတင်အကောင်အထည်ဖော်မည့်အပိုင်းများကို နှစ်ဖက်တာဝန်ရှိသူများ ဇွန်လ ၂၆ ရက်ကဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ ယင်းမှာ မြန်မာ-ကိုရီးယား အစိုးရချင်း သဘောတူညီချက်အရ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၁၀၀ ရွာကို တစ်ချိန်တည်း၊ ကျေးရွာသစ်စီမံကိန်းလှုပ်ရှားမှုအကောင်အထည်ဖော်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ KOICA တို့က ၂၇-၂-၂၀၁၄ ရက်တွင် နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်း၏ နောက်ဆက်တွဲအဖြစ် နှစ်ဖက်တာဝန်ရှိသူများက ဇွန်လ ၂၆ ရက်၌ နေပြည်တော်တွင်ဆွေးနွေးကြခြင်းဟု သိရသည်။

### ထောင်တွင်းအကျဉ်းကျခံနေရသည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှ အလုပ်နှင့် ထောင်ဒဏ်ခြောက်လ ပြစ်ဒဏ်ထပ်မံချမှတ်

ထောင်တွင်းအကျဉ်းကျခံနေရဆဲဖြစ်သည့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သည့် ဒေါ်နော်အုန်းလှကို သာသနာအကျိုးနောက်ယှက်ဖျက်ဆီးမှုဖြင့် ဇွန်လ ၂၆ ရက် အလုပ်နှင့် ထောင်ဒဏ် ၆ လပြစ်ဒဏ်ထပ်မံချမှတ်လိုက်ကြောင်း သိရသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှက ၂၀၀၇ ခုနှစ်က ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွှတ်မြောက်ရေးအတွက် ရွှေတိဂုံစေတီတော်အင်္ဂါနံထောင့်တွင် ဝတ်ပြုဆုတောင်းမှုများပြုလုပ်ခဲ့ခြင်းကြောင့် ၂၀၁၃ ခုနှစ်ကသာသနာအကျိုးနောက်ယှက်ဖျက်စီးမှု ပုဒ်မ ၂၉၆ဖြင့် ဘုရားဂေါပကအဖွဲ့ဝင်ဟောင်းမှ တရားလိုပြုလုပ်တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

jynfrefmowif*sme,f | Swesone Media Group၊ Central Tower၊ ပထမထပ်၊ အနော်ရထာလမ်း၊ (၁၉ လမ်းထောင့်)၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၇၃၀၃၉၁၉၄၊ ၃၇၅၂၉၃၊ ၃၉၂၇၃၉

PHOTO ALBUM
မှတ်တမ်းဓာတ်ပုံ မြင်ကွင်းစုံ


ရတနာပူရ အင်းဝမြို့ဟောင်း၏ မြို့ရိုးတစ်နေရာ

# ရတနာပူရ အင်းဝမြို့သို့ တစ်ခေါက်


ဆီမီးဘုရားစုရှိ ရှေးဟောင်းဘုရားတစ်ဆူ

ဒေါက်တာတင်ထွန်းဦး


ဒုဌဝတီမြစ်၏ အမရပူရဘက်ခြမ်းမှ သင်္ဘောအချို့


ဤစက်လှေဖြင့် ဒုဌဝတီမြစ်ကို ဖြတ်ကူးခဲ့သည်


ဧရာဝတီမြစ်ထဲသို့ ဒုဌဝတီမြစ်စီးဝင်ရာ၌ ရေအရောင်နှစ်မျိုးမြင်တွေ့ရ


စစ်ကိုင်းတံတားအဟောင်းနှင့် အသစ်တို့ကို ဒုဌဝတီမြစ်ထဲမှ မြင်တွေ့ရပုံ


ဆင်ကျုံးခံတပ်ပေါ်မှ စစ်ကိုင်းတောင်ရိုးကို လှမ်းမြင်ရပုံ


အင်းဝမြို့ဟောင်းဆိပ်ကမ်း


မဟာအောင်မြေဘုံစံ (မယ်နုအုတ်ကျောင်း) သို့အဝင်

မန္တလေးမြို့သို့ ရောက်ရှိကြသည့် ပြည်တွင်းပြည်ပ ခရီးသည်များသည် မန္တလေး၊ အမရပူရနှင့် စစ်ကိုင်းမြို့တို့တွင် နေရာအနှံ့ သွားရောက်လေ့လာလေ့ရှိကြပြီး အချို့ကလည်း ဧရာဝတီ မြစ်အနောက်ဘက်ကမ်းရှိ မင်းကွန်းခေါင်းလောင်းကြီးနှင့် ပုထိုးတော်ကြီးတည်ရှိရာ မင်းကွန်းသို့လည်းကောင်း၊ မုံရွာဒေသသို့လည်းကောင်း သွားရောက်ကြသကဲ့သို့ အရှေ့မြောက်ဘက်ရှိ ပြင်ဦးလွင်မြို့အထိ သွားရောက်လေ့လာလေ့ရှိကြပါသည်။ သို့ရာတွင် မန္တလေးမြို့မှ မိုင် ၂၀ ခန့်သာ ကွာဝေး၍ သွားရောက်ရန် လွယ်ကူကာ စိတ်ဝင်စားဖွယ် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများနှင့် သာသနိကအဆောက်အအုံများ တည်ရှိရာ အင်းဝမြို့ဟောင်းသို့ သွားရောက်ကြသူမှာ နည်းပါးလှပါသည်။ အမှန်စင်စစ် ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင် စသည့် ခေတ်အဆက်ဆက်တွင် ခေတ်လေးခေတ်ရှိခဲ့ပြီး မင်းဆက်ပေါင်း ၃၁ ဆက်က စိုးစံခဲ့၍ ရှစ်ကြိမ်တိုင် နန်းတည်ခဲ့သည့် အင်းဝမြို့တော်ဟောင်းမှာ လွန်စွာစိတ်ဝင်စားစရာ၊ လေ့လာစရာကောင်းလှပါသည်။ သမိုင်းသုတေသီများနှင့် ကမ္ဘာလှည့်ခရီးသည်များ အသင့်အတင့် သွားရောက်လေ့လာလေ့ရှိကြသော်လည်း ပြည်တွင်းခရီးသည်များ အရောက်နည်းလှသည့် အင်းဝမြို့ဟောင်းသို့ မကြာမီက စာရေးသူတို့ မိသားစု သွားရောက်လေ့လာခဲ့ကြပါသည်။

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၏ မြောက်ဘက် နှစ်မိုင်ခွဲနှင့် မန္တလေးမြို့၏ အနောက်တောင်ဘက် မိုင် ၂၀ ခန့်အကွာတွင် ရှိသော ရတနာပူရဟု တရားဝင်အမည်တွင်သည့် အင်းဝမြို့ဟောင်းသည် ဧရာဝတီမြစ်နှင့် ဒုဌဝတီမြစ်(မြစ်ငယ်မြစ်)တို့ ဆုံရာ ပင်လယ်ရေမျက်နှာပြင်အထက် ၂၈၅ ပေ အမြင့်တွင် တည်ရှိပါသည်။ မြေဩဇာကောင်း၍ စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းရာဒေသရှိ အင်းဝမြို့ကို ခရစ်နှစ် ၁၃၆၄ ခုနှစ်တွင် ပထမအင်းဝခေတ်၌ သတိုးမင်းဖျားက စတင်တည်ထောင်ခဲ့၍ ကုန်းဘောင်ခေတ်တွင် စစ်ကိုင်းမင်း (ဘကြီးတော်မင်း)က ၁၈၃၇ ခုနှစ်အထိ ထီးနန်းစိုက်ခဲ့သည်။ ယင်းနှစ်ပေါင်း ၄၇၀ ကျော်ကာလကို စာပေအထောက်အထားများအရ ခေတ်ကာလလေးခု ပိုင်းခြားသတ်မှတ်ခဲ့ကြရာ ပထမအင်းဝခေတ်(၁၃၆၄-၁၅၅၄ ခုနှစ်)တွင် သတိုးမင်းဖျားမှ စည်သူကျော်ထင်မင်းအထိ မင်းဆက် ၁၇ ဆက် စိုးစံခဲ့ကြသည်။ ဒုတိယ အင်းဝခေတ်ဟု ခေါ်တွင်သည့် ညောင်ရမ်းခေတ် (၁၅၉၇-၁၇၅၁ ခုနှစ်)တွင် မင်းရဲနန္ဒမိတ်မှ မဟာဓမ္မရာဇာဓိပတိ(ဟံသာဝတီပါမင်း)အထိ မင်းဆက် ၁၀ ဆက် အုပ်ချုပ်ခဲ့ကြသည်။ တတိယအင်းဝခေတ် (၁၇၆၃-၁၇၈၂ ခုနှစ်)တွင် ဆင်ဖြူရှင်မင်းမှ ဖောင်းကားစားမောင်မောင်အထိ မင်းဆက်သုံးဆက် စိုးစံခဲ့ကြသည်။ စတုတ္ထအင်းဝခေတ်(၁၈၁၉-၁၈၃၇ ခုနှစ်)တွင် ကုန်း ဘောင်ခေတ်မင်းဆက် ဘကြီးတော်မင်းက နန်းစိုက်ခဲ့သည်။

ပထမအင်းဝခေတ်တွင် စကြိုသူမြတ်၊ ရှင်ဥတ္တမကျော်၊ ရှင်အုန်းညို၊ ရှင်မဟာသီလဝံသနှင့် ရှင်မဟာရဋ္ဌသာရ၊ ဒုတိယအင်းဝခေတ်တွင် တောင်ဖီလာဆရာတော်၊ ဦးကုလား၊ ပဒေသရာဇာနှင့် လက်ဝဲနော်ရထာ၊ တတိယအင်းဝခေတ်တွင် လက်ဝဲသုန္ဒရ၊ ဦးသြ၊ ဦးယာ နှင့် ဦးတိုး၊ စတုတ္ထအင်းဝခေတ်တွင် ဆရာတော်ဦးဖုဒ်၊ ဖိုးသူတော်ဦးမင်း၊ မောင်းထောင် ဆရာတော်၊ ထွဋ္ဌခေါင်ဆရာတော်နှင့် လှူဦးမင်း စသည့် စာဆိုတော်များအပါအဝင် အင်းဝခေတ်အဆက်ဆက်တွင် ထင်ရှားသည့် စာဆိုတော်များစွာလည်း ပေါ်ထွန်းခဲ့ပါသည်။ ထို့ပြင် အင်းဝမြို့ဟောင်းတွင် ခေတ်အဆက်ဆက်၌ ရှစ်ကြိမ်တိုင် နန်းတည်ခဲ့သည်မှာလည်း ထူးခြား လှပါသည်။ ပထမအင်းဝခေတ်တွင် သတိုးမင်းဖျား၊ မိုးညှင်းမင်းတရားနှင့် ရွှေနန်းကြော့ရှင်၊ ဒုတိယအင်းဝခေတ်တွင် ညောင်ရမ်းမင်း၊ သာလွန်မင်းတရားနှင့် တနင်္ဂနွေမင်း၊ တတိယအင်း ဝခေတ်တွင် မြေဒူးမင်း(ဆင်ဖြူရှင်)နှင့် စတုတ္ထအင်းဝခေတ်တွင် စစ်ကိုင်းမင်းတို့က နန်းတော်သစ်များ တည်ဆောက်စံမြန်းခဲ့ကြကြောင်း သိရပါသည်။

အင်းဝမြို့ဟောင်းသို့ မန္တလေးမြို့မှ ကားဖြင့် တံတားဦးမြို့အထိ သွား၍ ယင်းမှ မဟာဇေယျပထ တံတားကြီးဟု အမည်တွင်သော တစ်မိုင်ခန့်ရှည်သည့် ဦးအိုအုတ်လမ်းအတိုင်း သွားလျှင် အင်းဝမြို့ဟောင်း၏ တောင်ဘက်ရှိ မြို့ရိုးတံခါးသို့ ရောက်ရှိနိုင်ပါသည်။ ထိုသို့ အချိန်မကြာဘဲ သွားလိုပါက စစ်ကိုင်းတံတားဟောင်း(အင်းဝတံတား)အနီး အမရပူရမြို့ဘက်ကမ်းမှ ဒုဌဝတီမြစ်ကို ဖြတ်ကူးလိုက်ရုံဖြင့် အင်းဝမြို့ဟောင်းသို့ ရောက်ရှိနိုင်ပါသည်။ အင်းဝမြို့ဟောင်းသို့ လေ့လာရန် နေ့တစ်ဝက်သာ အချိန်ရသည့် စာရေးသူတို့သည် စစ်ကိုင်းတံတားဟောင်းအနီးရှိ သပြေတန်းခံတပ်ကို လေ့လာပြီးနောက် ယင်းအနီးရှိ ဆိပ်ကမ်းမှ ဒုဌဝတီမြစ်ကို စက်လှေဖြင့်ဖြတ်၍ ကမ္ဘာကျော် အင်းဝမြို့ဟောင်းသို့ သွားရောက်ခဲ့ကြပါသည်။ ဧရာဝတီမြစ်ထဲသို့ စီးဝင်ခါနီးနေရာရှိ ဒုဌဝတီမြစ်ကို ဖြတ်ကူးရခြင်းဖြစ်ရာ နက်ပြာရောင်ဒုဌဝတီမြစ်ရေနှင့် စိမ်းဝါရောင် ဧရာဝတီမြစ်ရေတို့ အရောင်ရောယှက်ခြင်းမရှိဘဲ ပေါင်းဆုံရာနေရာကို မြင်တွေ့ရသကဲ့သို့ ဧရာဝတီမြစ်ကူး စစ်ကိုင်းတံတားအဟောင်းနှင့် အသစ်(ရတနာပုံတံတား)တို့ကို လည်း အဝေးတွင် လှမ်းမြင်ရပါသည်။ ဒုဌဝတီမြစ်မှာ အတန်ငယ်သာ ကျယ်ဝန်းသဖြင့် ၅ မိနစ်ခန့်သာ မောင်းနှင်ဖြတ်ကူးခဲ့ရပြီး စက်လှေခမှာ လူတစ်ဦးလျှင် အသွားအပြန် ကျပ် ၁၀၀၀ သာ ကျသင့်ပါသည်။ အင်းဝမြို့ဆိပ်ကမ်းတွင် မြင်းလှည်းများက အသင့်စောင့်ကြိုနေကြပြီး ဗားဂရာသစ်သားကျောင်းတိုက်ကြီး၊ အောင်မြေဘုံစံအုတ်ကျောင်း(မယ်နုအုတ်ကျောင်း)၊ နန်းမြင့်မျှော်စင်နှင့် ရှေးဟောင်းစေတီများ ဖြစ်ကြသည့် ဆီမီးဘုရားစုတို့သို့ နှစ်နာရီခန့် သွားရောက် လေ့လာနိုင်သည့် ခရီးစဉ်မှာ နိုင်ငံခြားသားနှစ်ဦးအတွက် မြင်းလှည်းတစ်စီးလျှင် ကျပ် ၈၀၀၀ နှုန်း သတ်မှတ်ထားပြီး ပြည်တွင်းခရီးသည်များအတွက်မူ နှစ်ဦးထက်ပို၍ ငါးဦးအထိ စီးနိုင်ပြီး တစ်ဦးလျှင် ကျပ် ၃၀၀၀ နှုန်း ကျသင့်ပါသည်။ စာရေးသူတို့မှာ ယင်းနေရာလေးခုအပြင် နာမည်ကျော် အင်းဝခံတပ်(ဆင်ကျုံးခံတပ်)သို့လည်း သွားရောက်ခဲ့သဖြင့် တစ်စီးလျှင် ကျပ် ၂၀၀၀ ပို၍ ပေးရပါသည်။ အမှန်စင်စစ် လူသိများသည့် အထက်ပါငါးနေရာသာမက အင်းဝမြို့ဟောင်း၌ လေ့လာစရာ အများအပြား ရှိနေပါသေးသည်။

*ဆက်လက်ဖော်ပြပါမည်။*

**ဒေါက်တာတင်ထွန်းဦး**


အင်းဝခံတပ် (ဆင်ကျုံးခံတပ်)တွင် စာရေးသူတို့မိသားစု အမှတ်တရ


အင်းဝမြို့ဟောင်းဆိပ်ခံအနီးရှိ မြင်းလှည်းများ


ဤသို့ မြင်းလှည်းစီး၍ လေ့လာခဲ့ကြသည်


ဒုဌဝတီမြစ် ဆိပ်ကမ်းအနီးက အင်းဝမြို့ရိုးတံခါး


အင်းဝမြို့ရိုးတံခါးတစ်နေရာ


ဗားဂရာသစ်သားကျောင်းတိုက်ကြီးပေါ်၌

# သယံဇာတထုတ်ယူမှုများတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုမရှိခြင်းတို့ကြောင့် ဒေသခံများ ထိခိုက်နစ်နာနေရဟု ဆို

မြန်မာနိုင်ငံတွင် **သယံဇာတထုတ်ယူသုံးစွဲမှုကဏ္ဍများ၌ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုများအားနည်းမှုကြောင့် တိုင်းနှင့်ပြည်နယ်များတွင် နောက်ဆက်တွဲထိခိုက်နစ်နာမှု ဆိုးကျိုးများဖြစ်ပွားလျက်ရှိသည်ဟု** တိုင်းဒေသကြီးနှင့် ပြည်နယ်ငါးခုမှ အရပ်ဘက်ကိုယ်စားလှယ်ငါးဦးက ဇွန်လ ၂၆ ရက်တွင် ရန်ကုန်မြို့ရှိ Summit Park View ဟိုတယ်တွင် သတင်းစာရှင်းလင်းခဲ့သည်။

မြန်မာနိုင်ငံ၏ မြေကြီးကိုတစ်လက်မမှ အထိမခံနိုင်ကြောင်း ပြောနေချိန်တွင် သယံဇာတများ တခြားနိုင်ငံသို့ရောက်ရှိနေပုံကို **မြစ်ဆုံစီမံကိန်းအား နမူနာထားကာ ကချင်ပြည်နယ် ကိုယ်စားပြုတက်ရောက်လာသော ကိုယ်စားလှယ်တစ်ဦးက** ပြောကြားခဲ့သည်။

``ကျွန်တော်တို့နိုင်ငံကမြေကြီးကို တစ်လက်မမှ အထိမခံနိုင်ပါဘူးလို့ပြောနေတဲ့အချိန်မှာ လက်မပေါင်းမြောက်မြားစွာကုဋေချီပြီးတော့ ဒီမြေကြီးတွေသယံဇာတတွေ ဘယ်ရောက်သွားလဲ မြစ်ဆုံလိုလုပ်သွားတဲ့ အနေအထားကိုတွက်ကြည့်လိုက်ရင် တူးသွားတဲ့သယံဇာတတွေကိုကားတွေနဲ့ အလုံပိတ်ပြီးတော့မှ တရုတ်ကို သယ်သွားတာ``ဟု ၄င်းကပြောသည်။

ထို့ပြင် **ရှမ်းပြည်နယ်၌ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် ဒေသခံများ၏ လယ်မြေများဆုံးရှုံးနေရကြောင်းကိုလည်း** တက်ရောက်လာသော ရှမ်းပြည်နယ်မှ EITI လုပ်ငန်းအဖွဲ့ဝင်တစ်ဦးက ပြောကြားသွားသည်။

``ကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ရွှေတူးဖော်မှုကြောင့် ဒေသခံတွေရဲ့လယ်မြေဆုံးရှုံးမှုတွေ ဖြစ်ပေါ်နေတာတွေရှိတယ်။ ဒါကိုထိရောက်စွာဖြေရှင်းပေးတာ မရှိသေးဘူး။ **နောက်ပြီး ရေအားလျှပ်စစ်စီမံကိန်းတွေအတွက် လိုဏ်ခေါင်းတူးတယ်။ တူးတဲ့မြေစာတွေထဲမှာ သဘာဝသယံဇာတတွေ အကုန်ပါသွားတယ်။** ဘယ်ဥပဒေနဲ့မှလည်းသွားစွဲလို့မရဘူး။ ဒါပေမဲ့ သူတို့စီမံကိန်းလုပ်သွားတယ်။ ပြည်သူတွေကို ဘာမှထုတ်ဖော်ပြီးလုပ်ဆောင်တာမရှိသေးသလို ပွင့်လင်းမြင်သာမှုလည်း အားနည်းနေတယ်``ဟု ၄င်းကပြောကြားသည်။

**သတ္တုတူးဖော်ရေးလုပ်ငန်း အများအပြားရှိသည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တွင်လည်း မြေစာပုံများကြောင့် ရေအရင်းအမြစ်များ ထိခိုက်နေရကြောင်း** တနင်္သာရီတိုင်းမှ အရပ်ဘက်အဖွဲ့ကိုယ်စားလှယ် ဦးတင်ကိုကိုဦးက ပြောကြားသည်။

``သတ္တုတွင်းတွေကနေတစ်ဆင့် ထွက်လာတဲ့ရေတွေကနေတစ်ဆင့် ရေသယံဇာတတွေကို ပိတ်ဆို့ပျက်စီးသွားတယ်။ အခုလည်း မိုးတွေအရမ်းရွာပြီး ထားဝယ်မှာရေတွေအရမ်းကြီးနေပါတယ်။ ကျွန်တော်တို့တနင်္သာရီတိုင်းမှာက လမ်းပန်းဆက်သွယ်ရေးက အဓိကဖြစ်တယ်။ ထားဝယ်မှာ သတ္တုတွင်းလုပ်ငန်းတွေ အများကြီးရှိတယ်။ သတ္တုတွင်းရဲ့မြေစာပုံတွေက ရေလျှံတော့ ဝမ်းရောဂါအပြင် ရေမသန့်မှုတွေဖြစ်တယ်။ တနင်္သာရီတိုင်းမှာ **သဲစုပ်တဲ့ကုမ္ပဏီတွေရှိတယ်။** သူတို့တွေက ရေထဲက သယံဇာတတွေဖြစ်တဲ့ ပုလဲ၊ သန္တာကျောက်တန်း၊ ငါးမျိုးစိတ်တွေပျက်စီးအောင် **ပိုက်အကြီးကြီးတွေနဲ့ သဲစုပ်တယ်။ အဲဒီထဲက မြန်မာနိုင်ငံရဲ့သဘာဝသယံဇာတတွေ ပါသွားတယ်။** အဲဒါကို သတ္တုနည်းဥပဒေအရ၊ အခွန်စည်းကြပ်မှုအရ ဘယ်လိုစစ်လဲမေးတယ်။ ဒါကိုဓာတ်ခွဲတယ်ပြောပေမယ့် တကယ့်တကယ်ပြည်သူလူထုက ဘာတွေပါသွားလဲဆိုတာမမြင်ရဘူး။ **အဲဒီစုပ်တဲ့သဲတွေကို စင်ကာပူကို တိုက်ရိုက်ပို့တယ်**``ဟု ၎င်းကပြောသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲကို ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အရပ်ဘက်ကိုယ်စားလှယ်ငါးဦးတို့က ၎င်းတို့ဒေသရှိအစိုးရနှင့် သက်ဆိုင်ရာကုမ္ပဏီများ၏ စီမံကိန်းများသယံဇာတရေးရာ ထုတ်ယူမှုများတွင် ကြုံတွေ့နေရသည်များကိုရှင်းလင်းခဲ့ပြောကြားခဲ့သည်။

**မြတ်သူအောင် (သတင်း၊ ဓာတ်ပုံ)**



စပယ်တောင် ကြေးနီစီမံကိန်းကို မြင်တွေ့ရစဉ်

# အိမ်ထောင်စု ၁၁ သန်းခန့်တွင် ၇ ရာခိုင်နှုန်းမှာ အိမ်ငှားဖြင့် နေထိုင်နေရပြီး မြို့ပြတွင် အိမ်ငှားနေရသူ ပိုများနေ



**မြန်မာနိုင်ငံတွင် အိမ်ထောင်စုပေါင်း ၁၁ သန်းခန့်ရှိနေသည့်အထဲမှ ၇ ရာခိုင်နှုန်းမှာ ကိုယ်ပိုင်အိမ်မရှိဘဲ အိမ်ငှားအဖြစ်သာရပ်နေရပြီး ယင်းအထဲမှ ရာနှုန်းပြည့်နီးပါးမှာ မြို့ပြတွင်နေထိုင်ကြသူများဖြစ်နေကြောင်း** သန်းခေါင်စာရင်းပါ အချက်အလက်အချို့အရ ၂၇-၆-၂၀၁၅ ရက်က သိရသည်။

နိုင်ငံတစ်ဝန်း ကျေးလက်နှင့်မြို့ပြနေထိုင်မှုတွင် ကျေးလက်က ၇၀ ရာခိုင်နှုန်းရှိနေပြီး မြို့ပြနေထိုင်သူ ၃၀ ရာခိုင်နှုန်းသာရှိနေသည့်အထဲမှ မြို့ပြနေထိုင်သူအများစုမှာ ကိုယ်ပိုင်အိမ်ပိုင်ဆိုင်ရေးအိပ်မက်အတွက် ကြိုးစားရန်းကန်နေရဆဲပင်ဖြစ်ကြောင်းလည်း သိရသည်။ **သန်းခေါင်စာရင်းပါ အိမ်ပိုင်ဆိုင်မှုအချိုးအစားအရ အိမ်ပိုင်ရှိသူ ၈၆ ရာခိုင်နှုန်းရှိကြောင်း၊** အိမ်ငှား ၇ ရာခိုင်နှုန်း၊ အစိုးရဝန်ထမ်းအိမ်ရာနေသူ ၃ ရာခိုင်နှုန်း၊ အခမဲ့နေထိုင်ခွင့်ရနေသူ ၂ ရာခိုင်နှုန်း၊ ပုဂ္ဂလိကဝန်ထမ်းအိမ်ရာနေထိုင်သူ ၁ ရာခိုင်နှုန်းနှင့် အခြား ၁ ရာခိုင်နှုန်းဟူ၍ အသီးသီးရှိနေကြောင်းသိရသည်။ ယင်းအထဲမှ အိမ်ငှား ၇ ရာခိုင်နှုန်းဖြစ်နေသည့်အထဲတွင် မြို့ပြနေထိုင်သူများအဖြစ်ရှိနေပြီး မူရင်းနေရပ်၌နေရင်းမှ ကိုယ်ပိုင်အိမ်မရှိသူများနှင့် နေရပ်ရွှေ့ပြောင်းလုပ်သားများ အနေအထားမှ အိမ်ငှားနေရသူများဟူ၍ အဓိကအားဖြင့် နှစ်မျိုးကွဲပြားနေပြီး အစိုးရကပြည်သူ့အငှားအိမ်ရာများဖော်ဆောင်၍ မြို့ပြနေအိမ်ပိုင်မရှိသူများကို ကူညီရန်ပြင်ဆင်နေသော်လည်း သန်းခေါင်စာရင်းထွက်ရှိပြီးချိန်ထိ ကူညီထားနိုင်မှုမှာအတော်ပင်နည်းပါးနေသည်ဟု သိရသည်။အိမ်ထောင်စုအရေအတွက်တွင် ရန်ကုန်တိုင်းဒေသကြီးမှာ အများဆုံးဖြစ်နေပြီး အထူးသဖြင့်စီးပွားရေးမြို့တော်၌ အလုပ်လုပ်ရန်ရွှေ့ပြောင်းလာသော လုပ်သားပမာဏများပြားလာခြင်းနှင့်အတူ **လူဦးရေ ၇ သန်းကျော်လာနေသော ရန်ကုန်မြို့တော်တွင် အိမ်ပိုင်မရှိသူအနေအထားမှာ အိမ်ပိုင်ရှိသူထက် နှစ်ဆနီးပါးရှိလာနေကြောင်း**လည်း သိရသည်။

**အေဝိုင်အီး (သတင်း၊ ဓာတ်ပုံ)**

# လူဦးရေနှစ်သန်းခွဲခန့် မသန်စွမ်းမှုဖြစ်နေပြီး ယင်းတို့အနက် အမြင်မသန်စွမ်းမှုက ၅၄ ရာခိုင်နှုန်းကျော်ရှိနေ

**မြန်မာ့လူဦးရေ၏ ၄ ဒသမ ၆ ရာ ခိုင်နှုန်းသည် မသန်စွမ်းမှုတစ်မျိုးမျိုးဖြစ်ပေါ်နေပြီး သတိပြုစရာအဖြစ်အသက် ၄၀ နှစ်အရွယ်တွင် စတင်မြင့်တက်လာနေကာ မသန်စွမ်းမှုများထဲ၌ အမြင်မသန်စွမ်းမှုမှာ ၅၄ ရာခိုင်နှုန်းကျော်ရှိနေကြောင်း** သန်းခေါင်စာရင်းပါ အချက်အလက်များအရ ၂၇-၆-၂၀၁၅ ရက်ကသိရသည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၂ သန်းခန့်ရှိနေပြီး ယင်းအထဲမှ ၄ ဒသမ ၆ ရာခိုင်နှုန်းမှာ မသန်စွမ်းမှုတစ်မျိုးမျိုးဖြစ်နေသည်ဆိုသည့်အတွက်ကြောင့် **လူဦးရေအားဖြင့် ၂ ဒသမ ၄ သန်းခန့်မှာ မသန်စွမ်းသူများဖြစ်နေသည့်သဘောမျိုးဖြစ်သည်။** သတိပြုစရာအဖြစ် အသက် ၄၀ အရွယ်တွင် ရာခိုင်နှုန်းမြင့်တက်လာနေပြီး အသက် ၆၅ နှစ်အထက်တွင် သိသာစွာမြင့်တက်လာခြင်းဖြစ်ကြောင်း၊ အသက် ၈၀ နှင့်အထက်တွင် အမျိုးသမီးများ၏ မသန်စွမ်းရာခိုင်နှုန်း အနည်းငယ်ပို၍မြင့်တက်လာနေသည်မှအပ အသက်အုပ်စုတိုင်းတွင် ကျား/မ နှစ်စုစလုံး၌မြင့်တက်မှု ပုံစံတူနေသည်ဟုသိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မသန်စွမ်းမှုတွင် **ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့ မှာ ၇ ဒသမ ၆၊ ၇ ဒသမ ၄ ရာခိုင်နှုန်းတို့ဖြင့် အမြင့်ဆုံးဖြစ်နေကြောင်း**သိရပြီး နေပြည်တော် ၃ ဒသမ ၂၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ၃ ဒသမ ၃ ရာခိုင်နှုန်းတို့ဖြင့် အနိမ့်ဆုံးတွင်ရှိနေကြောင်း သိရသည်။ **မသန်စွမ်းသူများ၏ ၅၄ ဒသမ ၁ ရာခိုင်နှုန်းသည် အမြင်အာရုံနှင့်ပတ်သက်၍ အခက်အခဲရှိနေ ကြောင်းသိရပြီး** လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင်တွယ်ရာတွင်ခက်ခဲမှု ၄၂ ဒသမ ၁ ရာခိုင်နှုန်းအထိရှိနေကာ သင်ယူလေ့လာခြင်း/မှတ်ဉာဏ်/အာရုံစူးစိုက်ခြင်းအခက်အခဲသည် ၃၆ ဒသမ ၂ ရာခိုင်နှုန်းရှိနေကြောင်းသိရသည်။

**ယင်းအပြင် ၂၉ ဒသမ ၁ ရာခိုင်နှုန်းမှာအကြား အာရုံနှင့်ပတ်သက်၍ အခက်အခဲရှိနေကြကြောင်း**သိရပြီး ယင်းအချက်အလက်များထဲတွင် လူတစ်ဦးတည်းမှအမြင်၊ အကြား၊ ခြေ၊ လက်စသည်တို့ ပူးတွဲမသန်စွမ်းဖြစ်မှုကိုလည်း တစ်ခုချင်းခွဲ၍ တွက်ချက်အချိုးချထားခြင်းဖြစ်ကြောင်း သိရသည်။ စုစုပေါင်းလူဦးရေ ၅၂ သန်းခန့်၏ ၂ ဒသမ ၅ ရာခိုင်နှုန်းသည် အမြင်ခက်ခဲမှု၊ ၁ ဒသမ ၃ ရာခိုင်နှုန်းသည် အကြားခက်ခဲ မှု၊ ၁ ဒသမ ၉ ရာခိုင်နှုန်းသည် လမ်းလျှောက်/အမြင့်တက်/ပစ္စည်းကိုင် တွယ် ခက်ခဲမှု၊ ၁ ဒသမ ၇ ရာခိုင်နှုန်းသည် သင်ယူလေ့လာခြင်း/မှတ်ဉာဏ်၊ အာရုံစူးစိုက်မှုတွင် ခက်ခဲခြင်းတို့ဖြစ်နေကြောင်းသိရသည်။

**အေဝိုင်အီး**

## Brief News From Pyi Myanmar Daily

### အထွေထွေ

### ကိုပါကြီးသေဆုံးမှု တစ်စုံတစ်ယောက်၏ပစ်ခတ်မှုအရ သေနတ်ဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း အမိန့်ချ

ကျိုက်မရောမြို့နယ်တရားရုံးတွင် စုံစမ်းစစ်ဆေးလျက်ရှိသော ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၁၄/၂၀၁၅ အလွတ်တန်းသတင်းထောက်ကိုပါကြီး သေဆုံးရမှုတွင် တစ်စုံတစ်ယောက်၏ပစ်ခတ်မှုအရ သေနတ်ဒဏ်ရာကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း ဇွန်လ ၂၃ ရက်ရုံးချိန်းတွင် သေမှုသေခင်းနှင့်ပတ်သက်ပြီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။ ကိုပါကြီးသေဆုံးမှုနှင့် ပတ်သက်ပြီး ကျိုက်မရောမြို့မရဲစခန်းမှူးဒုရဲမှူး ဦးတင်ဦးက တရားလိုပြုလုပ်ကာ သေမှုသေခင်းနှင့်ပတ်သက်ပြီး အမှုဖွင့်ခဲ့ခြင်းဖြစ်ရာ ယင်းအမှုနှင့်ပတ်သက်ပြီး ဇွန်လ ၂၃ ရက် (၉)ကြိမ်မြောက်ရုံးချိန်းတွင် ဆင့်ခေါ်မှုအရ တပ်မတော်သား ၁၁ ဦးကို သက်သေအဖြစ်စစ်ဆေးခဲ့ပြီးနောက် မြို့နယ်တရားသူကြီး ဦးသက်အောင်က ယင်းကဲ့သို့အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

### မားစ်ရောဂါကို နယ်စပ်ဂိတ် ၁၀ ခုကျော်တွင် ဦးစားပေး စစ်ဆေးနေ

မားစ်ရောဂါနယ်စပ်မှ ဝင်ရောက်လာခြင်းကိုတားဆီးနိုင်ရန်အတွက် ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ဂိတ် ၁၀ ခုကျော်ကို အထူးဦးစားပေးကာစစ်ဆေးမှု ပြုလုပ်နေကြောင်း ကျန်းမာရေးဝန်ကြီးဌာနထံမှ သတင်းရရှိသည်။ လက်ရှိ စစ်ဆေးရာတွင် တရုတ်နိုင်ငံ နယ်စပ်ဂိတ်များဖြစ်သည့် မူဆယ်၊ ကြယ်ဂေါ်င်အစရှိသည့် နယ်စပ်ဂိတ်များနှင့် မြဝတီ၊ ကော့သောင်းစသည့် နယ်စပ်ဂိတ်များတွင် အဖျားတိုင်းတာသည့်စက်များဖြင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ထမ်းများမှစစ်ဆေးနေခြင်း ဖြစ်ကြောင်း ကူးစက်ရောဂါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြည်မြန်မာသို့ပြောသည်။

# ခရီးသည် ငါးသန်းပြည့် မပြည့် မသေချာသေးသော်လည်း နယ်စပ်ဖြတ်ကျော်ခရီးသွား နှစ်ဆခန့် တိုးတက်လာနေ

ယခုနှစ်အတွင်း ခရီးသည်ငါးသန်း ရရှိရန်မျှော်မှန်းထားသော **မြန်မာ့ခရီးသွားလုပ်ငန်းအနေဖြင့်ခရီးသည်ငါးသန်း ပြည့်မီမှုရှိ မရှိ မသေချာသေးသော်လည်း နယ်စပ်ဖြတ်ကျော်ခရီးသွား (Cross Border Tours ) မှာ နှစ်ဆနီးပါးတိုးလာခဲ့ကြောင်း** ၂၇-၆-၂၀၁၅ ရက်က သတင်းရရှိသည်။

နယ်စပ်ဖြတ်ကျော်ခရီးသွားဆိုသည်မှာနယ်စပ်ကိုဖြတ်ကျော်၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်လာပြီး မိမိဝင်လာခဲ့သည့်မြို့မှလည်းကောင်း၊ အခြားမြို့မှလည်းကောင်းပြန်လည်ထွက်ခွာသည့် ပုံစံမျိုးဖြစ်ကြောင်းသိရကာ ထိုင်းနိုင်ငံကိုရောက်လာသောခရီးသွားအချို့ကမြဝတီမှတစ်ဆင့် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ကာ တာချီလိတ်မှ ပြန်ထွက် ခြင်းမျိုးလည်း ရှိနေကြောင်း သိရသည်။

''သီပေါဘက် အထူးသဖြင့်**ရှမ်းပြည်နယ်ဘက်ကနေရာအချို့ကို ခရီးသည်တွေ စိတ်ဝင်စားကြတယ်။** ဒီတော့ နယ်စပ်ဖြတ်ကျော်ပြီးတော့ ဝင်လာမှုတွေက ဒီဘက်နှစ်ထဲမှာ တော်တော်လေး သိသိသာသာ တိုးလာတယ်''ဟု သဘာဝအခြေခံခရီးသွားဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုစိုင်းကျော်သူထွေးကပြောသည်။ ဝန်ကြီးဌာနက ဖွန်လနောက်ဆုံးပတ်၌ ထုတ်ပြန်မှုတွင် ပြည်ပခရီးသွားအဖွဲ့တစ်ဖွဲ့သည် မော်တော်ဆိုင်ကယ် ၂၆ စီး၊ မော်တော်ယာဉ်နှစ်စီးဖြင့် ထိုင်းနိုင်ငံ၊ မယ်ဆိုင်မြို့မှတစ်ဆင့် မြန်မာနိုင်ငံ တာချီလိတ်မြို့သို့ ၁၉-၆-၂၀၁၅ ရက်ကရောက်ရှိလာခဲ့ပြီး မိုင်းယောင်း၊ မိုင်းလားစသည်တို့ကို ဖြတ်သန်းလည်ပတ်ခဲ့ကြောင်း သိရသည်။

၂၁-၆-၂၀၁၅ ရက်တွင် တရုတ်-မြန်မာ နှစ်နိုင်ငံနယ်ခြားဂိတ်၊ ဒွေးနာဂရစေတီ၊ မူးယစ်ပြတိုက်နှင့် RC Church သို့ သွားရောက်လည်ပတ်ခဲ့ပြီး၂၂-၆-၂၀၁၅ ရက်တွင် မိုင်းလားမှ ကျိုင်းတုံမြို့ရှိကျောင်းခမ်းစေတီ၊ ရပ်တော်မူဘုရားသို့ ဝင်ရောက်ဖူးမြော်ကာ သစ်တစ်ပင်တောင်သို့ သွားရောက်လည်ပတ်ပြီးနောက် တာချီလိတ်မှတစ်ဆင့် မယ်ဆိုင်မြို့သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ယင်းအပြင် ဂျာမနီနိုင်ငံသားများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မော်တော်ယာဉ်သုံးစီးဖြင့် တမူးမြို့မှဝင်ရောက်ကာတမူး-ကလေး-မုံရွာ-မန္တလေး-ပုပ္ပါး-ရန်ကုန်-ကျိုက်ထီးရိုး-ဘားအံ-မြဝတီခရီးစဉ်ဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံသားများပါဝင်သော အဖွဲ့တစ်ဖွဲ့သည် မော်တော်ယာဉ်သုံးစီးဖြင့် မူဆယ်မြို့မှဝင်ရောက်ကာ မူဆယ်-မန္တလေး-နေပြည်တော်-မန္တလေး-မူဆယ်ခရီးစဉ်ဖြင့်လည်းကောင်း ဖွန်လနောက်ဆုံးပတ်က ဝင်ရောက်လည်ပတ်နေကြောင်း သိရသည်။

အချက်အလက်အားဖြင့် ယမန်နှစ်နှင့်ယှဉ်လျှင် နှစ်ဆနီးပါးတိုးလာခြင်းဖြစ်ပြီး **ဝန်ကြီးဌာနဘက်ကလည်း နယ်စပ်ဖြတ်ကျော်ခရီးသွားများတိုးတက်လာရေးအတွက် လိုအပ်သော ဖြေလျှော့မှုများ လုပ်ဆောင်ပေးနေကြောင်း** သိရသည်။

**အေးဝိုင်အီး**

# မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့က (၁၁) ကြိမ်မြောက် အသက်ရာကျော်ဘိုးဘွားများ ကန်တော့ပွဲ ကျင်းပ

မင်္ဂလာဗျူဟာပရဟိတအဖွဲ့က စီစဉ်ပြုလုပ်သည့်(၁၁)ကြိမ်မြောက် မြန်မာတစ်နိုင်ငံလုံးရှိ အသက် ၁၀၀နှစ်နှင့်အထက် ဘိုးဘွားများကန်တော့ပွဲကို **ရွှေတိဂုံစေတီတော် အရှေ့ဘက်နှင့်မြောက်ဘက်မုခ်ကြားရှိ မင်္ဂလာဗျူဟာပရဟိတအဖွဲ့ချုပ်တွင် ဇွန်လ၂၇ရက်က ကျင်းပခဲ့ကြောင်း** သတင်းရရှိသည်။

ယခင်နှစ်ကဘိုးဘွားများကို ၁၀၈ဦးအထိ ကန်တော့နိုင်ခဲ့သော်လည်း ယခုနှစ်တွင် အသက်ရာကျော်ဘိုးဘွား ၃၀ဦးကွယ်လွန်ခဲ့သောကြောင့် **ဘိုးဘွား ၈၀ ကျော်သာ ကန်တော့နိုင်ခဲ့ကြောင်း** မင်္ဂလာဗျူဟာပရဟိတအဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးအောင်မျိုးမင်းကပြောသည်။ ''ဒီနှစ်မှာ အကြောင်းအမျိုးမျိုးကြောင့် **ဘိုးဘွား ၈၆ဦးစာရင်းရခဲ့ပေ မယ့် ဘိုးဘွား ၁၀ဦးလောက်ပဲ လူကိုယ်တိုင်တက်ရောက်နိုင်ခဲ့ပါတယ်။** ကိုယ်တိုင်တက်ရောက်ခဲ့တဲ့ ဘိုးဘွားတွေကို တစ်ဦးကို ကျပ် ရှစ်သောင်းစီနဲ့လိုအပ်တဲ့ပစ္စည်းတွေ ကန်တော့ခဲ့ပြီးတော့ မတက်ရောက်နိုင်တဲ့ဘိုးဘွားတွေကို ကျပ် ခြောက်သောင်းခွဲနဲ့ပစ္စည်းတွေကို အိမ်ကိုပို့ဆောင်ကန်တော့မှာပါ''ဟုယင်းကပြောသည်။

အသက်ရာကျော်ဘိုးဘွားများကန်တော့ပွဲကို ပထမအကြိမ်က ၃၂ဦး၊ ဒုတိယအကြိမ် ၅၈ဦး၊ တတိယအကြိမ် ၆၆ဦး၊ စတုတ္ထအကြိမ် ၄၄ဦး၊ ပဉ္စမအကြိမ် ၅၇ဦး၊ ဆဋ္ဌမအကြိမ် ၆၂ဦး၊ သတ္တမအကြိမ် ၇၂ဦး၊ အဋ္ဌမအကြိမ် ၁၁၁ ဦး၊ **နဝမအကြိမ် ၁၀၈ ဦး၊ ဒသမအကြိမ် ၁၀၈ဦး၊(၁၁)ကြိမ်မြောက်တွင် ၈၆ဦးသာကန်တော့နိုင်ခဲ့သည်ဟု** သိရသည်။ လာမည့်နှစ်များတွင်လည်း လက်ရှိထက်ဘိုးဘွားများပိုပိုမိုကန်တော့နိုင်ရန် အသက်ရာကျော်ဘိုးဘွားစာရင်းများကို လိုက်လံကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှိန်းဝင်းထိုက်**

# အိမ်ထောင်စုစာရင်းများလျှင် မဲစာရင်းမှားမည်ဟု ကော်မရှင်ဥက္ကဋ္ဌ ဆို

အိမ်ထောင်စုစာရင်းများကို အခြေခံထားသည့်အတွက် **အိမ်ထောင်စုစာရင်းများမှားပါက မဲစာရင်းလည်း မှားယွင်းနိုင်သည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ** ဦးတင်အေးက ထောက်ပြပြောဆိုကြောင်း ၂၆-၆-၂၀၁၅ ရက်က သိရသည်။

လက်ရှိတွင် အခြေခံမဲစာရင်းများတွင် မှားယွင်းမှုများနှင့် အားနည်းချက်များကို နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြပြောဆိုခြင်းများအပေါ် ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရန်ကုန်မြို့တွင် အထက်ပါနေ့၌ ကျင်းပသည့် **နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာရမည့် ကျင့်ဝတ်များ ထုတ်ပြန်ပွဲတွင်** ယင်းကဲ့သို့ တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

''လူဦးရေနှင့် အိမ်ထောင်စုအရ ကောက်လိုက်တဲ့အတွက်ကြောင့် သူတို့စာရင်းမှားရင် ကျွန်တော်တို့ မှားနိုင်တယ်။ အိမ်ထောင်စုစာရင်းမှန်ရင် မဲစာရင်းမှန်မယ်။ မဲစာရင်းနဲ့ သန်းခေါင်စာရင်းက သန်းဂဏန်း လောက်ကွာနေတာ။ **ပါတီတွေ အရပ်ဘက်အဖွဲ့အစည်းတွေကို မဲစာရင်းတွေ စောင့်ကြည့်ကူညီကြပါလို့ ကြိုပြီးပြောပြီးသား။ အကြိမ်ကြိမ်ပြောပြီးပြီပဲ။** အမှားတွေချည်း ဝေဖန်နေမယ်ဆိုရင် ကောင်းကျိုးရလဒ်ရလာနိုင်စရာမရှိဘူး''ဟု ကော်မရှင် ဥက္ကဋ္ဌဦးတင်အေးက ပြောသည်။ရွေးကောက်ပွဲကော်မရှင်၏ ဖြေကြားချက်နှင့် ပတ်သက်၍ ပြည်သူများ မဲစာရင်းကြည့်ရှုရေး နှိုးဆော်နေသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကမူ **အစိုးရဌာနများအနေဖြင့် တာဝန်ယူမှု တာဝန်ခံမှုရှိသင့်သည်ဟု** ထောက်ပြလိုက်သည်။

''သူတို့အာဏာပိုင်အဖွဲ့အစည်းအချင်းချင်းပဲလေ။ တာဝန်ယူမှု၊ တာဝန်ခံမှုရှိရမယ်။ တစ်ယောက်နဲ့ တစ်ယောက် လက်ညှိုးထိုးနေတာ အဖြေမဟုတ်ဘူး။ NLD အနေနဲ့ မဲစာရင်းကို ဝေဖန်ထောက်ပြနေတာက ပါတီအတွက် မဲဆွယ်စည်းရုံးနေတာ မဟုတ်ဘူး။ အသက် ၁၈ နှစ်ပြည့်တဲ့ နိုင်ငံသားတိုင်းမဲပေးခွင့်ရဖို့ အပြုသဘောဆောင် ဝေဖန်ထောက်ပြတာ''ဟု NLD ပါတီ ရွေးကောက်ပွဲအောင်နိုင်ရေးဗဟိုကော်မတီဝင် ဦးမောင်မောင်ဦးက ဆိုသည်။ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အခြေခံမဲစာရင်းကြေညာသည့်လုပ်ငန်း **စတုတ္ထအဆင့်အဖြစ် ဇွန်လ ၂၂ ရက်မှစတင်ကာ ဇူလိုင်လ ၅ ရက်အထိ ကြေညာသွားမည်ဟု** ဇွန်လ ၂၀ ရက်တွင် ထုတ်ပြန်ထားပြီး ယခင်ကြေညာခဲ့သည့် မဲစာရင်းများ၏ မှားယွင်းမှုများကို မဲစာရင်းစောင့်ကြည့်သည့် အရပ်ဘက်အဖွဲ့များ၊ နိုင်ငံရေးပါတီများက ထောက်ပြနေကြပြီးခြင်း ဖြစ်သည်။

''တချို့မြို့နယ်ကော်မရှင်ရုံးက ထုတ်ပြန်တဲ့ မဲစာရင်းတွေမှာ အောက်ခြေအဆင့်ပေါ့ဆမှုတွေကြောင့် မြို့နယ်အလိုက် မဲစာရင်းတွေမှာ အစုလိုက်အပြုံလိုက် မှားယွင်းနေတာ တွေ့ရတယ်။ **ဆင်ခြေတွေ အကြောင်းအကျိုးတွေထက် လာမယ့် ရွေးကောက်ပွဲအတွက် မဲစာရင်းတွေမှန်အောင် ဘယ်လိုလုပ်မလဲဆိုတာပဲ ဖြေရှင်းပေးဖို့ လိုအပ်ပါတယ်**''ဟု အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဦးခင်မောင်ဆွေက ဆိုသည်။

အခြေခံမဲစာရင်း ကြေညာလိုက်ချိန်တွင် **မဲစာရင်းကြေညာချက်များကို သွားရောက် ကြည့်ရှုရန်မှာ မဲဆန္ဒရှင်များ၏ တာဝန်ဖြစ်သည်ဟု** ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက ဆိုသည်။

''မဲစာရင်းကပ်ထားရင် လာကြည့်ပါ။ မဲဆန္ဒရှင်များသည် မဲစာရင်းကြည့်ရန် တာဝန်ရှိတယ်။ လာကြည့်ပြီးရင် အမှားပြင်ပါ။ မပါရင်ဖြည့်ပါ။ ပြင်ပြီးရင် ရွေးကောက်ပွဲ နေ့ကျရင် မဲလက်မှတ်ပေးရမှာ။ လာကြည့်တယ်။ မကြည့်ဘူးဆိုတာ သူတို့တာဝန်ပဲ။ ၂၀၁၀ နဲ့ ၂၀၁၂ မှာ ပြဿနာဖြစ်ခဲ့တယ်။ ဒီပြဿနာတွေကြောင့် အခြေခံမဲစာရင်း ကောက်လိုက်တာ''ဟု ၎င်းက ဆိုသည်။ လက်ရှိတွင် **တစ်နိုင်ငံလုံးမှ မဲရုံပေါင်း ၄၇၀၀၀ ကျော်တွင် တာဝန်ယူမည့် မြို့နယ်အလိုက် ကော်မရှင် အဖွဲ့ဝင်ထမ်းဦးရေ ငါးသိန်းအား သင်တန်းများပေးရန်စီစဉ်နေကြောင်း** ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။ **အေမီအောင်**(မြစ်မခ)

# တစ်ပတ်စာ သင့်ကံကြမ္မာ

## ၂-၇-၂၀၁၅ မှ ၈-၇-၂၀၁၅ ထိ

ဒေါက်တာလင်းမြတ်သူ၊ မြန်မာနိုင်ငံဗေဒသုတေသနအဖွဲ့။ ဖုန်း၊ ၅၆၆၈၃၃၊ ဝ၉ ၇၃၂၀၇၃၆၊ ဝ၉ ၂၅၃၀၁၇၆၀၀

**တနင်္ဂနွေ** အပေါင်းအသင်းမိတ်ဆွေများစွာဖြင့် အကြောင်းရင်းစိတ်ထွေပြားစရာဖြစ်စေသော ပြောဆိုစကားအမှားများကြောင့် ထိခိုက်နစ်နာဆုံးရှုံးရခြင်းများ ဖြစ်ပေါ်ခံစားရစေတတ်ပါသည်။ စားကောင်းသောက်ဖွယ်များမည်မျှပင် စားသောက်ရသည်ဖြစ်စေ ခံတွင်းမတွေ့ ဖြစ်နေမည်။ အဆင်မပြေအမှားများရှိသကဲ့သို့ပင် ဝင်ငွေအများအပြားလည်း သေချာ ပေါက်ဝင်နေပါလိမ့်မည်။ အချစ်ရေး၌ ချစ်သူသည်မိမိအပေါ်တွင် မည်မျှပင်တန်ဖိုးထား သည်ဆိုသော်လည်း ဥစ္စာငွေကြေးသည် နှုတ်မှာအဖြေပေးမည့်ချစ်စကားနှင့်တိုက်ရိုက် အချိုးညီနေခြင်းမျိုး ကြုံရပါလိမ့်မည်။

**ယတြာ။ ။ သံဃာတော်တစ်ပါးအား ဖိနပ်တစ်ရန်ကပ်လှူပေးပါ။**

**တနင်္လာ** သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့်အထူးအကျိုးပေးပါလိမ့်မည်။ တစ်ခါတစ်ရံတွင်စိတ်၏ထွက်ပေါက်တစ်ခုအဖြစ် အများနှင့်ဝေးရာတွင်သာနေထိုင်လိုစိတ်ရှိနေမည်။ အိမ်၊ ခြံ၊ မြေ၊ အမွေအနှစ်ကိစ္စများတွင် ကံကောင်း၍အောင်မြင်မှုရရှိပါလိမ့်မည်။ မိမိ၏စေတနာမှန်ကန်မှုအပေါ်တွင် သိသာစေသောတုံ့ပြန်မှုကောင်းကျိုးများလည်း ရှိနေပါလိမ့်မည်။ ငွေချေးငှားခြင်းကိစ္စများတွင်အထူးသတိထားရပါလိမ့်မည်။ အချစ်ရေးတွင် ချစ်သူ့အပေါ်၌ အရမ်းမဟောင်းစနစ်ဖြစ်သည့် တစ်လမ်းမောင်း အချစ်မျိုးဖြင့်သာ တန်ဖိုးထား၍ ချစ်မိစေရန်အထူးသတိပြုပါ။

**ယတြာ။ ။ ကလေးတစ်ဦးအား ဦးထုပ်တစ်လုံးလက်ဆောင်ပေးလိုက်ပါ။**

**အင်္ဂါ** လုပ်ငန်းကိစ္စများတွင် မိမိတစ်ဦးတည်းလုပ်ကိုင်မှုထက် အများနှင့်ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်မှသာ အကျိုးရှိစေတတ်ပါသည်။ အစားအသောက်ဆင်ခြင်၍ ကျန်းမာရေးဂရုစိုက်ရန်လိုပါလိမ့်မည်။ မပြေလည်သောကိစ္စဟူသမျှတွင်ပရိယာယ်သုံး၍ ဖြေရှင်းနိုင်မှသာ အောင်မြင်ပါလိမ့်မည်။ မတော်တဆ ထိခိုက်ဒဏ်ရာရရှိစေတတ်ပါ၍ သတိပြုရန်လိုပါမည်။ ညီအစ်ကို၊ မောင်နှမတို့၏ ကိစ္စများတွင် မိမိမှကြားဝင်ဖြေရှင်းမှုပြုရပါလိမ့်မည်။ အချစ်ရေးနှင့်ပတ်သက်၍ ရွေးချယ်ရာ တွင် နှစ်ဦးနှစ်ဖက်မကြည်သလို ရှောင်ကြဉ်ရမည့် ဘဝမှကင်းဝေးလိုပါလျှင် ညီအစ်ကိုမောင်နှမမွေးချင်းအရေးအတွက် နည်းလေလေ၊ ဘေးကင်းစေလျက်လက်တွဲနိုင်ခြင်း မြဲလေလေဖြစ်ရပါလိမ့်မည်။

**ယတြာ။ ။ ဘုရားတွင် နေပူခံကျောက်ပြားလှူပေးပါ။**

**ဗုဒ္ဓဟူး** မိမိတာဝန်ယူဆောင်ရွက်မှသာ ပြီးစီးမည့်ကိစ္စများအား တစ်ပါးသူနှင့် ယုံကြည်စွာ လွှဲအပ်ခြင်းမပြုပါနှင့်။ လူတိုင်းအား မိမိနှင့်သဘောထားတိုက်ဆိုင်မှုရှိနိုင်လိမ့်မည်ဟူ၍ မမျှော်လင့်ပါနှင့် သဘောထားကွဲလွဲမှုများ ရှိနိုင်ပါသည်။ တစ်ပါးသူအား မိမိမှစည်းရုံးပြော ဆိုလိုသည်များရှိခဲ့ပါက ခပ်ဖြည်းဖြည်းအချိန်ယူ၍ ညှိနှိုင်းပြောဆိုမှုပြုရန်သာစဉ်းစားပါ။ အချစ်ရေးတွင် အစားကြီး၍နားငြီးအောင်စကားပြောဆိုတတ်ပါသောချစ်သူရည်း စားနှင့် ခရီးအတူတစ်သက်မခွဲဘဲ မည်းမည်းမည်းလက်တွဲနိုင်ခွင့်ကြုံရပါလိမ့်မည်။

**ယတြာ။ ။ ဆီးရောဂါဝေဒနာရှင်တစ်ဦးအား ဆီးဆေးလှူပေးပါ။**

**ကြာသပတေး** မည်သည့်အလုပ်ကိစ္စတွင် လုပ်ကိုင်ဆောင်ရွက်သည်ဖြစ်စေ မိမိကိုယ်မိမိ ယုံကြည်စိတ်ချမှုအပြည့်အဝရှိနေရပါလိမ့်မည်။ မိမိ၏ရိုးသားစွာခင်မင်မှုအပေါ်တွင် အကျိုးတရားရှာဆင်ခြင်၍ အမြတ်ထုတ်လိုသူများရှိနေပါလိမ့်မည်။ ကျန်းမာရေးကောင်းသော်လည်း နံကြားလေလျှောက်၍ အခံရခက်စေသောလေနှင့်ဆိုင်သည့် ဝေဒနာများခံစားနေရပါလိမ့်မည်။ ကုသိုလ်ကံတရားကောင်းမွန်သော ကာလဖြစ်ပါသည်။ မည်သည့်ကိစ္စတွင်မဆို တရားသေတစ်ဖွတ်ထိုးမပြုလုပ်မိပါစေနှင့်။ အချစ်ရေးတွင် ကလေးလိုနွဲ့ဆိုးသဘောနှင့် မိမိလိုအပ်ချက်အပေါ် အရေးဆို၍ တဲ့တိုးပြောဆိုတတ်ပါသောချစ်သူမျိုးဖြင့် ဖူးစာဆုံဖြစ်စေရပါလိမ့်မည်။

**ယတြာ။ ။ မိတ်ဆွေတစ်ဦးအား ဆီးကြဲရည်တစ်ခွက်ဒါနပြုလိုက်ပါ။**

**သောကြာ** မျှော်လင့်မထားသော ကံတရား၊ ရည်ရွယ်မထားသော ကုန်ကျစရိတ်များသည် မယုံရသောစိတ်ဖြင့် အံ့သြစရာဖြစ်စေသော ပတ်သက်မှုမျိုး မိမိထံသို့ ရောက်ရှိလာတတ်ပါသည်။ မိမိ၏မြင့်မြတ်သောစိတ်ဓာတ်များအား နိမ့်ကျသွားစေသော အခြေအနေများလည်းဖြစ်ပေါ်စေတတ်ပါသည်။ အရေးပေါ်မြန်ဆန်သည့်အခြေအနေပြောင်းလဲမှုများရှိသည့်တိုင် အတွေးအခေါ်မှန်ကန်စွာဖြင့် ဆုံးဖြတ်နိုင်စွမ်းရှိဖို့လိုပါလိမ့်မည်။ ဘာသာရေးဆိုင်ရာ ဝိပဿနာတရားများပွားများအားထုတ်ရန်လိုပါလိမ့်မည်။ အချစ်ရေးတွင် မိမိအနေဖြင့် အချစ်နှင့်ပတ်သက်လျှင်သစ္စာနံ့အပြစ်ကင်း၍ မေတ္တာမှန်ချစ်ခြင်းကို အလိုရှိခဲ့ပါသော်လည်း ချစ်သူ၏သဘောအလိုမာန်မချ၍ အပြောအဆိုဟန်မကျဖြစ်ရခြင်းအပေါ် စိတ်တိုင်းမကျအိပ်တိုင်းမရသည့်စိတ်ဖိစီးမှုများခံစားနေရပါလိမ့်မည်။

**ယတြာ။ ။ ရွှံ့ဗွက်၊ ရေအိုင်များအား မြေဖို့၍ကုသိုလ်ယူပါ။**

**စနေ** စီးပွားရေးမှာ အထူးအသားပေးကာ မျှော်လင့်ချက်များဖြင့်ဆောင်ရွက်ထားသည့်တိုင် လုပ်တိုင်းမရ၊ လိုတိုင်းမဖြစ်သောကံတရားပေါ် စိတ်တိုင်းမကျဖြစ်နေမိတတ်သည်။ ဉာဏ်နှင့်ယှဉ်၍ လုပ်ကိုင်ရသောလုပ်ငန်းများနှင့် အကျိုးပေးပါလိမ့်မည်။ လူမျိုးခြားများနှင့်စီးပွားစပ်တူလုပ်ကိုင်ခြင်းဖြင့် အောင်မြင်မှုရရှိပါလိမ့်မည်။ စွန့်စားရသောလုပ်ငန်းများလုပ်ဖြစ်ပါလိမ့်မည်။ မိမိ၏စိတ်မြန်လက်မြန်ပြုမှုတတ်ခြင်းအတွက် မလိုအပ်ပါဘဲအမှားများဖြစ်စေတတ်ပါ၍ သတိထားရပါလိမ့်မည်။ အချစ်ရေးနှင့်ပတ်သက်လေသမျှအသွားအလာလိုရာမပြည့်လျှင် တရားရှာကိုယ်မှာတွေ့စေသည့်အလုပ်ပေးတရားနာ၍ အဟုတ်မဝေးအနားမှာရှိနေပါသော ငြိမ်းချမ်းမှုတရားဖြင့် စိတ်တည်ငြိမ်အောင် အရင်ပြုရပါလိမ့်မည်။

**ယတြာ။ ။ သံဃာတော်တစ်ပါးအား ရေစစ်တစ်ခုကပ်လှူပေးပါ။**

# မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် စမတ်ဖုန်းရုပ်ရှင်ပွဲတော် ကျင်းပမည်



Photo : spffmmc om

မြန်မာနိုင်ငံအတွင်းရှိ စမတ်ဖုန်းကိုင်ဆောင်သူများအနေဖြင့် အနုပညာပိုင်းဆိုင်ရာ တီထွင်ဖန်တီးမှုများကို ပြသနိုင်သောစမတ်ဖုန်းရုပ်ရှင်ပွဲတော် (Smartphone Film Festival)ကို **ဇူလိုင်လအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း** အဆိုပါပွဲတော်ကိုစီစဉ်သည့် Yangon Heartz Business Solution Co,L td. မှ စီအီးအိုကိုဇော်ဇော်မျိုးလွင်က ၂၇-၆-၂၀၁၅ ရက်တွင် ပြောသည်။

ထိုသို့ဆောင်ရွက်ခြင်းမှာ **စမတ်ဖုန်းကိုင်ဆောင်သူများ၏ အနုပညာဆိုင်ရာ တီထွင်ဖန်တီးမှုစွမ်းရည်ကို ထုတ်ဖော် ပြသရန် ရည်ရွယ်ကျင်းပ**ခြင်းဖြစ်ရာ စမတ်ဖုန်းကိုင်ဆောင်သူများသည် မိမိတို့၏ စမတ်ဖုန်းကင်မရာဖြင့် ဇာတ်လမ်းတို (Short Film)များကို **ကြာမြင့်ချိန် ငါးမိနစ်မှ ၁၀ မိနစ်အကြား ရုပ်ရှင်ဗီဒီယိုများကိုယ်တိုင် ဖန်တီးကာ ဝင်ရောက်ယှဉ်ပြိုင်နိုင်**မည်ဖြစ်သည်။ ``အခုခေတ်မှာ စမတ်ဖုန်းကို လူတိုင်းပြည့်ပြည့်ဝဝအသုံးချနိုင်ဖို့ရည်ရွယ်ထားတယ်။ လက်ထဲမှာရှိတဲ့ ဖုန်းကင်မရာနဲ့ ကိုယ်ရှေ့မှာဖြစ်နေတဲ့ အကြောင်းအရာတွေကို မှတ်တမ်းတင်နိုင်ဖို့အတွက်ပါ။ အခုဆိုရင်ဖုန်းအသုံးပြုသူအရေအတွက်ကလည်း သိသိသာသာမြင့်တက်လာတယ်။ အနုပညာဖန်တီးမှုကို ဖုန်းကင်မရာနဲ့လက်တွေ့စမ်းသပ်ဖော်ထုတ်နိုင်မယ့်အချိန်ကောင်းပါပဲ´´ဟု ၎င်းကပြောသည်။

အဆိုပါရုပ်ရှင်ပွဲတော်၌ ဆုအမျိုးအစားသုံးခုချီးမြှင့်ပေးမည်ဖြစ်ကာ ပထမဆု ဒေါ်လာ ၁၀၀၀၊ ဒုတိယဆု ဒေါ်လာ ၇၀၀ နှင့်တတိယဆု ဒေါ်လာ ၅၀၀ ပေးအပ်သွားမည်ဖြစ်သည်။ ရိုက်ကူးသရုပ်ဖော်ရာတွင် လူမျိုးတိုင်း၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ နေ့စဉ်နေထိုင်မှုဘဝ၊ လွတ်လပ်သည့်လှုပ်ရှား ပျော်ရွှင်မှုများ၊ အမှတ်တရများကို စိတ်ကူးဖြင့် **အလျင်မြန်ဆုံးနှင့် အပြောင်မြောက်ဆုံးဖန်တီးရမည်ဟု**သိရသည်။ စည်းကမ်းချက်အနေဖြင့် ဖန်တီးသူများသည် **ဖုန်းကင်မရာဖြင့်သာရိုက်ကူးရမည်ဖြစ်ကာ တည်းဖြတ်မှု ကိုမူ မည်သည့်ဆော့ဖ်ဝဲနှင့်မဆိုတည်းဖြတ်နိုင်ကြောင်း၊** ရိုက်ကူးသူ၏ အနုပညာဖန်တီးမှု မူပိုင်ခွင့်ကိုမူ တာဝန်ယူရမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်ကျင်းပပြုလုပ်မည့် Smartphone Film Festival နှင့်ပတ်သက်သည့် အသေးစိတ်အချက် အလက်များကို wwws pffmm. com နှင့် ဖေ့စ်ဘွတ်ခ်စာမျက်နှာ Smartphone Film Festival Yangon တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။ **ရှိန်းဝင်းထိုက်**

# ရန်ကုန်နှင့်မော်လမြိုင်ရှိ အစိုးရကျောင်းများတွင် လျှပ်စစ်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် သင်ရိုးတစ်ခုကို သင်ကြားပေးမည်

**ရန်ကုန်နှင့် မော်လမြိုင်မြို့ရှိ အစိုးရစာသင်ကျောင်းများတွင်** လျှပ်စစ်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် သင်ရိုးတစ်ခုကို **ပညာရေးဝန်ကြီးဌာနက SCG ၏ ထောက်ပံ့မှုများနှင့် သင်ကြားပေးနိုင်ရန် စီစဉ်နေကြောင်း** ၂၇-၆-၂၀၁၅ ရက်တွင် သိရသည်။

လျှပ်စစ်သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် သင်ရိုးတစ်ခုကိုသင်ကြားပေးရန် လတ်တလောတွင် ရန်ကုန်နှင့် မော်လမြိုင်မြို့ အစိုးရစာသင်ကျောင်းများရှိ တ**တိယတန်းနှင့် စတုတ္ထတန်းတို့တွင် သင်ကြားပေးမည်ဖြစ်**သည်။ သင်ကြားပေးမည့် အကြောင်းအရာများမှာ **မြန်မာနိုင်ငံတွင် လျှပ်စစ်သဘာဝဘေး အန္တရာယ်များ ကြုံတွေ့လာရပါက အရေး ပေါ် အသက်ကယ်ဆယ်ရေးလုပ်ငန်းများ၊ လုပ်ဆောင်ရန် အချက်များ၊ မလုပ်ဆောင်ရန် အကြောင်း အရာများ၊ လျှပ်စစ်နှင့်သက်ဆိုင်သည့် ဗဟုသုတများကို** သင်ရိုးတစ်ခုအဖြစ် အစိုးရကျောင်းများတွင် မကြာမီဖြန့်ဝေသွားမည်ဖြစ်သည်။ ``လျှပ်စစ်သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်တဲ့ သင်ရိုးတွေကို ကျောင်းတွေမှာတကယ်သင်ပေးနိုင်ရင်တော့ကောင်းပါတယ်။ **ပြည်ပနိုင်ငံတွေမှာ ဆိုရင်သူငယ်တန်းလောက်ကစပြီး ဒါကို သင်ပေးကြတယ်။** လျှပ်စစ်ဖြစ်ပေါ်လာရင်ဘယ်လိုနေထိုင်လုပ်ကိုင်ရမယ်ဆိုတာ သိထားသင့်တယ်။ အရေးပေါ်ရင် ဘာလုပ်ရမယ်ဆိုတာကို လေ့လာ ပြင်ဆင်ထားရပါမယ်´´ဟုမြန်မာနိုင်ငံမြေလျှင်ကော်မတီအတွင်းရေးမှူး ဦးစိုးသူရထွန်းကပြောသည်။ မြန်မာနိုင်ငံတွင် **နှစ်ပေါင်း ၁၇၀ အတွင်းပမာဏ ၇ ထက်ကြီးသော ငလျင်ကြီး ၁၆ ကြိမ်လှုပ်ခဲ့ဖူးရာ ၁၉၁၂ က မေမြို့ငလျင်မှာ ပမာဏ ၈ ရှိသည့် အကြီးဆုံးငလျင်ဖြစ်ခဲ့ကြောင်း** သိရသည်။

**ရှိန်းဝင်းထိုက်**

# Google ၏ တန်ဖိုးနည်းစမတ်ဖုန်း ပရောဂျက်တစ်ခုဖြစ်သော Android One စမတ်ဖုန်းကို ပြည်တွင်းဈေးကွက်တွင် စတင်ရောင်းချ

**Google နှင့် ဖိလစ်ပိုင်အခြေစိုက် Cherry Mobile စမတ်ဖုန်းကုမ္ပဏီတို့ တန်ဖိုးနည်းစမတ်ဖုန်း ပရောဂျက်တစ်ခုအဖြစ် ပူးပေါင်းထုတ်လုပ်ထားသည့် Android One စမတ်ဖုန်းကိုမြန်မာနိုင်ငံတွင် စတင်ရောင်းချပေးနေပြီဖြစ်ကြောင်း** ၂၇-၆-၂၀၁၅ရက်တွင်သိရသည်။

အဆိုပါစမတ်ဖုန်းကို Google က တန်ဖိုးနည်းစမတ်ဖုန်း ပရောဂျက်တစ်ခုအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စွမ်းဆောင်ရည်ကောင်းမွန်သည့် စမတ်ဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် အသုံးပြုနိုင်စေရန် ရည်ရွယ်ပြုလုပ်ထားသည့် စမတ်ဖုန်းတစ်ခုဖြစ်သည်။ Android One စမတ်ဖုန်းကို Google က သတ်မှတ်ထားသည့် လမ်းညွှန်ချက်များနှင့် စံနှုန်းများအတိုင်း ထုတ်လုပ်ရသည့်အတွက် **တန်ဖိုးနည်းစမတ်ဖုန်းဖြစ်သော်လည်း Android နောက်ဆုံးဗားရှင်း 5.1.1(lollopop)ဖြင့် အသုံးပြုနိုင်မည်ဖြစ်သည်။ အဆိုပါဖုန်းတွင် ဆင်းမ်ကတ်နှစ်ခုထည့်သွင်းနိုင်ပြီး 3G နှင့် 2G ကွန်ရက်နှစ်ခုစလုံးဖြင့် ချိတ်ဆက်အသုံး** ပြုနိုင်သည်။

ထို့ပြင် CPU ပိုင်းတွင် မြန်နှုန်းမြင့် 1.3 Quad Core Processorနှင့် RAM 1GB တို့ကို တပ်ဆင်ပေးထားသောကြောင့် ကောင်းမွန်သည့် စွမ်းဆောင်ရည်ဖြင့်အသုံးပြုနိုင်မည်ဖြစ်သည်။ **မျက်နှာပြင်အနေဖြင့် ၄ ဒသမ ၅လက်မရှိကာ ရုပ်ထွက်ပိုင်းကောင်းမွန်စေရန် IPS Display ကို တပ်ဆင်ပေးထား**သည်။ ကင်မရာပိုင်းအနေဖြင့် ကျောဘက်တွင် BSI Sensor ပါဝင်သည့် 5MP ကင်မရာ တပ်ဆင်ပေးထားပြီး ရှေ့ဘက်တွင် 2MP ကင်မရာ တပ်ဆင်ပေးထားသည်။ဖုန်းတွင်း မှတ်ဉာဏ်အနေဖြင့် 8GB ပါဝင်ပြီး



Photo : androidc om

မလုံလောက်ပါက 4G B အထိ တိုးချဲ့နိုင်ကြောင်းသိရသည်။ ဖုန်းအသံထွက်ကောင်းမွန်စေရန် 3.5mm Stereo Audio Jack စနစ်ထည့်သွင်းပေးထားသည့်အပြင် **Google မှထုတ်လုပ်သည့် နောက်ဆုံးပေါ်ဆော့ဖ်ဝဲအားလုံးကို နှစ်နှစ် အထိ တရားဝင် Update ရရှိနိုင်မည်ဖြစ်သည်။** ဈေးနှုန်းအနေဖြင့် ကျပ် ၁၀၉,၀၀၀ ဖြင့် ရောင်းချမည်ဖြစ်ပြီး ပြည်တွင်းလက်လီအရောင်းဆိုင်များတွင် စတင်ဝယ်ယူနိုင်မည်ဖြစ်သည်။

**ရှိန်းဝင်းထိုက်**

# jrefrmEdkifiHwGif *d[fwkoHk;pGJaeolrsm;ukd knfum *d[fwkpfvHk;wnf;toHk;jyK&ef aqmif&Gufrnf

မြန်မာနိုင်ငံအတွင်း ဂြိုဟ်တုသုံးစွဲနေသူများအား စုစည်း၍ ဂြိုဟ်တုတစ်လုံးတည်းအသုံးပြုကာ စုစည်းနိုင်ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းကမြန်မာဂြိုဟ်တုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားခဲ့ကြောင်း ၂၇-၆-၂၀၁၅ရက်တွင် သိရသည်။

**ယခုအခါ ICT ကဏ္ဍမှာ ဆက်သွယ်ရေးတစ်ခုတည်းမဟုတ်ဘဲ ကဏ္ဍအတော်များများတွင် ဂြိုဟ်တုနည်းပညာဖြင့် ချိတ်ဆက်အသုံးပြုနေကြပြီဖြစ်ရာ** ဂြိုဟ်တုတစ်ခုကို ဝယ်ယူရုံနှင့် မပြီးသေးဘဲ နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း၎င်းကဆိုသည်။ ထိုသို့ဆောင်ရွက်ရန် လုပ်ငန်းများအား အဆင့်လိုက် ဆောင်ရွက်သွားရမည်ဖြစ်သည်ဟု သိရသည်။ ``မိမိကိုယ်တိုင် ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်နိုင်တဲ့ အဆင့်ထိရောက်ရှိဖို့လိုတယ်။ **ပထမအဆင့်အနေနဲ့ နိုင်ငံတော်အတွင်း ဂြိုဟ်တုသုံးစွဲနေသူတွေကို စုစည်းပြီးဂြိုဟ်တုတစ်လုံးတည်း အသုံးပြုနိုင်ရေးဆောင်ရွက်ရမယ်။** ကဏ္ဍအလိုက်ကလည်းတတ်နိုင်သမျှပူးပေါင်းပါဝင်မှသာ နိုင်ငံတော်အတွက် အကျိုးရှိမယ့် ရလဒ်ကောင်းရရှိလာမှာဖြစ်ပါတယ်´´ ဟု ၎င်းကပြောသည်။

လက်ရှိတွင် ဂြိုဟ်တုဆက်သွယ်ရေးနည်းပညာဆိုင်ရာ အသုံးပြုမှုများနှင့် ပတ်သက်၍ Singapore နိုင်ငံ အခြေစိုက် SAT Consult Co., တို့ဖြင့်ဆွေးနွေးမှုများ ပြုလုပ်နေကြောင်းသိရသည်။ **ယခုအခါ မြန်မာနိုင်ငံအနေဖြင့်ငါးနှစ်အတွင်း ကိုယ်ပိုင်ဂြိုဟ်တုပိုင်ဆိုင်ရန် စီစဉ်နေကာ အမျိုးသား ရေးဦးစားပေးလုပ်ငန်းအဖြစ် ကိုယ်ပိုင် ဂြိုဟ်တုရှိရန်မှာအရေးကြီးကြောင်း** ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး ဦးသောင်းတင်ကပြောကြားထားသည်။ **ရှိန်းဝင်းထိုက်**

# အွန်လိုင်းတွင် မည်သည့်ကုန်ပစ္စည်းမဆို ကျပ် ၁၀ သိန်းဖိုး အခမဲ့ဝယ်ယူခွင့်ရမည့် ကမ်ပိန်းကျင်းပမည်

မြန်မာနိုင်ငံ၏ ဦးဆောင် အွန်လိုင်းဈေးကွက်တစ်ခုဖြစ်သော Kaymu.com.mm မှ လူမှုကွန်ရက်တစ်ခုဖြစ်သော Facebook ပေါ်တွင် 'The Game' အမည်ရှိ Campaign တစ်ခုကို လာမည့် ဇူလိုင်လ ၁ ရက်မှစတင်ကာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ၂၆-၆-၂၀၁၅ ရက်တွင် သိရသည်။

အဆိုပါ ပြိုင်ပွဲကို **ဇူလိုင် ၁ ရက်မှ ဇူလိုင် ၃၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ဆုကြေးအနေဖြင့် Kaymu မှ မည်သည့်ကုန်ပစ္စည်းများကို မဆို ငွေကျပ် ၁၀ သိန်းဖိုးအခမဲ့ ဝယ်ယူခွင့် ရရှိမည်ဖြစ်**ကြောင်းသိရသည်။ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် ပထမဦးစွာ Kaymu Page ကို LIKE ပြုလုပ်ပြီး Kaymu Page ရှိ 'The Game' ပြိုင်ပွဲအတွက် တင်ထားသော Post ကို Like ပြုလုပ်ရမည်ဖြစ်ကြောင်း သိရသည်။ ထို့နောက် wwwka ymuc omm m ဝက်ဘ်ဆိုက်ရှိ မိမိအကြိုက်ဆုံးကုန်ပစ္စည်းကို ရွေးချယ်ပြီး URL ကူးယူ၍ဖြစ်စေ(သို့မဟုတ်) Kaymu app ကိုအသုံးပြုပြီး screenshot ရိုက်၍ဖြစ်စေ 'The Game' ပြိုင်ပွဲ Post ၏ comment box တွင် ရေးပေးရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ comment ပေးထားသူများထဲမှ ကံထူးသူတစ်ဦးကို random စနစ်ဖြင့် ရွေးချယ်မည်ဖြစ် ကြောင်းသိရသည်။

Kaymu သည် ကမ္ဘာပေါ်တွင် တိုးတက်ဖွံ့ဖြိုးလာသည့် ဈေးကွက်တစ်ဖြစ်သည့် အွန်လိုင်းရောင်းဝယ်ရေးဝန်ဆောင်မှုတွင် အကြီးမားဆုံးနှင့် စိတ်အချရဆုံး အွန်လိုင်းအခြေပြု ဈေးကွက်ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး လျှပ်စစ်ပစ္စည်း၊ စာအုပ်များ၊ ဖက်ရှင်ဆိုင်ရာ အမျိုးအစားများ၊ gadgets စသည်များကို ရောင်းသူနှင့် ဝယ်သူများအား ဈေးနှုန်းမှန်ကန်စွာဖြင့် လွယ်ကူစွာ ဝယ်ယူရရှိနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **Kaymu.com.mm သည် ဂျာမနီအခြေစိုက် Rocket Internet Company ၏ မြန်မာနိုင်ငံလုပ်ငန်းခွဲတစ်ခုဖြစ်**ကြောင်းသိရသည်။

**ပြည့်ရည်ဖူး**

# Asean Plus Three အစီအစဉ်အကောင်အထည်ဖော်ရန် အာဆီယံခရီးသွားလုပ်ငန်းအသင်းများ သက်ဆိုင်ရာအစိုးရထံ တောင်းဆိုမည်

ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးစေရန်အတွက် Asean Plus Three အစီအစဉ်ကို အကောင်အထည်ဖော်ရန် အာဆီယံခရီးသွားလုပ်ငန်းအသင်းများအဖွဲ့ချုပ် (FATA) က သက်ဆိုင်ရာအစိုးရများထံ တောင်းဆိုသွားမည်ဖြစ်ကြောင်း ၂၇-၆-၂၀၁၅ ရက်က သိရသည်။ ASEAN Plus Three အစီအစဉ်တွင် **အာဆီယံနိုင်ငံများနှင့် တောင်ကိုရီးယား၊ တရုတ်၊ ဂျပန်တို့မှ ခရီးသွားဧည့်သည်များအနေဖြင့် ဗီဇာကြေးများမပေးဆောင်ရဘဲသွားလာခွင့်ပြုမည့်အချက်ကို** အဓိကထည့်သွင်းထားကြောင်း FATA ၏ဥက္ကဋ္ဌ ဦးအောင်မြတ်ကျော်ကဆိုသည်။ FATA ၏ ကွာလာလမ်ပူ၌ကျင်းပခဲ့သော အစည်းအဝေး၌ ယင်း ASEAN Plus Three အစီအစဉ်ဆောင်ရွက်ရန် **FATA အဖွဲ့ဝင်ခရီးသွားလုပ်ငန်း ၇၇၀၀ ကဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း** သိရသည်။

``**အာဆီယံ ဒေသတွင်းနိုင်ငံတွေနဲ့ ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်နိုင်ငံတွေအချင်းချင်း ခရီးသွားရင် ဗီဇာမလိုဘဲအနည်းဆုံး ၁၄ ရက်လောက်နေထိုင်ခွင့်ပြုသင့်ပါတယ်။** ဗီဇာလျှောက်ထားရမှုက ခရီးသွားလုပ်ငန်းအတွက် အဟန့်အတားတချို့ရှိနေတဲ့အတွက် ခရီးသည်ကထင်သလောက်ဝင်မလာနိုင်ဘူး။ **ဗီဇာတော့လိုမယ်။ ဗီဇာကြေးမပေးဘဲသွားခွင့်ပြုဖို့ ASEAN Plus Three မှာ ထည့်ထားတယ်။** အာဆီယံခရီးသွားလုပ်ငန်းအသင်းတွေက ဆိုင်ရာအစိုးရတွေဆီမှာ တင်ပြကြမှာပါ``ဟု ဦးအောင်မြတ်ကျော်ကဆိုသည်။ မြန်မာနိုင်ငံသို့ ၂၀၁၅ ခုနှစ်ဇန်နဝါရီလမှ မေလကုန်အထိ နိုင်ငံခြားသားခရီးသည် နှစ်သန်းခန့်ဝင်ရောက်ခဲ့ရာ ယခင်နှစ်ငါးလတာအတွင်း ဝင်ရောက်မှုနှင့်နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်းခန့်မြင့်တက်လာပြီး **အာဆီယံနိုင်ငံများတွင် ခရီးသွားလုပ်ငန်းအဖွံ့ဖြိုးဆုံးဖြစ်ကြောင်း** မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

``မြန်မာနိုင်ငံကတော့ အာဆီယံမှာ ခရီးသွားလုပ်ငန်းအဖွံ့ဖြိုးဆုံးပဲ။ တခြားနိုင်ငံတွေကကျနေတယ်။ ရေရှည်မှာခရီးသွားများများဝင်ရောက်ဖို့အတွက် ASEAN Plus Three ကိုလုပ်ဖို့အာဆီယံခရီးသွား လုပ်ငန်းအသင်းတွေကဆုံးဖြတ်ခဲ့တာပါ``ဟု ဦးအောင်မြတ်ကျော်က ဆက်လက်ပြောကြားသည်။ အာဆီယံခရီးသွားလုပ်ငန်းများအသင်းအဖွဲ့ချုပ် (FATA) ကို **အာဆီယံနိုင်ငံများမှ ခရီးသွားလုပ်ငန်းအသင်း ၁၁ သင်း ဖြင့်ဖွဲ့စည်းထားပြီး** အာဆီယံနိုင်ငံများ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးနှင့် ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် ပုဂ္ဂလိကလုပ်ငန်းများဖွံ့ဖြိုးရေး အဓိကထားဆောင်ရွက်နေကြောင်း သိရသည်။

**ဆုဆက်**

# မြန်မာပါဝင်သော ပစိဖိတ်ဒေသတွင်း အင်အားကြီးနိုင်ငံအချို့နှင့် ပင်လယ်ပြင် စစ်ရေးလေ့ကျင့်ရေးလုပ်ရန် အိန္ဒိယဆန္ဒရှိနေ




**အိန္ဒိယနိုင်ငံသည် အမေရိကန်၊ ယူကေ၊ ရုရှား၊ ပြင်သစ် စသည့်နိုင်ငံများနှင့် ပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုများလုပ်သကဲ့သို့ မြန်မာပါဝင်သော အာရှပစိဖိတ်ဒေသတွင်းမှ ဩစတြေးလျ၊ ဂျပန်၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ထိုင်း၊ စင်ကာပူတို့နှင့် ပူးတွဲ စစ်ရေးလေ့ကျင့်မှုများလုပ်ဆောင်လိုနေကြောင်း** သိရသည်။

ယင်းသတင်းကို အိန္ဒိယသတင်းစာ Time Of India ကဇွန်လ ၂၇ ရက်တွင် ရေးသားဖော်ပြလာခြင်းဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများထံ အဆိုပြုချက် တောင်းခံထားခြင်းရှိမရှိကိုမူ ရေးသားဖော်ပြထားခြင်းမရှိသည်ကို တွေ့ရသည်။ အိန္ဒိယတပ်မတော်မှ သတင်းရင်းမြစ်တစ်ဦးက ပြောကြားချက်ကို ကိုးကား၍ Time Of India က ရေးသားဖော်ပြလာမှုတွင် အိန္ဒိယရေတပ်အနေဖြင့် ပျံ့ကျဲနေသော အာရှပစိဖိတ်ဒေသတွင်း နိုင်ငံများဖြစ်သည့် **ဖော်ပြပါ ၇ နိုင်ငံနှင့် ပူးတွဲ စစ်ရေးလေ့ကျင့်မှုများလာမည့် လပိုင်းအတွင်း လုပ်ဆောင်နိုင်ရန် ဆန္ဒပြင်းပြနေကြောင်း** သိရပြီး ဧပြီလနှင့် မေလအတွင်းက ပါဝင်ခဲ့သော အမေရိကန်နှင့် Malabar လေ့ကျင့်ရေး၊ ယူကေနှင့် Konkan လေ့ကျင့်ရေး၊ ရုရှားနှင့် Indra လေ့ကျင့်ရေး၊ ပြင်သစ်နှင့် Varuna လေ့ကျင့်ရေးများကဲ့သို့ ဖော်ဆောင်လိုနေခြင်းဟု သိရသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံသည် ပင်လယ်ပြင်စစ်ရေးလေ့ကျင့်မှုအပိုင်း၌ မကြာခဏ ပူးတွဲလေ့ကျင့်ဖူးသော်လည်း မြန်မာနိုင်ငံဘက်က အာရှပစိတ်ဖိတ်ဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း၊ အာဆီယံဒေသတွင်းနိုင်ငံများနှင့်လည်းကောင်း တစ်ကြိမ်တစ်ခါမှ ပူးတွဲလေ့ကျင့်ဖူးခြင်းမရှိသေးသည့်အတွက် အိန္ဒိယ၏ အစီအစဉ်မှာ မြန်မာအတွက် လက်ကမ်းကြိုစရာဖြစ်လာနေကြောင်းလည်း သိရသည်။ အိန္ဒိယသည် ထိုင်းနိုင်ငံမှ စစ်သင်္ဘောများနှင့် သဘောတူညီထားမှုအတိုင်းနှစ်နိုင်ငံ ပင်လယ်ပြင်နယ်စပ်များတွင် ကင်းလှည့်အစီအစဉ်များရှိထားပြီး **မြန်မာနိုင်ငံနှင့်လည်း အလားတူ ပူးတွဲကင်းလှည့် အစီအစဉ်ကို လာမည့်နှစ် ဖေဖော်ဝါရီ သို့မဟုတ် မတ်လအတွင်း၌ ကျင်းပသွားရန်ရှိနေကြောင်း**လည်း သိရသည်။

**Iris**

# အနုပညာတက္ကသိုလ်များ၏ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု၊ ရုပ်ရှင်နှင့်ပြဇာတ်ပညာဘွဲ့ သင်တန်းများအတွက် ဝင်ခွင့်စတင်လျှောက်ထားနိုင်ပြီ

အမျိုးသားယဉ်ကျေးမှုအနုပညာတက္ကသိုလ် (ရန်ကုန်နှင့်မန္တလေး)တို့တွင် ဖွင့်လှစ်မည့် **လေးနှစ်ဘွဲ့သင်တန်းများ**အတွက် ဝင်ခွင့်စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ၂၇-၆-၂၀၁၅ရက်က သိရသည်။

အနုပညာတက္ကသိုလ်များအနေဖြင့် ၂၀၁၅-၂၀၁၆ပညာသင်နှစ်တွင် **အထူးပြုဘာသာရပ်ငါးခုဖြင့် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ရန်ကုန်နှင့်မန္တလေးအနုပညာတက္ကသိုလ်နှစ်ခုစလုံးတွင်** ဂီတပညာအထူးပြု၊ သဘင်ပညာအထူးပြု၊ ပန်းချီပညာအထူးပြု၊ ပန်းပုပညာအထူးပြု ဘွဲ့သင်တန်းများကို တက်ရောက်နိုင်မည်ဖြစ်ပြီး **ရုပ်ရှင်နှင့်ပြဇာတ်ပညာအထူးပြု ဘွဲ့သင်တန်းကို အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)၌**သာ တက်ရောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များတွင် သင်ကြားမည့်အထူးပြုဘာသာရပ်အလိုက် **ဝိဇ္ဇာဘွဲ့**အပ်နှင်းသွားမည်ဖြစ်ပြီး ဂုဏ်ထူးတန်းတက်ရောက်ရန် သတ်မှတ်အရည်အချင်းပြည့်မီပါက **စုစုပေါင်းသင်တန်းကာလ ငါးနှစ်တက်ရောက်ရမည်ဖြစ်ကာ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ အပ်နှင်းသွားမည်ဖြစ်**ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှသိရသည်။ တက်ရောက်လိုသူများသည် မိမိတို့သင်ယူလိုသည့်ဘာသာရပ်ကို မိမိဝါသနာအလျောက် ဦးစားပေးလျှောက်ထားနိုင်ပြီး ဝင်ခွင့်လမ်းညွှန်နှင့်ဝင်ခွင့်လျှောက်လွှာများကို http://www.mediafire.com/download/5tafabfvh5wigq/student+form. 2015pdf တွင် ရယူနိုင်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သူများသည် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်စာစစ်ဌာနများမှ အောင်မြင်သူများသည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ လည်းကောင်း လျှောက်ထားတက်ရောက် ရမည်ဖြစ်သည်ဟု သိရသည်။

**ဆုဆက်**

# တန်ဖိုးနည်းအိမ်ရာကြောင့် ဗိုလ်မြတ်ထွန်းတံတားအနီးမှ မြေဈေး နှစ်ဆတက်လာ

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၌ တန်ဖိုးနည်းအိမ်ရာများ စတင်တည်ဆောက်လာပြီး **ဗိုလ်မြတ်ထွန်းတံတားဝန်းကျင်ရှိမြေဈေးများမှာလည်း နှစ်ဆခန့်မြင့်တက်လာကာ** မြေအရောင်းအဝယ်များဖြစ်နေကြောင်း ၂၇-၆-၂၀၁၅ ရက်က သိရသည်။

နိုင်ငံတော်အစိုးရမှ ဗိုလ်မြတ်ထွန်းတံတားအနီးတွင် **ဗိုလ်မြတ်ထွန်းတန်ဖိုးနည်း အိမ်ရာစီမံကိန်းစတင်မည့် အခြေအနေကြောင့်** မြေဈေးများမြင့်တက်လာခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။ ``တန်ဖိုးနည်းအိမ်ရာ စဆောက်မယ်သတင်းကြားထဲက မြေဈေးတွေမြင့်လာတယ်။ **အခုအိမ်ရာဆောက်ဖို့ အကွက်တွေလည်း ရိုက်ရော မြေဈေးကပိုပြီးမြင့်တက်လာပါတယ်။** မြေအရောင်းအဝယ်လည်း ဖြစ်နေတယ်``ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးအေးကျော်ကပြောသည်။ ယခင်က မြေတစ်ဧကတစ်ကွက်လျှင် ကျပ်သိန်း ၂၀၀ မှ ၅၀၀ ကြားသာ ရှိခဲ့သော်လည်း လက်ရှိတွင် အချို့အချက်အချာကျသော နေရာများ၌ မြေတစ်ကွက်လျှင် ကျပ်သိန်း ၅၀၀ မှ သိန်း ၁၀၀၀ ကြား ဈေးရှိနေကြောင်း သိရသည်။ တန်ဖိုးနည်းအိမ်ရာစီမံကိန်းမှာ အစိုးရစီမံချက်ဖြင့် ကေခိုင်ဦးကုမ္ပဏီက မေလတွင် စတင်တည်ဆောက်ခဲ့သော အိမ်ရာစီမံကိန်းဖြစ်ကာ နှစ်ထပ်အိမ်ရာများပါဝင်မည်ဖြစ်ပြီး အရစ်ကျစနစ်အနေဖြင့် တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ပေးသွင်းရန် ကုမ္ပဏီက ထုတ်ပြန်ထားပြီး တစ်ခန်းလျှင် ကျပ်သိန်း ၂၀၀ မှ ၃၀၀ ဝန်းကျင်ရှိကြောင်း ဒေသခံများထံမှ သိရသည်။ `အဓိကကတန်ဖိုးနည်းအိမ်ရာ စီမံကိန်းလုပ်တော့ လူနေပိုထူထပ်လာပြီး စီးပွားရေးအချက်အချာ ဖြစ်လာနိုင်တယ်လေ။ ဒါကြောင့် မြေတွေအဝယ်များလာပြီး ဈေးတွေမြင့်လာတာပါ``ဟု အိမ်ခြံမြေအရောင်းအဝယ်ပြုလုပ်သူ ကိုမောင်မောင်က ပြောသည်။ **ညောင်တုန်းမြို့နယ်မှာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး နယ်နိမိတ်ထိစပ်ရာမြို့ဖြစ်ပြီး ညောင်ချောင်းသာကဲ့သို့ နာမည်ကြီးနေရာများရှိခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးခြင်းနှင့် ရန်ကုန်-ပုသိမ်နှင့် ဟင်္သာတ-ရန်ကုန်ကားလမ်းပေါ်တွင် တည်ရှိခြင်းတို့ကြောင့်** အိမ်ခြံမြေဈေးကွက် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးသက်ဦး(မြစ်မခ) သာပေါင်း**

# ရှမ်းအရှေ့၌ ဂျပန်ကုမ္ပဏီနှင့်ပေါင်း၍ မဂ္ဂနီစ်သန့်စင်စက်ရုံ တည်ဆောက်ရန် ကြိုးပမ်းနေ

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့တွင် သတ္တုတွင်းလုပ်ငန်းရှင်များအသင်းနှင့် ဂျပန်ကုမ္ပဏီတို့ ပူးပေါင်းပြီး **မဂ္ဂနီ(စ်) သန့်စင်စက်ရုံတည်ဆောက်ရန် ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း ကြိုးပမ်းလျက်ရှိကြောင်း** ၂၇-၆-၂၀၁၅ ရက်က သိရှိရသည်။

``လွန်ခဲ့တဲ့ နှစ်နှစ်လောက်က MOU ရေးထိုးထားပြီး ပျက်မလိုလိုဖြစ်နေတဲ့ မဂ္ဂနီး(စ်)စက်ရုံကိစ္စကို ဂျပန် ကုမ္ပဏီက ပြန်ဆက်သွယ်လာတယ်။ လာမယ့်နှစ်ပတ်အတွင်း ပြန်တွေ့ပြီး ဆက်လက်ဆောင်ရွက်ဖို့ ဆွေးနွေးမယ်``ဟု ရှမ်းပြည်နယ်အရှေ့ပိုင်း သတ္တုလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးတင်နွယ်က ပြောသည်။

အဆိုပါ စက်ရုံမှာ မဂ္ဂနီး(စ်)ကုန်ချောစက်ရုံဖြစ်ပြီး ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင်းရှိ ထွက်ရှိသည့် မဂ္ဂနီ(စ်)ကို သန့်စင်ထုတ်လုပ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့အပြင် စက်ရုံအား ဂျပန်နိုင်ငံနှင့် သဘောတူတည်ဆောက်မည့်အဆင့်မှာ EMM အဆင့် ဖြစ်ပြီး ၉၉ ဒသမ ၉၉ ရာခိုင်နှုန်း သန့်စင်နိုင်မည်ဖြစ်ကာ လျှပ်စစ်စနစ်ဖြင့် မဂ္ဂနီ(စ်)ဒိုင်အောက်ဆိုဒ်များကို အရည်အသွေး သန့်စင်သွားမည့် အမျိုးအစားဖြစ်ကြောင်း ဦးတင်နွယ်က ဆိုသည်။ **အဆိုပါ စက်ရုံမှ တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ အားရဲဒေသတွင်း ထွက်ရှိသော မဂ္ဂနီ(စ) ဒိုင်အောက်ဆိုဒ် သတ္တုများကို သန့်စင်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားသို့ အဆင့်တန်းမီစွာတင်ပို့နိုင်မည်ဖြစ်ကြောင်း** သိရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် သတ္တုလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီပေါင်း ၃၀ ခန့်ရှိပြီး အားရဲဒေသမှ မဂ္ဂနီ(စ်) ဒိုင်အောက်ဆိုဒ် နှစ်စဉ်တန်ချိန် ၂ သိန်းခန့်ထွက်ရှိကာ နိုင်ငံတော်ကို သတ္တုထုတ်လုပ်မှုဖြင့် အခွန်ငွေပေးသွင်း မှုမှာ ၂၀၁၄ခုနှစ်တွင် အ၄မအဆင့်ရှိကြောင်း သိရသည်။ **မဂ္ဂနီ(စ်)ဒိုင်အောက်ဆိုဒ်မှာ မြန်မာတစ်နိုင်ငံလုံး၌ ရှမ်းပြည်နယ်အရှေ့ပိုင်း၌သာ အများဆုံးထွက်ရှိခြင်းဖြစ်ပြီး** အခြားဒေသများတွင် နှစ်စဉ်တန်ချိန် ရာဂဏန်းဝန်းကျင်သာ ထွက်ရှိကြောင်း သိရသည်။

**ကိုမင်း(မြစ်မခ)**

# Brief News From Pyi Myanmar Daily

## နိုင်ငံရေး

### လော်ခီးလာညီလာခံမှ ပြင်ဆင်ချက်အချို့ နှစ်ဖက်ခေါင်းဆောင်များအကြား သဘောထားကွဲလွဲနေသော်လည်း ဆက်လက်ဆွေးနွေးသွားကြမည်

အပစ်ရပ်စာချုပ်အတွက် လော်ခီးလာညီလာခံမှ ပြန်လည်ပြင်ဆင်ချက်အချို့နှင့်ပတ်သက်ပြီး UPWC နှင့် NCCT တို့အကြားအမြင်သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေပြီး ရွေးကောက်ပွဲမကျင်းပမီ အချိန်ကာလအတွင်း ကြေလည်မှုများ မရရှိပါက ရွေးကောက်ပွဲပြီးချိန်တွင် ဆက် လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဇွန်လ ၂၃ ရက်က သိရသည်။ ဇွန်လ ၂၂ ရက်က လော်ခီးလာတိုင်း ရင်းသားညီလာခံမှ အစည်းအဝေးဆုံးဖြတ် ချက်များနှင့် အပစ်ရပ်စာချုပ်မူကြမ်းအတွက် ပြန်လည်ပြင်ဆင်ချက်များနှင့်ပတ်သက်ပြီး UPWC အဖွဲ့ခေါင်းဆောင်များနှင့် NCCT အဖွဲ့ခေါင်းဆောင်များ ရန်ကုန်မြို့တွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ရာ ပြန်လည်ပြင်ဆင်ဖြည့်စွက်ချက်အချို့တွင် နှစ်ဖက်သဘောထားကွဲလွဲမှုများဖြစ်ပေါ်ခဲ့သည်။

### တပ်တော်ဝင်အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် လေယာဉ်လိုက်ပါစီးနင်း

တပ်မတော်(လေ)တွင် အသုံးပြုမည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားကိုဇွန်လ ၂၄ ရက် နံနက် ၈ နာရီက မိတ္ထီလာတပ်နယ်ရှိ လေကြောင်း အတတ်သင်လေတပ်စခန်းတွင်ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော် (လေ)ဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်၍ တက်ရောက်အမှာစကားပြောကြားသည်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က Mi-35 ရဟတ်ယာဉ်များ၊ Eurocopterရဟတ်ယာဉ်နှင့် Bell-206 ရဟတ်ယာဉ်များ၏စွမ်းအားများအကြောင်းကို ပြောကြားကာ ရဟတ်ယာဉ်များ ဝယ်ယူဖြည့်တင်းရာ၌ လေးနှစ်တာကာလအတွင်း တပ်တော်ဝင်ခြင်း (၄)ကြိမ် ပြုလုပ်ခဲ့ပြီး လေယာဉ်အမျိုးအစား ၄ မျိုး ၂၉ စင်း၊ ရဟတ်ယာဉ်အမျိုးအစား ၃ မျိုး ၇ စင်း၊ စုစုပေါင်း ၃၆ စင်း တပ်တော်ဝင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

### လွှတ်တော်တွင် မဲခွဲမှုရှုံးနိမ့်သွားခြင်းကို ပြည်သူများအနေဖြင့် စိတ်ဓာတ်မကျကြရန် ဒေါ်အောင်ဆန်းစုကြည် ပြော

လွှတ်တော်တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး မဲခွဲမှု ရှုံးနိမ့်သွားခြင်းကြောင့် ပြည်သူများ စိတ်ဓာတ် မကျရန် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ ၂၅ ရက်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ တွင်ပြောကြားခဲ့သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က ၆ ပွင့်ဆိုင် တွေ့ဆုံရေးကိုလည်း စိတ်မဝင်စားတော့ဘဲ အချိန်ကုန်သည်သာ အဖတ်တင်ကြောင်း၊ မဲခွဲရလဒ်မှာ ထူးထူးခြားခြား အံ့ဩစရာမဟုတ်ကြောင်း ပြောကြားခဲ့သည်။

### မြန်မာဘက်မှ ဖမ်းဆီးရမိထားသည့် ဘင်္ဂလားဒေ့ရှ်လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးကို ပြန်လည်လွှဲပြောင်းပေးအပ်

ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ် မြန်မာပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာခဲ့သဖြင့် မြန်မာ့နယ်ခြားစောင့် ရဲတပ်ဖွဲ့မှ ဖမ်းဆီးစစ်မေးခဲ့သည့် ဘင်္ဂလားဒေ့ရှ် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဇွန်လ ၂၅ ရက် နံနက် ၁၁ နာရီက ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသမှုအပေါ် အခြေခံ၍ မြန်မာနိုင်ငံဒေသဆိုင်ရာ အာဏာပိုင်များမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ဇွန်လ ၂၅ ရက်က နှစ်နိုင်ငံအလံတင်အစည်းအဝေး ကျင်းပပြုလုပ်၍လွှဲပြောင်း ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းထုတ် ပြန်ချက်အရ သိရသည်။

### လာမည့်ရွေးကောက်ပွဲ၌ ပြည်သူများအနေဖြင့် မည်သူ့ကိုထောက်ခံရမည်ကို ဆုံးဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း ဒေါ်အောင်ဆန်းစုကြည် ပြောကြား

ပြုပြင်ပြောင်းလဲရေးလိုလားသူများကို ပြည်သူများအနေဖြင့် ရှင်းရှင်းလင်းလင်းသိရှိသွားခဲ့ခြင်းကြောင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲတွင် ပြည်သူများအနေဖြင့် မည်သူကို ထောက်ခံရမည်ကို ရှင်းရှင်းလင်းလင်းဆုံးဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ဇွန်လ ၂၅ ရက်က ပြည်ထောင်စုလွှတ်တော်၏ မဲခွဲဆုံးဖြတ်မှုရလဒ်အပေါ် ပြောကြားခဲ့သည်။ ``၂၀၁၅ ရွေးကောက်ပွဲဝင်ရေးမဝင်ရေးဆိုတာ ဒီပုဒ်မတွေပြင်ရေးမပြင်ရေးပေါ်မှာမူတည်တာမဟုတ်ပါဘူး၊ တခြားကိစ္စတွေလည်း NLD က စဉ်းစားရမှာဖြစ်ပါတယ်၊ ဒီဟာတစ်ခုအတွက်တော့ ရွေးကောက်ပွဲကနေ နောက်ဆုတ်စရာအကြောင်းမရှိပါဘူး၊ အဓိကက ပြုပြင်ပြောင်းလဲရေးကိုလိုလားတာက ဘယ်သူ တွေလဲဆိုတာ ပြည်သူတွေက ရှင်းရှင်း လင်းလင်းသိသွားရင် ရွေးကောက်ပွဲမှာ ဘယ်သူ့ကို ထောက်ခံရမယ်ဆိုတာဆုံးဖြတ်လို့ရမယ်လို့ယုံကြည်ပါတယ်'' ဟု ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## ဂြိုဟ်ရပ်တည်မှုအနေအထားများအရ ဩဂုတ်လအတွင်းအင်အားပြင်းငလျင်များ လှုပ်ခတ်နိုင်



ပြည်တွင်း၌ ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေများနှင့် ပတ်သက်၍ နက္ခတ်သိပ္ပံနည်းအရတွက်ချက်မှုများ ပြုလုပ်ရာတွင် ဂြိုဟ်ရပ်တည်မှုအနေအထားများကြောင့် **ဩဂုတ်လအတွင်း အင်အားပြင်းငလျင်များ လှုပ်ခတ်နိုင်ကြောင်း** မြန်မာနိုင်ငံနက္ခတ်သိပ္ပံအဖွဲ့မှ အမှုဆောင်အရာရှိချုပ် ဦးဇေယျာကိုက ၂၇-၆-၂၀၁၅ ရက်တွင် ပြောသည်။

**ဩဂုတ်လအတွင်း ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်နှင့် သောကြာဂြိုဟ် သုံးလုံးသည် သိဟ်ရာသီတွင် ပူးယှဉ်မှုများဖြစ်ပေါ်လာမည်ဖြစ်သောကြောင့် အင်အားပြင်းသည့် ငလျင်များလှုပ်ခတ်လာနိုင်ကြောင်း အထူးသဖြင့် အာရှနှင့် အရှေ့အာရှနိုင်ငံများတွင် အကျိုးသက်ရောက်မှုများရှိနိုင်ကြောင်း** သိရသည်။

**``ဒီဂြိုဟ်သုံးခုပူးပြီးတော့ မြန်မာနိုင်ငံရဲ့ လတ္တီတွဒ်မျဉ်းတွေပေါ်ကနေ နေ့စဉ်ဖြတ်သန်းနေမှာ ဖြစ်တာကြောင့် ပြည်တွင်းက ဒေသတချို့မှာ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်တွေ ဖြစ်ပေါ်လာနိုင်တယ်။** ဒီကာလတွေမှာလှုပ်ခတ်ရင် တိုင်းပြည်ရဲ့ ဇာတာမှာလည်း စနေဂြိုဟ်ဖောက်ပြန်နေတဲ့အတွက် **အနည်းနဲ့အများတော့ ဆုံးရှုံးမှုတွေ၊ အသက်သေကျေပျက်စီးမှုအနေအထားတွေ ရှိလာနိုင်တယ်''** ဟု ယင်းက ပြောသည်။

**ဂြိုဟ်သုံးလုံးပူးယှဉ်မှုဖြစ်စဉ်၏ အားအသက်ရောက်ဆုံးအချိန်မှာ ဩဂုတ်လဆန်းပိုင်းမှ ၁၅ ရက်အထိဖြစ်ပေါ်မည်ဖြစ်ကြောင်း၊** ဩဂုတ်လအတွင်း ထိုကဲ့သို့ ငလျင်များလှုပ်ခတ်နိုင်သကဲ့သို့ **ဩဂုတ်လ ၅ ရက်မှ ၁၃ ရက်အတွင်း ကမ္ဘာအထိ ဘုန်းကံကြီးမားမည့် ကလေးများမွေးဖွားလာနိုင်ကြောင်း** သိရသည်။

နှင်းနုဝေ

## ILO က ၂၀၁၇ ခုနှစ် နှစ်အကုန်တွင် စီးပွားရေးလုပ်ငန်းသစ် ၁၀၀၀ အတွက် ကူညီပေးမည်

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ချုပ် ILO က ပြည်တွင်း၌ ၂၀၁၇ ခုနှစ် နှစ်အကုန်တွင် **စီးပွားရေးလုပ်ငန်းသစ် ၁၀၀၀ အတွက် အစပျိုးလုပ်ကိုင်မှုကို ကူညီပေးရန် မျှော်လင့်ထားကြောင်း** ၂၆-၆-၂၀၁၅ ရက်တွင် ILO ၏ ပရော့ဂျက်မန်နေဂျာ MrM ichel Jamar က ပြောသည်။

``မြန်မာပြည်ရှိ စွန့်ဦးတီထွင်မှု နဲ့ အငယ်စား၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေ (MSME) ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုဖို့ အတွက် ILO က စီမံကိန်းနှစ်ခုကို ၂၀၁၄ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ ပြည်တွင်း နိုင်ငံသား နဲ့ ပြည်ပနိုင်ငံတကာ ဝန်ထမ်း ၁၁ ဦးတို့နဲ့ ဖွဲ့စည်းထားတဲ့ ဒီစီမံကိန်းကို **နော်ဝေ နဲ့ ဆွစ်ဇာလန် နိုင်ငံတို့က ရရှိတဲ့ ရန်ပုံငွေနဲ့** မြို့ပြ၊ ကျေးလက်ဒေသရှိ လုပ်ငန်းသစ်တွေ စတင်မှု၊ MSME တွေ ဖွံ့ဖြိုးတိုးတက်မှုတွေကို စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းက တစ်ဆင့် ထောက်ပံ့ဖို့ ရည်ရွယ်ထားပါတယ်။ ဒီစီမံကိန်းကနေ ၂၀၁၇ ခုနှစ်နှစ်အကုန်မှာ **စီးပွားရေး လုပ်ငန်းသစ် ၁၀၀၀ အတွက် အစပျိုးလုပ်ကိုင်မှုကို ကူညီပေးနိုင်ဖို့ နဲ့ အလုပ်အကိုင် ၃၈၀၀ ကို ဖန်တီးပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်''** ဟု ယင်းကပြောသည်။

**ဆွစ်ဇာလန်နိုင်ငံ ရန်ပုံငွေထောက်ပံ့မှုဖြင့်** လုပ်ဆောင်မည့် စီမံကိန်းသည် **ခရီးသွားလုပ်ငန်းကဏ္ဍကို** ဦးတည်ပြီး မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် ပူးတွဲလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ ခရီးသွားကဏ္ဍအတွက်လည်း သီးသန့် IYB (Improve Your Business) သင်ရိုးညွှန်းတမ်းကိုအပြီး သတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ILO အနေဖြင့် လွန်ခဲ့သည့် နှစ် ၃၀ မှစ၍ ကမ္ဘာတစ်ဝန်းရှိ အငယ်စား၊ အသေးစား နှင့် အလတ်စားလုပ်ငန်းများ လုပ်ကိုင်နေသော မိတ်ဖက်အဖွဲ့များကို ကူညီထောက်ပံ့ရန်အတွက် လက်ခံနိုင်ဖွယ်ရှိသော ကျွမ်းကျင်မှုများ၊ အများယုံကြည်လက်ခံနိုင်မှုများ၊ ကွန်ရက်ချိတ်ဆက်ခြင်းများ၊ သင်တန်း နှင့် သက်ဆိုင်သော ကိရိယာတန်ဆာများနှင့် အတွေ့အကြုံများစွာအား စုဆောင်းဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

ပြည့်ရည်ဖူး

သတင်းဓာတ်ပုံ

## နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေး ၁၀၀ ကျော်ကို ရန်ကုန်ဆေးရုံကြီးတွင် အခမဲ့ခွဲစိတ်ကုသပေးမည်

Asia Smile နှင့် မြန်မာဘရူဝါရီ လီမိတက်၏ လူမှုရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်နေသည့် ကရုဏာရှေးရှု မြန်မာမှု အစီအစဉ်၏ **နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်မှု ငါးကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံအနှံ့ အပြားမြို့ရွာ၊ ကျေးလက်များရှိ ကလေး ၁၀၀ ဦးကျော်ကို အခမဲ့ခွဲ စိတ်ကုသမည်** ဖြစ်ကြောင်း ၂၇-၆-၂၀၁၅ ရက်တွင် သိရသည်။

ယခုပြုလုပ်မည့် အစီအစဉ်သည် ကျန်းမာရေးကဏ္ဍတစ်ခုဖြစ်သည်နှင့်အညီ ကုမ္ပဏီက ယခုကဲ့သို့ အခမဲ့ခွဲစိတ်ကုသမှုများပြုလုပ်ပေးခြင်းဖြင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအတွက် အပြုံးပန်းများ မကြာမီပွင့်လန်းနိုင်စေရန်အတွက်ဖြစ်ကြောင်းသိရသည်။ စီမံချက်တစ်ခုတွင် နိုင်ငံအများအပြားမှ ဆေးပညာဆိုင်ရာ ကျွမ်းကျင်သူ စုစုပေါင်း ၄၀ဦး ခန့်ပါဝင်လေ့ရှိပြီး ယင်းတို့သည် စီမံချက်ရှိရာနိုင်ငံများသို့ လိုက်ပါ၍ ကလေးများကို ခွဲစိတ်ကုသရာတွင် အခမဲ့ ဒေသခံ ဆေးပညာရှင်များနှင့် အတူ ပါဝင်ကူညီကြကြောင်းသိရသည်။ **အဆိုပါ စီမံချက်အရ ၆-၇-၂၀၁၅ ရက်မှ ၁၀-၇-၂၀၁၅ ရက်အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ မျက်နှာနှင့် မေးရိုးဌာနတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း** သိရသည်။

Asia Smile Myanmar-Singapore Friendship Medical Mission သည် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးခြင်းအား ၂၀၁၀ပြည့်နှစ်မှစ တင်ကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စတင်ခဲ့သည့် ၂၀၁၀ပြည့်နှစ်တွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ဦးရေ ၁၁၀၊ ၂၀၁၂ ခုနှစ်တွင် ဝေဒနာရှင် ၁၀၆ ဦး၊ ၂၀၁၃ ခုနှစ်တွင် ဝေဒနာရှင် ၁၂၄ ဦး၊ ၂၀၁၄ ခုနှစ်တွင် ဝေဒနာရှင် ၉၉ ဦးတို့ကို အခမဲ့ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **စင်ကာပူနိုင်ငံ Asia Smile** သည် ကမ္ဘာ့အနှံ့အပြားတွင် မျက်နှာပုံပန်းမကျ ဖြစ်နေသည့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ရောဂါဝေဒနာခံစားနေရသည့် ကလေးငယ်များနှင့် လူငယ်များကို အခမဲ့ဆေးပညာဖြင့် ကုသလှူဒါန်းမှု ပြုလုပ်နေသည့် အဖွဲ့ဖြစ်ပြီး **မြန်မာ့ဘရူဝါရီလီမိတက်** သည် မိမိတို့ကိုအကျိုးပြုနေသည့် လူ့ဘောင်လောကကို ပြန်လည်အကျိုးပြုနိုင်ရန်ဟူသည့် ရည်မှန်းချက်ဖြင့် လိုအပ်နေသည့် အဖွဲ့အစည်းများသို့ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည့်ရည်ဖူး

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

၁မိနစ်ကို ၂၀၀ ကျပ်တည်းနဲ့ နိုင်ငံတကာကို အရင်ကထက် ဖုန်းပိုပြောနိုင်ပါပြီ

# ၁မိနစ် - ၂၀၀ကျပ်

## အာဆီယံနိုင်ငံများနှင့် အခြား (၈)နိုင်ငံ

အာဆီယံနိုင်ငံများ - ထိုင်း • စင်္ကာပူ • မလေးရှား • ဘရူနိုင်း • အင်ဒိုနီးရှား • ဖိလစ်ပိုင် • ဗီယက်နမ် • လာအို • ကမ္ဘောဒီးယား
အခြား(၈)နိုင်ငံ - ဂျပန် • တရုတ် • တောင်ကိုရီးယား • ထိုင်ဝမ် • ဟောင်ကောင် • မကာအို • ဘင်္ဂလားဒေ့ရှ် • အိန္ဒိယ



ကျန်နိုင်ငံများသို့ ဖုန်းခေါ်ဆိုခ နှုန်းထားများကို သိရှိရန် www.mpt.com.mm နှင့် www.facebook.com/mptofficialpage ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106
free hotline, 24 hours everyday

# aoQ,Gifqma&m*ga0'emonfbm;jzpfbUk pdwfm;wufuap&eftwGuf zcifuarsmufbkif0wfqiftjzpfaejymifvaJexkdf



တရုတ်နိုင်ငံ အန်းဟွေပြည်နယ် ဟီဖေးမြို့တွင် ဖရဲသီးသည် ကျုံးကီလျောင်သည် **ပြီးခဲ့သည့်ခြောက်လတာ ကာလအတွင်း နံနက်တိုင်းကို မျောက်ဘုရင်စွန်းဝူခုန်း ကဲ့သို့မျက်နှာဖုံးနှင့် ဝတ်စုံအပြည့်ဝတ်ဆင်၍ ဖြတ်ကျော်ခဲ့ရသည်**ဟု သိရသည်။ ကျုံးကီလျောင်အနေဖြင့် မိမိကိုယ်ကိုယ် တရုတ်စိတ်ကူးယဉ်ဇာတ်ကောင်တစ်ခုအဖြစ် ဖန်တီးနေထိုင်ခြင်းသည် **သွေးကင်ဆာရောဂါ ဝေဒနာခံစားနေရသော အသက်ခြောက်နှစ်အရွယ်သားဖြစ်သူကို စိတ်အားတက်ကြွအောင် ပြုလုပ်ပေးရန်ဖြစ်**သည်ဟု သိရသည်။ ၂၀၁၄ ခုနှစ်အစောပိုင်းမှစတင်ကာ သားဖြစ်သူ လျောင်လျောင်သည် သွေးကင်ဆာရောဂါ ဝေဒနာကိုခံစားခဲ့ရသောကြောင့် ကျုံးကီလျောင်၏သာမန်မိသားစုလေးအဖို့ ဆေးဖိုးဝါးခများသည် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ်ဖြစ်လာရသည်။ ယခုအချိန်အထိ ဒေါ်လာ ၈၀၀၀၀ ခန့်ဆေးဖိုးကုန်ကျခဲ့ပြီးဖြစ်ပြီး **ဆေးရုံအနီး၌ပင် ဖရဲသီးဆိုင်တစ်ဆိုင်ဖွင့်ကာ ပိုက်ဆံရှာခဲ့ကြရသည်။** ၎င်းတို့မိသားစုလေး၏ဖြစ်ရပ်သည် အွန်လိုင်းတွင်ပျံ့နှံ့သွားခဲ့ပြီးနောက် ကျုံးကီလျောင်ထံမှဖရဲသီးများကိုဝယ်ယူကာ ငွေကြေးထောက်ပံ့လိုသူများလည်းရှိခဲ့ပြီး အချို့ကလည်း အွန်လိုင်းပေါ်တွင်ပင် ကျုံးကီလျောင်တို့မိသားစုလေးအတွက် ထောက်ပံ့ပေးနိုင်မည့်သူများကို ကူညီရှာဖွေပေးနေကြသည်ဟု သိရသည်။

(CCTV,26/6/15)

မေဇွန်

# ၂၀၁၅ ခုနှစ်အတွက် တရုတ်နိုင်ငံရှိ လယ်ကွက်များအတွင်း ပေါ်ပေါက်လာသည့် 3D ပန်းချီပုံကြီးများ









တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်ရှိ လယ်သမားများက **လယ်ကွက်များအတွင်း 3D ရုပ်ပုံကြီးများဖန်တီးရန် အရောင်အမျိုးမျိုး၊ စပါးပင်ပျိုးအမျိုးမျိုးကို အသုံးပြု၍ ဖန်တီးပုံဖော်ခဲ့ကြသည်**ဟုသိရသည်။ မင်္ဂလာစုံတွဲများ ဓာတ်ပုံလာရောက်ရိုက်ကူးခြင်း၊ နိုင်ငံခြားသားခရီးသွားများလာရောက်လေ့ရှိသည့် ပန်းခြံကြီးတစ်ခုအတွင်းမှ လယ်ကွက်များတွင် ပြုလုပ်ထားခြင်းဖြစ်ပြီး စီဘိုတရုတ်မျိုးနွယ်စုမှ လယ်သမားများက နှစ်စဉ်နှစ်တိုင်း လယ်ကွက်များအတွင်း ရောမပန်းချီကားကြီးများ ဖန်တီးလေ့ရှိသည်ဟု သိရသည်။ လယ်ကွက်များအတွင်း ပန်းချီပုံကြီးများဖန်တီးခြင်းသည် **စပါးအထွက်ကောင်းရန်ဆုတောင်းခြင်းတစ်မျိုးဖြစ်ပြီး ၂၀၁၂ ခုနှစ်က ကမ္ဘာ့အကြီးဆုံး လယ်ကွက်ပန်းချီဖန်တီးမှုဖြင့် ဂင်းနက်စ်စံချိန် တင်နိုင်ခဲ့ကြသည်။** ယခုနှစ်တွင်လည်း ဆန်းသစ်သည့် လယ်ကွက်ပန်းချီလက်ရာများကို စောင့်မျှော်နေခဲ့ကြရခြင်းဖြစ်ပြီး ယနေ့မြင်တွေ့ရသည့် ထူးခြားဆန်းပြား၍ ပုံသဏ္ဌာန်စုံလင်သောလယ်ကွက်ပန်းချီများကြောင့် စိတ်ကျေနပ်မှုများရရှိခဲ့ကြသည်ဟု သိရသည်။

(CRI,27/6)

မေဇွန်



# တရုတ်နိုင်ငံရှိ Evergrande ဘောလုံးလေ့ကျင့်ရေးကျောင်းက ကမ္ဘာ့အကြီးဆုံးဘောလုံးအကယ်ဒမီအဖြစ် စံချိန်တင်





တရုတ်နိုင်ငံ ကွမ်တုံပြည်နယ်၊ ချင်းယွမ်မြို့က Evergrande ဘောလုံး လေ့ကျင့်ရေးကျောင်းက ကမ္ဘာ့အကြီးဆုံး ဘောလုံးအကယ်ဒမီကြီးအဖြစ် ဂင်းနစ်စံချိန်တင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ တရုတ်ဘောလုံးအားကစားကဏ္ဍတိုးတက်မြင့်မားရေးအတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့တဲ့ ဒီဘောလုံး လေ့ကျင့်ရေးကျောင်းကြီးမှာ **ပညာရေးနဲ့ ဘောလုံးအားကစားကို တွဲဖက်သင်ကြားပေးတဲ့ အကယ်ဒမီကျောင်းကြီးဖြစ်ပြီး** ကမ္ဘာ့အဆင့်မီဘောလုံးသမားတွေအဖြစ် မွေးထုတ်ပေးဖို့ ရည်ရွယ်တည်ထောင်ထားခဲ့တာလို့ ကျောင်းအုပ်ကြီး လီကျန်နန်က ဆိုပါတယ်။ ကမ္ဘာ့အကြီးဆုံး ဘောလုံးအကယ်ဒမီအဖြစ် စံချိန်တင်ပွဲကို တရုတ်နိုင်ငံဆိုင်ရာ ဂင်းနက်စ်မှတ်တမ်း ဥက္ကဋ္ဌ မစ္စတာရိုဝန်ဆိုင်မွန်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ပေးခဲ့တာပဲဖြစ်ပါတယ်။ **၈၈ ဒသမ ၇ ဧကကျော်ကျယ်ဝန်းတဲ့ ကျောင်းဝင်းကြီးထဲမှာ ဘောလုံးကွင်း စုစုပေါင်း ၄၇ကွင်း၊ စာသင်ဆောင်၊ လက်တွေ့စမ်းသပ်ဆောင်၊ စာကြည့်တိုက်၊ မိုးလုံလေလုံအားကစားရုံ၊ ပြဇာတ်ရုံ၊ ကိုယ်ကာယလေ့ကျင့်ရေးစင်တာ၊ ကျောင်းသားအိပ်ဆောင်တွေနဲ့ စားသောက်ဆိုင်တွေလည်း ထည့်သွင်းဖွဲ့စည်းထား**တယ်လို့ သိရပါတယ်။ ဒီကျောင်းမှာ **ကျောင်းသား ၂၅၇၇ ဦး သင်ကြားနေပြီး** ခုလိုကမ္ဘာ့အကြီးဆုံး ဘောလုံးအကယ်ဒမီအဖြစ် စံချိန်တင်လိုက်ခြင်းက ကျောင်းသားတွေအတွက် ဘောလုံးအားကစားသင်ကြားလေ့ကျင့်မှုကို ခွန်အားဖြစ်စေမယ်လို့ ယုံကြည်ကြောင်း ကျောင်းအုပ်ကြီးလီက ပြောကြားသွားခဲ့ပါတယ်။

(GNW ,25)

သံသာ

# လူက သီချင်းဆိုချော့သိပ်ပါမှ အိပ်သည့် ဆင်ကြီး

သီချင်းဆိုချော့သိပ်မှ အိပ်တတ်သည့် သူများထဲတွင် ကလေးတင်မကဘဲ ဆင်ပါ ပါဝင်နေသည်ဟု ယူကျူဗီဒီယိုဖိုင်တစ်ခုက ဖော်ပြနေသည်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ ဘေးမဲ့တောကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းအမျိုးသမီးတစ်ဦးက ဖာမိုင်ဆိုသည့် ဆင်ကြီးကို ချော့သိပ်နေပုံကို ဖော်ပြနေသည့်ဗီဒီယိုဖိုင် အင်တာနက်သုံးစွဲသူများကြား ပျံ့နှံ့လာပြီး လူကြိုက်များလျက်ရှိနေသည်။ လိဒ်ဟုဆိုသည့် **ဝန်ထမ်းအမျိုးသမီးက လှဲနေသည့်ဆင်ကြီးကိုပွတ်ပေးပြီး သီချင်းအေးအေးငြိမ့်ငြိမ့်ဆိုကာ သိပ်နေပုံကို ယင်းဗီဒီယိုဖိုင်တွင် မြင်တွေ့ရသည်။** သီချင်းနားထောင်ရင်းဖြင့် ဆင်သည် အိပ်ပျော်သွားရုံသာမက ဟောက်ပင်ဟောက်လေတော့သည်။ အဆိုပါဘေးမဲ့တောသည် ဆင်များကို ကယ်တင်ပြီးပြန်လည်ပြုစုပျိုးထောင်ပေးသည့် စခန်းကြီးဖြစ်သည်။ နိုင်ငံခြားသားခရီးသွားများသည် ထိုတောတွင် တိရစ္ဆာန်များကို ကြည့်ရှုနိုင်သည်။ အထက်ပါ ဘေးမဲ့တောတွင် ဆင်သာမက ခွေးများ၊ ကြောင်များ၊ ကျွဲများနှင့်အခြားသော တိရစ္ဆာန်များကိုပါ တွေ့မြင်နိုင်သည်။



(DM ,25)

ချယ်ရီ

# ကြောင် ၁၂၂ ကောင် မွေးထားသည့် အိမ်ထောင်ရှင်အမျိုးသမီးကြီး



အသက် ၅၅ နှစ်အရွယ် ဆီလ်ဗာနာ ဗယ်လင်တီနိုလော့ခ်သည် **ယင်းအိမ်ကြီးထဲတွင် ကြောင် ၅၂ ကောင်ကို နေခွင့်ပြုထားပြီး ကြောင်ပေါင်း ၄၀ ကို ဥယျာဉ်ပန်းခြံထဲတွင် နေခွင့်ပြုထားကာ ကျန်အကောင် ၃၀ ကို ယင်းအိမ်ဝင်းနှင့်ကပ်လျက်ခြံထဲတွင် ထားသည်။** ကြောင်ကို အလွန်ချစ်သည့် အမျိုးသမီးများသည် အပျိုကြီးများဖြစ်လေ့ရှိသော်လည်း ယင်းမှာမူ အိမ်ထောင်သည်ဖြစ်သည်။ ကလေးနှစ်ဦးမိခင် ယင်းသည် ကြောင်ကို အလွန်ချစ်ပြီး ခင်ပွန်းဖြစ်သူကလည်း ယင်းဝါသနာကို သည်းခံလေသည်။ ယင်းသည် **ကြောင်များအတွက် တစ်နှစ်လျှင် ဒေါ်လာ တစ်သိန်းသုံး သောင်းခန့် သုံးရသည်။** ၄င်းက ဝန်ထမ်းလေးဦးခေါ်ထားပြီး ထိုဝန်ထမ်းများက ကြောင်လိုအပ်သမျှကို လိုက်လုပ်ပေးရသည်။ 'စွန့်ပစ်ခံထားရတဲ့ ကြောင်လေးတစ်ကောင်တွေ့တယ်လို့ အသိတစ်ယောက်က ဖုန်းဆက်လိုက်တာနဲ့ ကျွန်မမှာ အဲဒီကြောင်ကို မွေးချင်တော့တာပဲ။ ကြောင်ကို လမ်းဘေးမှာ ဘယ်လိုမှ ပစ်မထားရက်ဘူး'ဟု ၄င်းက ပြောပြသည်။

(The Mirror ,26 5)

ချယ်ရီ

# အချမ်းသာဆုံး တရုတ်သူဌေးကြီးသုံးဦးလုံးသည် နဂါးနှစ်တွင် မွေးဖွားသူများဖြစ်နေ



**အချမ်းသာဆုံး တရုတ်ဘီလျံနာသူဌေးကြီးသုံးဦးလုံးသည် နဂါးနှစ်တွင် မွေးဖွားသူများ ဖြစ်နေသည်ဟု စစ်တမ်းတစ်ခုက ဖော်ပြ**နေသည်။ အချမ်းသာဆုံး တရုတ်သူဌေးကြီး ၁၀ ဦးစာရင်းတွင် **ဗိုလ်စွဲနေသူမှာ ဟောင်ကောင်စီးပွားရေး လုပ်ငန်းရှင်ကြီး လီကရှင်းဖြစ်ပြီး ၎င်းပိုင်ဆိုင်မှုသည် ဒေါ်လာ ၃၀ ဒသမ ၆ ဘီလျံရှိသည်**ဟု အထက်ပါစစ်တမ်းက ဆိုသည်။ လီသည် ၁၉၂၈ ခုနှစ်တွင် မွေးဖွားသူဖြစ်ပြီး ထိုနှစ်သည် နဂါးနှစ်ဖြစ်သည်။ ဒုတိယနေရာတွင် ရပ်တည်နေသူမှာလည်း ဟောင်ကောင်သူဌေးကြီးတစ်ဦးပင်ဖြစ်သည်။ လီရှောကီသည် လီကရှင်းနှင့် တစ်နှစ်တည်းမွေးသူဖြစ်သည်။ ၎င်းပိုင်ဆိုင်မှုသည် ဒေါ်လာ ၂၆ ဒသမ ၆ ဘီလျံရှိသည်ဟု စစ်တမ်းက ဆိုသည်။ တတိယနေရာတွင် ရပ်တည်နေသူမှာ အလီဘာဘာဝက်ဘ်ဆိုက်ဒ်ကြီးကို တည်ထောင်သူ တရုတ်သူဌေး ဂျက်မာဖြစ်သည်။ ၎င်းတို့အားလုံးသည် နဂါးနှစ်တွင် မွေးဖွားသူများဖြစ်ကြသည်။ ထိပ်တန်းသူဌေးကြီး ၁၀ ဦးစာရင်းတွင် ပါသူများသည် ဆိတ်နှစ်(သို့မဟုတ်) သိုးနှစ်တွင် မွေးသူ မဟုတ်ကြပေ။ ဆိတ်နှစ်တွင် မွေးသူများသည် ခေါင်းဆောင်မဖြစ်ဘဲ နောက်လိုက်သာဖြစ်တတ်သည်ဟု တရုတ်တို့က ယုံကြည်ကြသည်။ သို့သော် ကမ္ဘာ့အချမ်းသာဆုံးသူဌေးကြီး ဘေလ်ဂိတ်သည် ဆိတ်နှစ်တွင် မွေးဖွားသူဖြစ်သည်။

(Shanghaiist,25)

ချယ်ရီ

# ဗီယက်နမ်သတို့သမီးများကိုဝယ်ရန် ကြိုးပမ်းသူ တရုတ်အမျိုးသားများ ဖမ်းဆီးခံရ



လူကုန်ကူးသူအမျိုးသား ခုနစ်ဦးနှင့် ဗီယက်နမ်သတို့သမီးများကို ဝယ်ယူရန် ကြိုးပမ်းသူအမျိုးသား ၁၁ ဦးကို ရဲတပ်ဖွဲ့က ကူမင်းတွင် ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့က ဗီယက်နမ်အမျိုးသမီး ၁၂ ဦးကို ကယ်တင်နိုင်ခဲ့ကာ ၎င်းတို့ကို ဗီယက်နမ်သို့ ပြန်ပို့ပေးခဲ့ကြောင်း သိရသည်။ **ဗီယက်နမ်သတို့သမီးတစ်ဦးလျှင် ဒေါ်လာ ၁၆၀၀ မှ ၆၅၀၀အထိ ဈေးပေါက်ကြောင်း** သတင်းများက ဆိုသည်။

လူကုန်ကူးသူ ခုနစ်ဦးအနက် ဂိုဏ်းခေါင်းဆောင်သုံးဦးသည် တရုတ်-ဗီယက်နမ်နယ်စပ်တွင် နေထိုင်သူဖြစ်ပြီး ၎င်းတို့သည် ဗီယက်နမ်ထဲသို့ မကြာခဏသွားကာသတို့သမီးလောင်းများကို ရှာဖွေကာ ထိုအမျိုးသမီးများကို ယူနန်နှင့်ဟူနန်ပြည်နယ်ထဲသို့ခိုးသွင်းလာသည်ဟု သိရသည်။ တရုတ်နိုင်ငံထဲသို့ လူကုန်ကူးခံရသည့် အမျိုးသမီးများအရေအတွက်ကို တိတိကျကျ မသိရသော်လည်း **၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်းအာဏာပိုင်များက အမျိုးသမီးပေါင်း ၁၈၀၀ကျော်ကို ၎င်းတို့နေရပ်သို့ပြန်ပို့ပေးခဲ့ရသည်**ဟု အစိုးရကိန်းဂဏန်းများက ဆိုသည်။

(Shanghaiist,25)

ချယ်ရီ

သတင်းထူးတာ ...
သတင်းစုံတာ ...
ပြည်မြန်မာ

## ဆမ်ဆောင်း၏ ဖောက်ထွင်းမြင်နိုင်သည့် ထရပ်ကားသစ်ကြီးက အနောက်ကားမှ ဒရိုင်ဘာအား အရှေ့ကားကို လှမ်းမြင်ရအောင် ပြုလုပ်ပေးထား




နှစ်လမ်းသွား အဝေးပြေးကားလမ်းကြီးများတွင် ယာဉ်တိုက်မှုအန္တရာယ်လျော့ကျစေရန်ရည်ရွယ်၍ ဆမ်ဆောင်းက အဆင့်မြင့်နည်းပညာများကို အသုံးပြုကာ **Safty Truck ကုန်ကားများကို ထုတ်လုပ်**ခဲ့သည်ဟု သိရသည်။ ယင်းထရပ်ကားသစ်များသည် ကင်မရာများကို အသုံးပြုကာ ဗီဒီယိုရိုက်ကူး၍ ရောမဖန်သားပြင်ကြီး၌ ပြန်လည်ပြသပေးခြင်းဖြင့် **ထရပ်ကား၏ အနောက်ဘက်မှကားမောင်းသူက ထရပ်ကား၏အရှေ့မှ ကားကို ဖောက်ထွင်းမြင်နေရသည့် သဏ္ဌာန်ဖြစ်အောင် ဖန်တီးပြုလုပ်ထားသည်**ဟု သိရသည်။ ကား၏ အရှေ့ပိုင်းတွင် ကြိုးမဲ့ကင်မရာများကို တပ်ဆင်ထားပြီး ကင်မရာများမှပုံရိပ်ကို ဖန်သားပြင်လေးခုပေါင်းစပ်ထားသည့် ရောမဖန်သားပြင်ကြီးပေါ်တွင် ဖောက်ထွင်းမြင်ရသည့်ထရပ်ကားသဏ္ဌာန်အဖြစ် ပြောင်းလဲပေးမည်ဖြစ်ပြီး ဆမ်ဆောင်း၏ ယင်းထရပ်ကားမှာ နမူနာပုံစံအဆင့်သာ ရှိသေးသည်ဟု သိရသည်။ ဆမ်ဆောင်းကုမ္ပဏီက ယင်းနည်းပညာဖြင့် **ယာဉ်တိုက်မှုနည်းပါးကာ အသက်ဆုံးရှုံးမှုများ လျော့နည်းသွားစေရန်ရည်ရွယ်ခြင်း**ဖြစ်ပြီး လိုအပ်သည့် ခွင့်ပြုချက်နှင့် ထောက်ခံချက်များကို ရယူသွားမည်ဟုဆိုခဲ့သည်။

(DM,75) မေဇွန်

## အနိုင်ရရှိရန် ထိုးနှက်ခြင်း၊ ကန်ခြင်း၊ နပန်းလုံးခြင်းတို့ ပြုလုပ်နိုင်သည့် တစ်သင်း ၂၇ ယောက်ပါ ဘောလုံးပြိုင်ပွဲ











**အီတလီနိုင်ငံ ဖလောရင့်စ်မြို့၌** Calcio Storico ခေါ် သမိုင်းဝင်ဘောလုံးပြိုင်ပွဲကို နှစ်စဉ်ကျင်းပလေ့ရှိပြီး ဘောင်းဘီတိုများနှင့် **ဘောလုံးသမားများသည် ကွင်းအတွင်း အနိုင်ရရှိရန်အတွက် လက်သီးဖြင့်ထိုးခြင်း၊ ကန်ကျောက်ခြင်းနှင့် နပန်းလုံးခြင်းတို့ပင် ပြုလုပ်နိုင်သည်**ဟု သိရသည်။ ၁၅၇၄ ခုနှစ်တွင် ၎င်းဘောလုံးပွဲများကို ကြည့်ရှုရင်း ပြင်သစ်ဘုရင် ဟင်နရီ III က 'စစ်ပွဲဟုဆိုရလောက်အောင်လည်း သေးငယ်လွန်းသည် ကစားပွဲဟုဆိုရလောက်အောင်လည်း ရက်စက်လွန်းသည်' ဟု မှတ်ချက်ပြုခဲ့သည်။ **တစ်သင်းတွင်ကစားသမား ၂၇ ယောက်ပါဝင်ပြီး ကစားသမားများသည် ဂိုးကျဉ်းကျဉ်းလေးထဲသို့ ဂိုးဝင်နိုင်ရန် မည်သည့်နည်းလမ်းကိုမဆို အသုံးပြုတိုက်ခိုက်ခွင့်ရှိသည်။ နားချိန်မပေးဘဲ ကစားသည့်မိနစ် ၅၀ ကြာဘောလုံးပွဲအတွက် ကစားသမားများသည် တစ်နှစ်ပတ်လုံး ခန္ဓာကိုယ်ကြံ့ခိုင်တောင့်တင်းစေရန် ပြုလုပ်ကြရပြီး ထိခိုက်ဒဏ်ရာရ၍ ဆေးကုသမှုခံယူနေချိန်တွင်ပင် ပွဲကိုရပ်နားလေ့မရှိ**ဟု သိရသည်။ **တစ်သင်းလျှင် ဂိုးသမားနှစ်ဦးစီနှင့် ခံစစ်ကစားသမားသုံး ဦးစီပါဝင်ပြီး** ပွဲစသည်နှင့် ဦးစွာလုပ်ရသည့်အလုပ်မှာ တစ်ဖက်အသင်းနှင့် နပန်းလုံးရခြင်းဖြစ်သည်။ ယင်းဘောလုံးပွဲများနှင့် ပတ်သက်သည့် သမိုင်းကြောင်းကို တိတိကျကျသိရှိရခြင်းမရှိဘဲ **ရောမစစ်တပ်မှ စစ်သားများကြားတွင် အလွန်ရေပန်းစား ခဲ့သည့်ကစားပွဲဖြစ်ပြီး** နှစ်စဉ်လာရောက် ကြည့်ရှုသူများဖြင့် အထူးစည်ကားသည်ဟု သိရသည်။

(DM,75) မေဇွန်



# လူစည်ကားရာနေရာရှိ LED တီဗီကြီးတွင် အပြာကားပေါ်လာ၍ အမျိုးသမီးများ ထွက်ပြေး



အိန္ဒိယနိုင်ငံ ကယ်ပက်တာမြို့ရှိ လူစည်ကားရာ ဘတ်စကားမှတ်တိုင်တွင် ထောင်ထားသည့် LED **တီဗီကြီးတွင် အပြာကားပေါ်လာ၍ ဘတ်စကားစောင့်နေသည့် ရာပေါင်းများစွာသောလူများ ရုတ်တရက် ကြောင်သွားကြသည်။** ယင်းတီဗီသည် ကြော်ငြာများသာ ထုတ်လွှင့်လေ့ရှိသည့် တီဗီဖြစ်သည်။

သို့သော် ယခုတစ်ခါတွင်မူ ထိုတီဗီနှင့်ချိတ်ဆက်ထားသည့် ကွန်ပျူတာကို ဖွင့်သည့်ဝန်ထမ်းက မမ်မိုရီကတ် မှားထည့်လိုက်မိသည်။ တီဗီကြီးတွင်ပေါ်နေသည့်အပြာကားကြောင့် **အမျိုးသမီးများ မျက်နှာအုပ်ပြီး ထွက်ပြေးကုန်ကြတော့သည်။** ယင်းတီဗီအဖွင့်၊ အပိတ်တာဝန်ယူသည့် အဆိုပါဝန်ထမ်းမှာလည်း ရုံးခန်းမှ အပြင်ထွက်သွားသည်ဖြစ်၍ လူအချို့က မတတ်သာသည့်အဆုံး တုတ်တစ်ချောင်းကိုယူကာ တီဗီပလပ်ကြိုးကို ကြိုးစားဖြုတ်ကြရတော့သည်။ အထက်ပါတီဗီကြီးသည် ထိုကားကို **နာရီဝက်မျှ ထုတ်လွှင့်နေခဲ့ကြောင်း၊ တာဝန်ရှိသူဝန်ထမ်းကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း** သိရှိရသည်။

**(The Mirror,26)**

**ချယ်ရီ**

# ပြည်မြန်မာ စာအုပ်စင်

မှူးအိမ်ဇင်




## နန်းကျဘုရင်

ဆရာဝင်းငြိမ်း၏ ဘာသာပြန်လက်ရာတစ်ခုဖြစ်၏။ ဤစာအုပ်တွင် အပိုင်း (၁) နန်းမကျမီ၊ အပိုင်း (၂) ပါတော်မူပြီးဘဝနှင့် အပိုင်း (၃) ပြည်တော်ပြန်ပြီးနောက်ဟူ၍ အပိုင်းသုံးပိုင်းခွဲရေးသားထား၏။ သီပေါဘုရင်နှင့် စုဖုရားလတ်တို့အကြောင်းစုံလင်စွာ ဖတ်ရှုရမည်ဖြစ်၏။ ငါတို့စာပေမှ ၂၀၁၅ မေ ပထမအကြိမ်ထုတ်ဝေသည်။ တန်ဖိုး ၄၀၀၀ ကျပ်။

## ကျားဖြူ




မူရင်းစာရေးဆရာ ARAUIND ADIGA ၏ THE WHITE TIGER ကို ဆရာသင့်လူက ဘာသာပြန်ထားသည်။ အိန္ဒိယနိုင်ငံ၏ မျက်မှောက်ခေတ်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို သရော်ထားသည့်စာအုပ်ဖြစ်သည်။ ငါတို့စာပေမှ ၂၀၁၅ မေလ ပထမအကြိမ်ထုတ်ဝေသည်။ တန်ဖိုး ၂၅၀၀ ကျပ်။

# ထူးထူးခြားခြား ထိုင်ဝမ်ဖရဲ ပေါင်မုန့်များ





ဖရဲသီးက ပူအိုက်တဲ့ နွေရာသီမျိုးမှာ ရေဓာတ်ပြန်ဖြည့်ပေးနိုင်တဲ့ အရည်ရွှမ်းသီးနှံတစ်မျိုးဖြစ်ပြီး ထူးခြားချိုမြတဲ့အရသာကြောင့် ကြိုက်သူများတဲ့ သီးနှံဆိုတာ လူတိုင်းသိပြီးသားဖြစ်မှာပါ။ ဖရဲသီးတွေရဲ့ အရောင်အဆင်းကလည်း လူတိုင်းနှစ်သက်ကြတဲ့ **အစိမ်းနဲ့ အနီပေါင်းစပ်မှုဖြစ်တာကြောင့် ဖရဲသီးမကြိုက်သူဆိုရင်တောင် ဖရဲသီးရဲ့ အသွင်အပြင်က ချစ်စရာကောင်းပြီး ဆွဲဆောင်မှုရှိတယ်ဆိုတဲ့အချက်ကိုတော့ လက်ခံကြမှာပါ။** ဒီအချက်ကို အခြေခံပြီး ထိုင်ဝမ်မုန့် တိုက်ဖြစ်တဲ့ Jimmy Bakeryကနေ **ဖရဲသီးနဲ့အတွင်းရော၊ အပြင်ပါ တစ်ပုံစံတည်းတူတဲ့ ဖရဲသီးပေါင်မုန့်တွေကို တီထွင်လိုက်**ပါတယ်။ ဖရဲသီးပေါင်မုန့်ဆိုပေမယ့် ပါဝင်ပစ္စည်းထဲမှာတော့ ဖရဲသီးအရသာမပါဘူးလို့ သိရပါတယ်။ **ဖရဲသီးအခွံအတွက် လက်ဘက်စိမ်း၊ အတွင်းဖရဲသားအတွက် စတော်ဘယ်ရီနဲ့ ဂျုံကို ပေါင်းစပ်ပြီး ထိုင်ဝမ်ဖရဲပေါင်မုန့်**အဖြစ် ဖန်တီးထားတာဖြစ်ပါတယ်။ **ဖရဲဝါအတွက်တော့ လီမွန်နဲ့ဖန်တီးထားတယ်လို့ သိရပါတယ်။ ဖရဲစေ့လေးတွေကတော့ စပျစ်ခြောက်တွေဖြစ်**ပါတယ်။ နွေရာသီအတွက် ဖရဲသီးစစ်စစ်တွေက ရင်အေးစေပြီး မိုးရာသီနဲ့ ဆောင်းရာသီလိုမျိုး အေးမြတဲ့ရာသီတွေမှာတော့ ကော်ဖီပူပူနွေးနွေးနဲ့ ဖရဲပေါင်မုန့်တွေက အချမ်းပြေစေမယ့် ခံတွင်းမြိန်အစားအစာအဖြစ် ရည်ရွယ်ဖန်တီးဖြစ်ခဲ့တာလို့ Jimmy Bakery တာဝန်ရှိသူက ဆိုပါတယ်။

**(DM ,26)** **သံသာ**

# ကမ္ဘာ့ပထမဆုံး ပန်ဒါအထူးကုဆေးရုံ ဖွင့်လှစ်





တရုတ်နိုင်ငံရဲ့ ရှားပါးပန်ဒါဝက်ဝံတွေ မျိုးသုဉ်းမှုမရှိစေရေးအတွက် အထူးဂရုစိုက်မွေးမြူနေကြတဲ့ တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ်၊ တုကျန်းယန်မြို့က ပန်ဒါထိန်းသိမ်းရေးစခန်း CCRCGPကနေ ပန်ဒါဝက်ဝံတွေတက်ရောက် ကုသနိုင်မယ့် ပန်ဒါအထူးကုဆေးရုံကြီးကို **ကမ္ဘာ့ပထမဆုံးအနေ**နဲ့ ဖွင့်လှစ်လိုက်ပါပြီ။ ဒီဆေးရုံကြီးမှာ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးဌာန၊ ကယ်ဆယ်ရေးနဲ့ သီးခြားကုသဌာန၊ ပြန်လည်ထူထောင်ရေးဌာန၊ ကျန်းမာရေးပညာပေးဌာန၊ အရေးပေါ်ခွဲစိတ်ကုသမှုဌာနနဲ့ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့တို့အားလုံးပါဝင်ပြီး ဆေးရုံအဂ်ါရပ်နဲ့ ကိုက်ညီမှုရှိအောင် ထည့်သွင်းဖန်တီးထား တယ်လို့ သိရပါတယ်။ ပန်ဒါထိန်းသိမ်းရေးစခန်းမှာ မွေးမြူထိန်း သိမ်းထားတဲ့ပန်ဒါတွေ အသက်အရွယ် အိုမင်းလာပြီဖြစ်တဲ့အတွက် သူတို့ရဲ့ ရောဂါအမျိုးမျိုးကို ကုသစောင့်ရှောက်မှုပေး နိုင်ဖို့ အခုလို ပန်ဒါအထူးကုဆေးရုံကြီးကို ဖွင့်ခဲ့ရတာဖြစ်ပါတယ်။ အသက်အကြီးဆုံး ပန်ဒါက ပန်ပန်လို့အမည်ရတဲ့ အသက် ၃၀ အရွယ် **ပန်ဒါထီးဖြစ်ပြီး ပန်ဒါစုစုပေါင်း ၃၃ကောင်မှာ ၁၀ကောင်က သက်ကြီးပိုင်းကိုရောက်နေပြီလို့** ပန်ဒါဆေးရုံညွှန်ကြားရေးမှူး တန်လင်ဟွာကဆိုပါတယ်။ ဒီပန်ဒါထိန်းသိမ်းရေးစခန်းနဲ့ ပန်ဒါဆေးရုံကြီး အတွက် ရင်းနှီးမြှုပ်နှံငွေ ဒေါ်လာ ၃၂ဒသမ ၂သန်းရှိခဲ့ပြီလို့ သိရပါတယ်။

**(CRI,26)**

**သံသာ**

# အယ်လ်ကိုင်ဒါအကြမ်းဖက်နှင့် ပူးပေါင်းသူ ၁၂ ဦးကို IS တို့ ခေါင်းဖြတ်သတ်



**ဆီးရီးယားနိုင်ငံတွင် အယ်လ်ကိုင်ဒါတို့နှင့် ပူးပေါင်းတိုက်ခိုက်ခဲ့သူ ၁၂ ဦး**ကို IS တို့ ခေါင်းဖြတ်သတ်ဖြတ်သည့် ဗီဒီယိုဖိုင်ကို IS တို့ အွန်လိုင်းပေါ်တင်လိုက်ကြောင်းသိရသည်။ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့အနီးတစ်နေရာဟု ယူဆရသည့် ကွင်းပြင်ထဲတွင် လိမ္မော်ရောင်အကျဉ်းသားဝတ် စုံဝတ်လူ ၁၂ ဦးကို စီတန်းဒူးထောက်စေခဲ့ပြီး **မျက်နှာဖုံးတပ် ISကွပ်မျက်သူများက ISတို့နှင့် မဟာမိတ်မဟုတ်သော အခြားအကြမ်းဖက်များနှင့် ပူးပေါင်းတိုက်ခိုက်သည့် မည်သူ့ကိုမဆို ယခုကဲ့သို့ ကွပ်မျက်မည်ဖြစ်ကြောင်း** ခြိမ်းခြောက်သွားခဲ့ကာ ၁၂ဦးစလုံးကို ခေါင်းဖြတ်သတ်လိုက်သည်ကို ရိုက်ကူးထားခဲ့ခြင်းဖြစ်သည်။

အဘူဘာကာအယ်ဘာဂဒါဒီ၏ IS အဖွဲ့က ဆီးရီးယား၏ အခြားသောအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေပြီး မပူးပေါင်းသည့်အဖွဲ့များမှ အကြမ်းဖက်များကိုလည်း ၎င်းတို့၏ရန်သူအဖြစ်သတ်မှတ်ကာ ဖမ်းဆီးသတ်ဖြတ်သွားမည်ဟု ဗီဒီယိုဖိုင်ဖြင့် ကြေညာလိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့်ရက်ပိုင်းကလည်း **အာဖဂနစ္စတန်နိုင်ငံတွင်း ISတို့က တာလီဘန်အကြမ်းဖက်သစ္စာခံသုံးဦးကို ခေါင်းဖြတ်သတ်သည့်** ဗီဒီယိုလည်း အွန်လိုင်းတွင်တင်ခဲ့ကြောင်းသိရသည်။ **(Reuters, 26.6.15) သံသာ**

# ဘွဲ့ရစလူငယ်က ဘီယာပုလင်းခွံပေါင်း ၈၅၀၀ ဖြင့် ရုံးခန်း ဖန်တီးတည်ဆောက်



သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ ဆောက်လုပ်ရေးဘွဲ့ကို မကြာမီကမှ ရရှိထားသည့် လီရောင်ကျန်သည် နှစ်ပေါင်းများစွာ ပစ်ထားခံရသည့် စက်ရုံအဟောင်းကို **ဘီယာပုလင်းခွံပေါင်း ၈,၅၀၀ ဖြင့် ပြန်တည်ဆောက်ကာ ရုံးခန်းလုပ်လိုက်**သည်။ ၎င်းသည် **အချိန်လေးလယူကာ ထိုသို့ဘီယာပုလင်းခွံများဖြင့် ရုံးခန်းကို ဖန်တီးတည်ဆောက်ခဲ့ခြင်းဖြစ်သည်။** အုတ်ကြွပ်ပြားထုတ်လုပ်သည့် ထိုစက်ရုံသည် လွန်ခဲ့သည့်နှစ်ပေါင်း ၂၀ ကတည်းကပင် ပစ်ထားခံခဲ့ရသည်။ ၂၉ စတုရန်းမီတာရှိသည့် အဆိုပါအဆောက်အအုံကြီးတွင် အထပ်နှစ်ထပ်ပါပြီး တစ်ထပ်လျှင် အမြင့်ကိုးပေကျော်ရှိသည်။ အဆောက်အအုံ ပိုကောင်းလာစေရန် ပြုပြင်သွားဦးမည်၊ ချဲ့သွားဦးမည်ဟု လီရောင်ကျန်က ဆိုသေးသည်။

**(Shanghaiist,26)** **ချယ်ရီ**

# တက္ကသိုလ်ကျောင်းသူ၏ ဗိုက်ထဲတွင် ရောက်နေသည့် ငါးလက်မခွဲခန့်ရှိ ဇွန်းကို ဆရာဝန်များ ထုတ်ပေးလိုက်ရ



တရုတ်နိုင်ငံ ဟူဘီပြည်နယ်မှ အသက် ၂၂ နှစ်အရွယ် တက္ကသိုလ်ကျောင်းသူတစ်ဦးသည် သတ္တုဇွန်းကို မျိုချလိုက်မိသည့်အတွက် ဆေးရုံတက်လိုက်ရသည်။ ၎င်း**ရေခဲမုန့်စားနေစဉ်အတန်းဖော်များက ၎င်းကို ခြောက်လှန့်လိုက်သည့်အတွက် ဇွန်းက ထိုသို့ ဗိုက်ထဲဝင်သွားခြင်းဖြစ်သည်။ ယင်းကျောင်းသူသည် ရေခဲမုန့်စားရင်းဖြင့် အဆောင်ပြန်လာချိန်တွင် အတန်းဖော်တစ်ဦးက ၎င်းကို ရုတ်တရက်တွန်း လိုက်ကြောင်း၊ ထိုအခါ ၎င်းသည် အလွန်လန့်သွားပြီး အာခေါင်ခြစ်အော်လိုက်မိကြောင်း၊ ထိုအချိန်တွင် ဇွန်းကိုမျိုချလိုက်မိခြင်းဖြစ်ကြောင်း၊** ထို့ကြောင့် ဇွန်းသည် ၎င်းဗိုက်ထဲတွင် သောင်တင်သွားကြောင်း သတင်းများက ဆိုသည်။

ဇွန်းဝင် သွားပြီးနောက် ဗိုက်ထဲတွင် လေပွသလိုဖြစ်နေသော်လည်း ဆရာဝန်ပြစရာမလိုဟု ကနဦးတွင် ထိုကျောင်းသူက ထင်မိလိုက်သေးသည်။ အင်တာနက်တွင် ထိုသို့သော အကြောင်းများကိုဖတ်ကြည့်အပြီးတွင်မှ ၎င်းက ဆရာဝန်ပြသင့်ကြောင်း ဆုံးဖြတ် လိုက်တော့ခြင်းဖြစ်သည်။ ဆရာဝန်များက ဆေးပစ္စည်းကိရိယာတစ်ခုကို ကျော့ကွင်းအသေးစားဖြင့်တွဲလိုက်ပြီး ထိုအရာဖြင့် ဇွန်းကို ထုတ်ပေးခဲ့ခြင်းဖြစ်သည်။ ဆရာ ဝန်များသည် ဆယ်မိနစ်ခန့်မျှဖြင့် ဇွန်းကို ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

**(Shanghaiist, 24-6-15) ချယ်ရီ**

# ရိုးရာနဂါးလှေလှော်ပြိုင်ပွဲကို တရုတ်နိုင်ငံတွင် ခမ်းနားကြီးကျယ်စွာ ကျင်းပ





နှစ်စဉ်ဆိုသလို အစဉ်အလာမပျက်ကျင်း ပနေကျဖြစ်သော နဂါးလှေလှော်ပြိုင်ပွဲကို တရုတ်နိုင်ငံတွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း သိရသည်။ နဂါးလှေလှော်ပြိုင်ပွဲ ကို တရုတ်နိုင်ငံတွင် ဒွမ်ဝူဟုလည်း ခေါ်ဆို လေ့ရှိကြပြီး နှစ်စဉ် လပြက္ခဒိန်၏ငါးလမြောက်သည့် လမှငါးရက်မြောက်နေ့ တွင် ကျင်းပလေ့ရှိကာ ယခုနှစ်အတွက် ဇွန်လ ၂၀ ရက် ကျရောက်သည်ဟု သိရသည်။ ပွဲတော်နေ့ အပါအဝင် စုစုပေါင်းသုံးရက်ကို အားလပ်ရက်အဖြစ်သတ်မှတ်ပေးပြီး ပြည်သူလူထုကလည်း နဂါးလှေလှော် ပြိုင်ပွဲများကျင်းပခြင်း၊ ဘဲဖမ်းပြိုင်ပွဲများ ကျင်းပခြင်းနှင့် ကောက်ညှင်းကျည်တောက်အစားပြိုင်ပွဲတို့ကို နိုင်ငံတစ်ဝှမ်း လုံးတွင်ကျင်းပကြကာ နဂါးလှေလှော်ပြိုင်ပွဲ၏ပွဲတော်နေ့များကို ပျော်ရွှင်စွာဖြတ်ကျော်ခဲ့ကြသည်ဟု သိရသည်။

**(CRI,25-6-15)**

**မေဇွန်**

# ကာယအမျိုးသမီးက ဖရဲသီးများကို ပေါင်နှစ်ဖက်ကြား ထည့်၍ ခွဲပြ



ကာယအားကစား လိုက်စားသူ ခန္ဓာကိုယ်ကြွက်သားများ တောင့်တင်းသူ အမျိုးသမီးတစ်ဦးက ပေါင်နှစ်ဖက်ကြား ဖရဲသီးတွေထည့်ပြီး ခွဲပြသွားခဲ့ပါတယ်။ ဘီကီနီသာဝတ်ထားတဲ့ အမည်ဖော်ပြမထားတဲ့ ကာယအမျိုးသမီးရဲ့ ဖရဲသီးခွဲတဲ့ ဗီဒီယိုကို YouTube မှာတင်ခဲ့တာဖြစ်ပြီး ပေါင်ကြွက်သားတွေကြား ဖရဲသီးတွေ အစိတ်စိတ်အမြွှာမြွှာဖြစ်အောင် ခွဲပြတဲ့ စွမ်းရည်ထူးကို လူတိုင်းအံ့အားသင့်ပြီး ချီးကျူးမဆုံးဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ကင်မရာရှေ့ ကြမ်းပြင်မှာ လဲလျောင်းရင်း အလုံးကြီးကြီး ဖရဲသီးတစ်လုံးကို ပေါင်နှစ်ဖက်ကြားထဲထည့်လို့ ကြွက်သားတွေ ညှစ်ထုတ်လိုက်တာနဲ့ ဖရဲသီးကြီးက အပိုင်းပိုင်းဖြစ်သွားပြီး လွင့်စဉ်သွားတာဖြစ်ပါတယ်။ ဖရဲသီးတွေကို ဘေးနားက အမျိုးသားတစ်ယောက်က ယူဆောင်ပေးပြီးဖရဲသီး သုံးလုံးကို အမျိုးသမီးက ဆက်တိုက်ခွဲပြလိုက်တာကြောင့် ဒီဗီဒီယိုက အမျိုးသမီးရဲ့ကြွက်သားကြံ့ခိုင်မှုစွမ်းရည်ထူးကို လူတိုင်းချီးကျူးနေကြတာဖြစ်ပါတယ်။

**(Mirror,25-6-15) သံသာ**

# သန့်ရှင်းရေးအဖွဲ့က ကျည်ဆန်ရထားကို ခုနစ်မိနစ်အတွင်း အပြီးသန့်ရှင်းရေးလုပ်ကာ စွမ်းရည်ပြသ



ဂျပန်နိုင်ငံတွင် ရှင်ကန်ဆန်ကျည်ဆန်ရထားသန့်ရှင်းရေးအဖွဲ့က ခုနစ်မိနစ်အတွင်းကျည်ဆန်ရထားတစ်ခုလုံးကို အပြီးသန့်ရှင်းရေးလုပ်ပြကာ စွမ်းရည်ပြသခဲ့ကြသည်ဟု သိရသည်။ ကျိုတိုသတင်း ထောက်ချာလီက ၎င်းတို့၏ကြိုးပမ်းမှုကို မှတ်တမ်းတင်ထားနိုင်ခဲ့သည်။ ဘူတာရုံကြီးအတွင်း နေ့စဉ်ခရီးသည်ပေါင်း ၄၀၀၀၀ ခန့်ဝင်ထွက်သွားလာနေကြသော်လည်း သန့်ရှင်းရေးပြုလုပ်ရန်အတွက် စောင့် ဆိုင်းရသည့်အချိန်၊ ရထားနှောင့်နှေးသွားသည့်အချိန်ဟူ၍ တစ်ကြိမ်တစ်ခါမှမရှိခဲ့ဘဲ သန့်ရှင်းရေးအဖွဲ့သည် တစ်နာရီမိုင် ၂၀၀ နှုန်းဖြင့်သွားလာသောရထားများကို ခရီးသည်များဆင်းသွားပြီး ပြန်မတက်မီကြားကာလတွင် သန့်ရှင်းရေးပြုလုပ်ကြရသည်ကို ဗီဒီယိုထဲတွင်တွေ့မြင်နိုင်သည်။ တစ်တွဲလျှင် ခုံ ၁၀၀ ပါဝင်သောရထားတွဲများနှင့် ကျည်ဆန်ရထားကတစ်ဦးက ကြမ်းတိုက်နေချိန်တွင်၊တစ်ဦးက ပစ္စည်းတင်သည့်နေရာများကိုလိုက်လံစစ်ဆေးခြင်း၊တစ်ဦးက ထိုင်ခုံများကို သန့်ရှင်းခြင်း၊ တစ်ဦးက မှန်သုတ်ခြင်းစသည်ဖြင့် မိမိတာဝန်နှင့်မိမိလုပ်ဆောင်ရသည်။ သန့်ရှင်းရေးဝန်ထမ်းများအားလုံးသည် လုပ်သက်ရင့်ဝန်ထမ်းများဖြစ်ပြီး တာဝန်ချိန် မိနစ်အနည်းငယ်အတွင်း ရထားတွဲအစင်း ၂၀ နှင့်ထိုင်ခုံပေါင်း ၂၀၀၀ ကိုသန့်ရှင်းရေးလုပ်နိုင်သူများဖြစ်သည်ဟု သိရ သည်။

**(DM,25-6-15) မေဇွန်**

# ကော်ဖီဖြင့် ကမ္ဘာကျော်မိုနာလီဇာ ပုံတူပန်းချီကားကို ဖန်တီးရေးဆွဲ





ဆန်းသစ်တဲ့ အနုပညာဖန်တီးမှုတွေနဲ့ နာမည်ကျော်နေတဲ့ မာရီယာအရစ်စ်တီဒူဆိုသူ အမျိုးသမီးပန်းချီပညာရှင်ရဲ့ ဖန်တီးမှုအသစ်မှာ ကမ္ဘာကျော် မိုနာလီဇာပန်းချီကားကို ကော်ဖီရည်တွေနဲ့ ပုံဖော်ရေးဆွဲပြသွားခဲ့ပါတယ်။ ကော်ဖီပန်းချီအတွက် ဂရိကော်ဖီနဲ့ အက်စပရက်ဆိုကော်ဖီတွေကို နှပ်ပြီး ပန်းချီဆေးနေရာမှာ အစားထိုးရေးဆွဲခြယ်သခဲ့တာလို့ မာရီယာကဆိုပါတယ်။ ကော်ဖီကိုနှစ်သက်တဲ့အတွက် အမှတ်တရအနေနဲ့ကော်ဖီအသုံးပြုပြီး သက်ဝင်လှပတဲ့မိုနာလီဇာပန်းချီကို ရေးဆွဲဖို့ စိတ်ကူးရခဲ့တာလို့ မာရီယာက ဆိုပါတယ်။ ဒီပန်းချီကားအတွက် အသုံးပြုရတဲ့ ကော်ဖီနှပ်ရည်တွေကို အပျစ်အကျဲအမျိုးမျိုးဖန်တီးနှပ်ယူထားခဲ့ပြီး ကင်းဗတ်စ်ပေါ်မှာ ၁၀နာရီကြာ စုတ်ချက်တင်ရေးဆွဲခဲ့ရတယ်လို့ မာရီယာက ဆိုပါတယ်။

**(Mirror,25-6-15)**

**သံသာ**

# ၁၃ နှစ် အရွယ် မိန်းကလေးက ဓားသွားများပေါ်တွင် ခြေဗလာဖြင့် မတ်တတ်ရပ်ပြနိုင်







တရုတ်နိုင်ငံ ကြက်ကျန်းပြည်နယ်မှ အသက် ၁၃ နှစ်အရွယ်မိန်းကလေးရှီသည် ဓားသွားများပေါ်တွင် ခြေဗလာဖြင့် မတ်တတ်ရပ်ပြနိုင်သည်ဟု သိရသည်။ ရှီသည် ဖခင်နှင့်အတူ ဖျော်ဖြေလေ့ရှိပြီး **ဓားသွားများပေါ်၌ ခြေဗလာဖြင့်မတ်တတ်ရပ်ပြရင်းနှင့်ပင် ရေငါးလီတာထည့်သွင်းထားသော ရေဘူးများကိုပင် လက်နှစ်ဖက်က မပြနိုင်သည်။** ရှီအသုံးပြုသည့်ဓားများသည် မီးဖိုချောင်များအတွင်းအသုံးပြုသည့်ဓားများလောက် မထက်သော်လည်း ဓားသွားများက ခြေထောက်ထဲအထိပင် နစ်ဝင်နေပြီဖြစ်သည်။ ကိုယ်တိုင်ကလည်း စတန့်ပြကွက်များဖြင့် ဖျော်ဖြေသူဖြစ်သည့် ရှီ၏ဖခင်က ၎င်းသည် သမီးဖြစ်သူကို မိမိထက်ထူးချွန်ပြီး ပိုမိုကောင်းမွန်သည့် ပြကွက်များဖြင့် ဖျော်ဖြေစေလိုစိတ်ပြင်းပြသူဖြစ်သည်။ ထိုမှသာ သမီးဖြစ်သူမှာ ၎င်းမရှိတော့သည့်အချိန်တွင် ကိုယ့်ခြေထောက် ပေါ်တွင်ကိုယ်ရပ်တည်နိုင်မည်ဟု ရှီက ဆိုခဲ့သည်။ ရှီတို့သားအဖသည် **လွန်ခဲ့သည့်ခြောက်နှစ်မှ စတင်ကာ ဓားသွားများ ပေါ်တွင် ရပ်နိုင်ရန်လေ့ကျင့်ခဲ့ကြခြင်းဖြစ်ပြီး** ဘားများနှင့်ကလပ်များတွင် သွားရောက်ဖျော်ဖြေခဲ့ဖူးသည်။ ဖျော်ဖြေရေးပွဲများကြောင့် ကျောင်းစာမလုပ်နိုင်သောရှီကို ဖခင်ဖြစ်သူကကျောင်းထုတ်ရန် လုပ်ဆောင်ခဲ့သော်လည်း ဆရာများက တရုတ်ဥပဒေအရလိုအပ်သည့် အလယ်တန်းပညာကို ပြီးဆုံးအောင်သင်ယူရန် နားချခဲ့ကြရသည်။ ဆရာများက ဓားသွားပေါ်တွင်ရပ်၍ ဖျော်ဖြေသည့်ရှီအတွက် စိုးရိမ်ကြသည့်အပြင် ဘားများနှင့်ကလပ်များသို့ အရွယ်ရောက်စပြုလာသည့် မိန်းကလေးတစ်ယောက်က ဝင်ထွက်နေခြင်းအတွက်လည်း ပူပန်ခဲ့ကြသည်။ သို့သော် ရှီကိုယ်တိုင်က မိမိ၏အလုပ်တွင်ပျော်မွေ့နေသည်ဟု သိရသည်။

**(CCTV,25** **မေဇွန်**

# လူ ၆၆ဦး လိုက်ပါရေလှိုင်းစီးသည့် ရောမရေလွှာစီးဘုတ်ပြားကြီး ကမ္ဘာ့စံချိန်တင်





အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်၊ ဟန်တင်တန်ကမ်းခြေမှာ ရောမ ရေလွှာစီးဘုတ်ပြားကြီးပေါ် လူ၆၆ဦး လိုက်စီးတဲ့ ကမ္ဘာ့စံချိန်တင်ပွဲကြီး အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပါတယ်။ **အသက် ၁၅နှစ်က နေ ၇၉နှစ်အကြား အရွယ်စုံပါဝင်တဲ့ ဒီရေလှိုင်းစီးသူ ၆၆ ဦးထဲမှာ** ပရော်ဖက်ရှင်နယ် ရေလှိုင်းစီးသူ၊ ဒေသခံဝါသနာရှင်ရေလှိုင်း စီးသူတွေအပြင် လွှတ်တော်အမတ်တစ်ဦးတောင်ပါသေးတယ်လို့ သိရပါတယ်။ အရင် ကမ္ဘာ့အကြီးဆုံးရေလွှာစီးဘုတ်ပြားစံချိန်နဲ့ လူအများဆုံးရေလှိုင်းစီးစံချိန်ကို ဩစတြေးလျနိုင်ငံ၊ ကွင်းစ်လန်းက စနက်ပါရော့ခ်ကမ်းခြေက ၂၀၀၉ခုနှစ်မှာ စံချိန်တင်ထားခဲ့တာဖြစ်ပါတယ်။ လူ ၆၆ဦးစီးတဲ့ ဟန်တင်တန်ကမ်းခြေအဖွဲ့ရဲ့ ရေလွှာစီးဘုတ်ပြားက **အရှည် ၄၂ပေ၊ အကျယ် ၁၁ ပေနဲ့ အထူတစ်ပေ ကျော်ရှိပြီး** အရင်စံချိန်ဟောင်းစနက်ပါ ရော့ခ်ရဲ့ ဘုတ်ပြားကတော့ အရှည်၃၉ပေ၊ အကျယ်ကိုးပေရှိပြီး လူ၁၉ဦးပဲစီးခဲ့တာ လို့သိရပါတယ်။ ဒီအတွက် ဟန်တင်တန်ကမ်းခြေအဖွဲ့က ကမ္ဘာ့အကြီးဆုံး ရေလွှာစီးဘုတ်ပြားနဲ့ ဘုတ်ပြားတစ်ခု တည်းပေါ် လူအများဆုံး တစ်ပြိုင်နက်ရေလှိုင်းစီးမှုအဖြစ် ကမ္ဘာ့စံချိန်ကို အပြတ်အသတ်ချိုးပြလိုက်တာဖြစ်ပါတယ်။

**(Mirror,25** **သံသာ**







# စားပွဲထိုးများကို ဘီကီနီဝတ်ခိုင်းသော စားသောက်ဆိုင် ဝေဖန်ခံနေရ



တရုတ်နိုင်ငံမှ စားသောက်ဆိုင် တစ်ဆိုင်တွင် စားပွဲထိုးများသည် တာဝန်ကျချိန်တွင် ဘီကီနီများကိုပြောင်းလဲဝတ်ဆင်ကြရလေ့ရှိပြီး ယင်းစည်းကမ်းသည် အမျိုးသမီးများကို နှိမ်ချဆက်ဆံခြင်းပင်ဖြစ်သည်ဟူသော စွပ်စွဲချက်များထွက်ပေါ်လာရာ ဆိုင်ပိုင်ရှင်က ပြန်လည်ငြင်းဆိုခဲ့သည်ဟု သိရသည်။ Daoxianji စားသောက်ဆိုင်သည် **ဆန်ပြုတ်ရောင်းချသည့်ဆိုင်ဖြစ်ပြီး စားပွဲထိုးများကိုလည်း မိန်းကလေးဖြစ်စေ၊ ယောက်ျားလေးဖြစ်စေ ချောမောလှပသူကိုမှ ရွေးချယ်ခေါ်ယူလေ့ရှိတတ်ကြောင်း** ဆိုင်မန်နေဂျာက ဆိုခဲ့သည်။ သို့တိုင်အောင် စားပွဲထိုးများ ကို ဘီကီနီဝတ်ဆင်ခိုင်းခြင်းသည် အမျိုးသမီးများကို နှိမ်ချဆက်ဆံခြင်းမျိုးမဟုတ်ဘဲ **အမျိုးသားစားပွဲထိုးများလည်း အလားတူပင် ရေကူးဝတ်စုံများ ဝတ်ဆင်ခိုင်းလေ့ရှိ**ကာ စားသုံးသူများကလည်း သဘောကျနှစ်ခြိုက်ကြသည်ဟု သိရသည်။ စားပွဲထိုးများအနေဖြင့် **တာဝန်ချိန်စတင်သည်နှင့်ခန္ဓာကိုယ်ပေါ်တွင် ဆိုင်အမည်ကို ဆေးဖြင့်ရေးခြယ်ကြရပြီး ဘီကီနီဖြင့် ဧည့်ခံသောစားပွဲထိုးများကြောင့်လည်း စားသောက်ဆိုင်၏စီးပွားရေးမှာ တစ်ဟုန်ထိုးကြီးပွားတိုးတက်လာ**ခဲ့သည်။ လက်ရှိစားသောက်ဆိုင်တွင် အမျိုးသမီးစားပွဲထိုး ၂၀ နှင့်အမျိုးသားစားပွဲထိုး ၁၀ ဦးရှိပြီး စားသောက်ဆိုင်သို့ လာရောက်သော စားသုံးသူများပြားလွန်း၍ လက်မလည်အောင် ရောင်းချနေရသည်။ သို့တိုင်အောင် စားပွဲထိုးများကို ဘီကီနီဝတ်ဆင်စေခြင်းသည် ဆိုင်ကိုလာရောက်သော လူငယ်များအတွက် အတုယူမှားစရာများ ဖြစ်လာလိမ့်မည်ဟု ဝေဖန်သူများလည်းရှိနေကြောင်း သိရသည်။

(Mirror၊ ၂၆ ၆ မေဇွန်

# ဂျပန် G7 ထိပ်သီးညီလာခံကို ကာကွယ်ပေးမည့် မောင်းသူမဲ့ယာဉ် ဖျက်ချသည့် လေဆာလက်နက်




ဂျပန်နိုင်ငံတွင် ကျင်းပမည်ဖြစ်သောလာမည့် G7ထိပ်သီးညီလာခံကို မောင်းသူမဲ့ ယာဉ်ဖျက် လေဆာလက်နက်ဖြင့် ကာကွယ်ပေးသွားမည်ဟုသိရသည်။ The Fourဟု အမည်ပေးထားတဲ့ ယင်းလေဆာလက်နက်ကို **ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်တို့ပူးပေါင်းသည့် ဒုံးလက်နက်စမ်းသပ်ထုတ်လုပ်ရေးအဖွဲ့ MBDA နှင့် ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းထုတ်လုပ်ခဲ့ခြင်းဖြစ်**သည်။ ၁၀ကီလိုဝပ်လေဆာများကို ကြေးမုံချပ်များဖြင့် စုစည်းကာ လေဆာတန်းအဖြစ်ဖန်တီးပေးပြီး **အစည်းအဝေးကျင်းပရာနေရာပတ်ဝန်းကျင်သို့ ရောက်ရှိလာမည့် မောင်းသူမဲ့ယာဉ်ငယ်များ အားလုံးကိုခြေ ရာခံ၍ ပေ၁၆၀၀ကျော် အကွာအဝေးအတွင်းဝေဟင်၌ ပျံသန်းနေသော ယင်းမောင်းသူမဲ့ယာဉ်များကို ဝေဟင်မှပစ်ချကာကွယ်ပေးသွားမည်ဖြစ်ကြောင်း** သိရသည်။ ၂၀၁၃ခုနှစ် ဂျာမနီနိုင်ငံ၊ ဒရက်စဒင်မြို့တွင် ရွေးကောက်ပွဲကျင်းပစဉ်အခါက ဂျာမနီအကြီးအကဲ အန်ဂျလာမာကယ်အနီးသို့ မောင်းသူမဲ့ယာဉ်အနီးဆုံးအနေအထားဖြင့် ရောက်ရှိလာခဲ့သည့်ဖြစ်ရပ်ကြောင့် **မောင်းသူမဲ့ယာဉ်များအားဖျက်ချသည့် လေဆာလက်နက်ကိုတီထွင်ရန် ဂျာမနီနိုင်ငံမှ ဦးဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း**သိရသည်။

(DM ,၂၆)

သံသာ

# လူ့အသက်ကိုသေစေနိုင်သည့် ပလတ်စတစ်ဆန်အတုများကို ရောင်းချနေသည်ဟု တရုတ်ကုမ္ပဏီများ စွပ်စွဲခံရ



တရုတ်နိုင်ငံမှ ဆန်အတုများပြုလုပ်သည့် ပြဿနာသည် တစ်နိုင်ငံလုံးကိုသာမက အိမ်နီးချင်းနိုင်ငံများကိုပါ တုန်လှုပ်စေခဲ့ပြီး **ဆန်အတုများကို အာလူးများနှင့် ကော်စေးများပေါင်းစပ်ပြု လုပ်ခြင်းဖြစ်သည်ဟုသိရသည်။ ဈေးပေါ၍ အကျိုးအမြတ်များသော ဆန်အတုများကို တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်စီးပြည်နယ်တွင်း ရောင်းချနေရာမှ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် အာဖရိကဒေသများသို့ တင်ပို့နေပြီး ဆန်စေ့အတိုင်းဖြင့်အတုနှင့်အစစ်ကိုလည်း ခွဲခြား၍မရနိုင်ဘဲ ချက်လိုက်လျှင်မာပြီး အစာခြေရန်ခက်ခဲနေသောအခါမှပင် ဆန်အတုမှန်းသိရှိရခြင်းဖြစ်**သည်။ အခြားတစ်နည်းမှာ ဆန်အတုသည် **ဆန်ပြုတ်ပြုတ်လိုက်လျှင် အပေါ်ယံတွင် ပလတ်စတစ်ပြားအလွှာတစ်လွှာပေါ်လာမည်ဖြစ်ပြီး** အပူပေးလိုက်ပါကလောင်ကျွမ်းသည်ဟု သိရသည်။ ကျန်းမာရေးကျွမ်းကျင်ပညာရှင်များက ဆန်အတုများသည် အစာခြေစနစ်ကို ထိခိုက်စေကြောင်းနှင့်တရုတ်စားသောက်ဆိုင်များအစည်းအရုံးက **ဆန်အတုသုံးပန်းကန်ကိုစားသုံးခြင်းသည် ပလတ်စတစ်အိတ်တစ်အိတ်ကို စားသုံးလိုက်ခြင်းနှင့်ညီမျှသည်**ဟု ဆိုသည်။ဆန်အတုများနှင့်ပတ်သက်သည့်သတင်းများသည် ယခုအခါတွင် လူမှုရေးမီဒီယာများ၌ပျံ့နှံ့နေပြီဖြစ်ပြီး **ဆန်အတုများကို ဆိုင်ငယ်လေးများတွင်သာ ရောင်းချရဲကြသည်**။ မလေးရှားပို့ကုန်နှင့်စားသုံးသူဝန်ကြီးဌာနကပြည်သူများအား မကြောက်လန့်ကြရန်နှင့်နိုင်ငံတစ်ဝှမ်းတွင် စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်းဆိုခဲ့ပြီး စင်ကာပူမှ လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးအာဏာပိုင်များက ၎င်းတို့သည် ပြည်တွင်းသို့ပို့ကုန်များကို စံနှုန်းများနှင့်အညီစစ်ဆေးသဖြင့် စင်ကာပူသို့ ရောက်ရှိမလာဟုဆိုသည်။ (OC၊၂၅

မေဇွန်

# အစ္စရေး၌ စွန့်ပစ်ထားသော အဆောက်အအုံကြီးကို ရောမအံကပ်ကြီးအဖြစ် ပြောင်းလဲဖန်တီးပြ



အစ္စရေး လမ်းဘေးအနုပညာသည်တစ်ဦးက **အဆောက်အအုံပျက်ကြီးတစ်ခု**ကို လက်ရာမြောက်စွာပြောင်းလဲရန် စိတ်ကူးရရှိခဲ့ပြီး ယခုအခါ တဲလ်အဗစ်ကမ်းရိုးတန်းမှ ဒေါ်လ်ဖင်နာရီယမ်နိုက်ကလပ်ဟောင်းကြီးသည် **ရောမအံကပ်ကြီးအဖြစ်သို့ပြောင်းလဲကာ ဂရပ်ဖစ်တီအနုပညာရှင်ဒီးဒီ၏ လက်ရာဖြင့် နာမည်ကျော်ကြားနေပြီဖြစ်**သည်။ အဆောက်အအုံပျက်ကြီးပေါ်၌ ရေးဆွဲထားသော ရောမသွားပုံကြီးသည် ၉၈ ပေ အကျယ်ရှိပြီး ၃၃ ပေအရှည်ရှိသည်။ ရောမအံကပ်သွားပုံအဆောက်အအုံကြီးအား မိုင်ပေါင်းများစွာအဝေးမှပင် မြင်တွေ့နိုင်ပြီး ဒီးဒီက 'ဒါဟာကျွန်တော့်အတွက် အကြီးမားဆုံးစိန်ခေါ်မှုကြီးပါပဲ ဒီလို လက်ရာမျိုးကို ဖန်တီးနိုင်ဖို့ညအချိန်တွေကိုလည်း မအိပ်မနေဖြစ်ကျော်ခဲ့ရပါတယ်၊ မြေပြင်ကနေအမြင့်ကြီးအထိ ရိလာတွေနဲ့လည်းဆေးသုတ်ခဲ့ရပါတယ် ဒါပေမဲ့ ကျွန်တော်တစ်နှစ်နီးပါးကြိုးစားခဲ့ပြီးတဲ့နောက်မှာတော့ အောင်မြင်စွာဖန်တီးနိုင်ခဲ့ပါပြီ'ဟု ဆိုခဲ့သည်။ ဒေါ်လ်ဖင်နာ ရီယမ်နိုက်ကလပ်သည် **၂၀၀၁ခုနှစ် ဇွန်လ ၁ ရက်တွင် အစ္စလာမ့်စ်တို့၏ အသေခံဗုံးခွဲတိုက်ခိုက်ခြင်းခံခဲ့ရပြီး အစ္စရေး ဆယ်ကျော်သက် ၂၁ ဦးနှင့် လူကြီးလေးဦး အသက်ဆုံးရှုံးခဲ့ရသည်**ဟု သိရသည်။

(DM,၂၆)

မေဇွန်

# အများပြည်သူသုံးသန့်စင်ခန်းကို ရောမဆင်ကြီးသဖွယ် တည်ဆောက်ထား



တရုတ်နိုင်ငံ ဟီနန်ပြည်နယ် ကျန်းကျိုးမြို့တွင် ရောမဆင်ကြီးသဏ္ဌာန်အများပြည်သူသုံးသန့်စင်ခန်းကြောင့် စိတ်ဝင်စားသူအထူးများပြားနေသည်ဟု သိရသည်။ **ပေ ၃၀ အရှည်ရှိသော ဆင်ကြီးသဏ္ဌာန် အများပြည်သူသုံး သန့်စင်ခန်း**သည် မကြာသေးမီကမှ ပန်းခြံတစ်ခုအတွင်း အသစ်ဆောက်လုပ်လိုက်ခြင်းဖြစ်ပြီး ဒေသခံသတင်းများတွင် ဖော်ပြချက်အရပန်းခြံအတွင်း ဆောက်လုပ်ရေးလုပ်ငန်းများသည် တစ်နှစ်ကျော်ခန့်အထိ အချိန်ယူဆောက်လုပ်နေခဲ့ခြင်းဖြစ်သောကြောင့် မည်သို့သော အဆောက်အအုံဖြစ်မည်ကို အထူးစိတ်ဝင်စားနေခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။ သို့သော် ဒေသခံများက ထူးခြားသည့် ပုံသဏ္ဌာန်ရှိသောအဆောက်အအုံကြီးကို မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုမည်ကိုမူ ခန့်မှန်း၍မရနိုင်အောင် ဖြစ်နေခဲ့ကြသည်။ ယခုကဲ့သို့ဆောက်လုပ်ပြီးစီးသည့်အချိန်တွင် ဖြတ်သွားဖြတ်လာတိုင်းက ဆင်ကြီးသဏ္ဌာန်အဆောက်အအုံကြီးကို သဘောကျနှစ်ခြိုက်နေကြပြီး **အများပြည် သူသုံးသန့်စင်ခန်းကို ယခုထက်ပို၍ စိတ်ဝင်စားမှုများပြားလာစေရန် အတွက် အမြင် အာရုံကိုဖမ်းစားနိုင်သည့် ဆိုင်းဘုတ်များကိုလည်း ချိတ်ဆွဲသွားဦးမည်ဖြစ်**သည်ဟု သိရသည်။

(CRI၊၂၆)

မေဇွန်

# ဘရာဇီးစန္ဒယားပညာရှင်က လေထဲတွင် စန္ဒယားတီးခတ်ကာ ပရိသတ်ကို ဖျော်ဖြေ



ဘရာဇီးနိုင်ငံ **ဆော်ပေါ်လိုမြို့တွင်** နှစ်စဉ် ကျင်းပလေ့ရှိသည့် Virada Cultural ပွဲတော်တွင် စန္ဒယားပညာရှင် ကတ်စထရိုမွန်တီရီယိုနှင့် ၎င်း၏လေထဲတွင် ပျံဝဲနေသောစန္ဒယားကြီးက စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ခဲ့သည်ဟု သိရသည်။ **စန္ဒယားတီးသူရော၊ စန္ဒယားပါ လေထဲတွင်တန့်နေကာ ဖျော်ဖြေခဲ့ကြသောကြောင့် ဆပ်ကပ်တစ်ပိုင်းနီးပါး ဖြစ်ခဲ့ရသည်။** ကတ်စထရိုနှင့်အတူ ကျွမ်းဘားမယ်ဆန်ဒရာမီယာ ဇာဝါကလည်း စန္ဒယား၏အပေါ်ပိုင်းရှိ လေထဲတွင်ပင် ကပြဖျော်ဖြေခဲ့ပြီး ကတ်စထရိုက အပိုင်းသုံးပိုင်းခွဲ၍ ဖျော်ဖြေခဲ့သည်။ တစ်ရက်တာကျင်းပခဲ့သည့်ပွဲတော်အတွင်း ဟင်းချက်ခြင်း၊ အနုညာသမိုင်း၊ ကပြခြင်းနှင့်ပြဇာတ်စသည်ဖြင့် ကဏ္ဍပေါင်းမျိုးစုံမှ ဖျော်ဖြေမှုများပါဝင်ခဲ့သည်။ ကတ်စထရိုသည် ၂၀၁၂ ခုနှစ်ကလည်း အလားတူစတန့်ပြကွက်မျိုးဖြင့် ဖျော်ဖြေခဲ့ဖူးပြီး ပရိသတ်များကို ပါးစပ်အဟောင်းသားဖြစ်သွားစေခဲ့ဖူးသည်။၎င်းအပြင် ကတ်စထရိုမှာ စန္ဒယားပညာရှင်အပြင် နိုင်ငံတကာတက္ကသိုလ်များတွင် ပါမောက္ခတစ်ဦးဖြစ်သည့်အပြင် လက်ခ္ခဏာသင်္ကေတ အကြံပေးဆွေးနွေးသူ၊ ပြဇာတ်ရေးဆရာနှင့်သီချင်းရေးဆရာတစ်ဦးလည်း ဖြစ်သည်ဟု သိရသည်။

(DM,7) မေဇွန်

# ရုရှားလူသန်ကြီးက ဦးခေါင်းဖြင့် သံချောင်းအများဆုံး ကွေးပြကာ ကမ္ဘာ့စံချိန်တင်



အလက်ဇန္ဒားမူရွန်စကီလို့အမည်ရတဲ့ **အသက်၄၃နှစ်အရွယ် ရုရှားနိုင်ငံသားက တစ်မိနစ်အတွင်း ဦးခေါင်းနဲ့ သံချောင်းအများဆုံးကွေးပြလို့** ကမ္ဘာ့စံချိန်တင်ခဲ့တယ်လို့သိရပါတယ်။ ရုရှားနိုင်ငံ၊ အိုရယ်မြို့ ရီယိုရှော့ပင်းစင်တာမှာ အလက်ဇန္ဒားက ဦးခေါင်းနဲ့သံချောင်းကွေးတဲ့ စံချိန်တင်မှုကို ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဂင်းနက်စ်မှတ်တမ်းစာအုပ်ရဲ့အရာရှိရှေ့မှာပဲ **တစ်မိနစ်အတွင်း သံချောင်း ၁၂ချောင်းကို ဦးခေါင်းအားနဲ့ ကွေးညွှတ်ပြနိုင်ခဲ့ပြီး** အလက်ဇန္ဒားရဲ့စံချိန်တင်မှုအောင်မြင်ခဲ့တာပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၄ခုနှစ်မှာလည်း အလက်ဇန္ဒားကပဲ တစ်မိနစ်အတွင်း သံချောင်း ၁၁ချောင်းကို ဦးခေါင်းနဲ့ကွေးပြီး ကမ္ဘာ့စံချိန်တင်ခဲ့ဖူးပါတယ်။ ဒီစံချိန်ဟောင်းထက် သံချောင်းတစ်ချောင်းပိုကွေးပြပြီး စံချိန်သစ်ချိုးပြလိုက်တာဖြစ်ပါတယ်။ အံ့မခန်းဖွယ် ဦးခေါင်းအားနဲ့ သံချောင်းတွေ အချိန်တိုတွင်း တစ်ချောင်းပြီးတစ်ချောင်း ကွေးညွှတ်ပြသွားတာ ပွဲကြည့်သူတွေအားလုံး ကိုယ့်မျက်လုံးကိုယ် မယုံနိုင်လောက်အောင် ဖြစ်စေခဲ့ပါတယ်။ **သံချောင်းတွေက ၃၆ပေစီရှည်ပြီး ၁ဒသမ ၁၉ပေါင်စီ အလေးချိန်ရှိခဲ့ပြီး ဒီလိုအမြန်နှုန်းနဲ့ သံချောင်းတွေကို ဦးခေါင်းနဲ့ ကွေးပြနိုင်တာကြောင့်** ရုရှားရဲ့လူသန်ကြီးဟော့ခ်ဆိုပြီး အလက်ဇန္ဒားကို တင်စားနေကြပါတယ်။

(GW,7) သံသာ

# ကမ္ဘာ့ပထမဆုံးတစ်ကိုယ်ရေသုံး ဂျက်ယာဉ်ပျံ ဒေါ်လာတစ်သိန်းခွဲဖြင့် ဝယ်ယူနိုင်ပြီ



၃၅နှစ်ကြာ စမ်းသပ်တီထွင်လာခဲ့တဲ့ တစ်ကိုယ်ရေသုံးဂျက်ယာဉ်ပျံကို နယူးဇီလန် ကုမ္ပဏီဖြစ်တဲ့ မာတင်လေကြောင်းပျံသန်းရေးယာဉ်ကုမ္ပဏီက ထုတ်လုပ်နိုင်ခဲ့ပြီး **လာမယ့်၂၀၁၆ခုနှစ်ထဲမှာ ဒေါ်လာ ၁၅၀၀၀၀နှုန်းနဲ့ ရောင်းချသွားမယ်လို့သိရပါတယ်။** Martin Jackpackလို့ အမည်ရတဲ့ ဒီတကိုယ်ရေသုံးဂျက်ယာဉ်ပျံက **မြင်းကောင်ရေ၂၀၀အား V4ခါတ်ဆီအင်ဂျင်ကို အသုံးပြုထားပြီး တစ်နာရီကို ၄၆ မိုင်နှုန်းနဲ့ အမြင့်ပေ၃၂၀၀ထိ ဝေဟင်ထဲပျံသန်းမောင်းနှင်နိုင်မှာဖြစ်**ပါတယ်။ **မြေပြင်ပေါ်ဆင်းသက်တဲ့အခါမှာတော့ လေထီးအကူအညီနဲ့ အရှိန်လျှော့လို့ ပြန်ဆင်းမှာဖြစ်**တယ်လို့ သိရပါတယ်။ နယူးဇီလန်တက္ကသိုလ်ကျောင်းသား ဂလင်းမာတင်ရဲ့ အိပ်မက်က ၃၅နှစ်ကြာခဲ့တဲ့အချိန်မှာ လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တာဖြစ်ပြီး ဒီတစ်ကိုယ်ရေသုံး ဂျက်ယာဉ်ပျံကို နည်းပညာမြှင့်မွမ်းမံဖို့ အမေရိကန်ကာကွယ်ရေးနဲ့ စာချုပ်ချုပ်ဆိုဖို့ တိုင်ပင်နေကြပြီလို့ မာတင်အမှုဆောင်ချုပ် ပီတာကိုကာက ပြောကြားသွားခဲ့ပါတယ်။

(DM,7) သံသာ




# ခါး ၁၇ ဒသမ ၉ လက်မပဲရှိတဲ့ AOA က Mina



AOA အဖွဲ့ဝင်တွေဟာ ပိန်သွယ်သူတွေရယ်လို့ လူသိများသူတွေပါ။ ဒီတော့ သူတို့အဖွဲ့လည်း တီဗီအစီအစဉ် တစ်ခုမှာ ပါရော မေးခွန်းမေးသူတွေက သူတို့ခါးဘယ်လောက်သေးတယ်ဆိုတာကို အဓိကထား မေးလာပါတယ်။ ဒီတော့ အဖွဲ့ဝင်တွေလည်းမေးတဲ့လူတွေ ကျေနပ်အောင်ဆိုပြီး သူတို့ခါးကို တိုင်းပြလိုက်ကြပါတယ်။ ဒီတော့ အဖွဲ့ဝင် Jimin က ခါး ၁၉ ဒသမ ၅ လက်မပဲရှိပြီး Mina ကတော့ ခါး ၁၇ ဒသမ ၉ လက်မပဲ ရှိပါသတဲ့။ ဒီတော့ Mina ဟာ ခါး ၁၉ လက်မနဲ့ နာမည်ကျော်နေတဲ့ KARA က Goo Hara ရဲ့စံချိန်ကို ချိုးသွားတာပေါ့။

# f(x) ကနေ Sulli တရားဝင် ထွက်တော့မယ်တဲ့



f (x) အဖွဲ့ကနေ Sulli တရားဝင်ထွက်တော့မယ်လို့ သတင်းတွေထွက်နေပါတယ်။ မင်းသမီးအဖြစ်နဲ့ပဲ တစ်ကိုယ်တော်အနုပညာလှုပ်ရှားချင်တော့တာကြောင့် Sulli ဒီလို ထွက်ဖို့လုပ်တာလို့ သတင်းတွေက ဆိုပါတယ်။ ဒါပေမဲ့ သူတို့အေဂျင်စီကတော့ ဒီသတင်းကို အတည်မပြုရသေးပါဘူး။ ကျန်တဲ့လေးယောက်က အဖွဲ့ဝင်လေးယောက်နဲ့ပဲ ဂီတလောကမှာ ဆက်ရပ်တည်သွားမယ်လို့လည်း သတင်းတွေထွက်နေတာပါ။

# ubD;tEjynfowif;

ချယ်ရီ

## ဇူလိုင်လမှာ သီချင်းသစ်တွေနဲ့ ပရိသတ်ရင်ခွင်ထဲ ပြန်လာမယ့် INFINITE




INFINITE အဖွဲ့ဟာ သူတို့သီချင်းသစ်တွေကို လက်စသတ်နေပြီဖြစ်ပြီး ဇူလိုင်လလယ်မှာ သီချင်းသစ်တွေနဲ့ ပရိသတ်တွေဆီပြန်လာမယ်လို့ သိရပါတယ်။ သူတို့က ဒီသီချင်းတွေအတွက် အရောင်းမြှင့်တင်တာတွေကို ကိုရီးယားမှာလုပ်မယ် ပြီးရင် ဒုတိယကမ္ဘာလှည့်ဖျော်ဖြေပွဲကို စတင်မယ်လို့ သတင်းတွေက ဆိုပါတယ်။ INFINITE ဟာ သီချင်းသစ်တွေကို မေလမှာ ထုတ်မယ်လို့ အရင်က ဆိုခဲ့တာပါ။ ဒါပေမဲ့ အဖွဲ့ဝင်တွေဟာ သူတို့တစ်ကိုယ်တော် အနုပညာလှုပ်ရှားမှုတွေနဲ့ အရမ်းအလုပ်ရှုပ်နေတာမို့ ခုလို သီချင်းသစ်ထုတ်မယ့်ရက်ကို နောက်နည်းနည်းရွှေ့လိုက်ရတာဖြစ်ပါတယ်။

# ထိုင်းနိုင်ငံမှ လင်းနို့လူသားပရိသတ်တစ်ဦးက ကိုယ်ပိုင်လင်းနို့လူသားပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့



ထိုင်းနိုင်ငံမှ အသက် ၄၃ နှစ်အရွယ် ဆွမ် ချိုင်းနီတီမုံကိုချိုင်းသည် ဆယ်စုနှစ်တစ်စုကြာအောင် လင်းနို့လူသားဇာတ်ကောင်ကို စွဲလမ်းနေခဲ့သူဖြစ်ပြီး ယခုအခါတွင် လီဂိုတုံးလေးများဖြင့်ပြုလုပ်ထားသည့် ဂေါ့သမ်မြို့အပါအဝင် **လင်းနို့လူသားနှင့်သက်ဆိုင်သည့် ပစ္စည်းပေါင်း ၅၀၀၀၀ ခန့်ကို ပြသထားသည့် ကိုယ်ပိုင်ပြတိုက်ကို** ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်ဟု သိရသည်။ **၂၀၀၅ ခုနှစ်က Batman Begins ရုပ်ရှင်ကားတွင် မင်းသားခရစ်ရှန်ဘဲလ်၏ လင်းနို့လူသားဇာတ်ကောင်ကို စတင်နှစ်မြို့က်စွဲလမ်းခဲ့ခြင်းဖြစ်ပြီး** ကုမ္ပဏီပိုင်ရှင်တစ်ဦးဖြစ်သူဆွမ်ချိုင်းသည် ထိုအချိန်မှစတင်ကာ ဘန်ကောက် တစ်မြို့လုံးရှိ လင်းနို့လူသားနှင့်သက်ဆိုင်သည့် အရာများမှန်သမျှကို ဝယ်ယူစုဆောင်းထားခဲ့သည်။ **တဖြည်းဖြည်း ပစ္စည်းများအလွန်များလာသောကြောင့် အိမ်တွင်ထားစရာမရှိတော့ဘဲ ၁၃၁၂ စတုရန်းပေအကျယ်ရှိသော ဆိုင်ခန်းတစ်ခန်းကို ငှားရမ်းကာ အပြင်ပိုင်းတွင် အရောင်စုံဂရပ်ဖစ်ပုံများရေးဆွဲကာ လင်းနို့လူသားနှင့်သက်ဆိုင်သည့်ပစ္စည်းပေါင်း ၅၀၀၀၀ ကို ပြသထားသည့် Batcat Museum & Toys Thailand ပြတိုက်ကို ဖွင့်လှစ်နိုင်ခဲ့သည်။** ဆွမ်ချိုင်းသည် နောက်ပိုင်းတွင် လင်းနို့လူသားသာမက အခြားဇာတ်ကောင်များအတွက်ပါ အရုပ်များစုဆောင်းလာခဲ့ပြီး အင်ဒီရားနား ဂျုံးစ်၊ စူပါမန်း၊ ပင့်ကူလူသား၊ ဂျိမ်းစဘွန်း၊ မစ်ကီမောက်စ်၊ နီမိုအစရှိသဖြင့် အစုံအလင်ပါဝင်ခဲ့သည်။ ၎င်း၏ပြတိုက်အတွင်း လီဂိုတုံးလေးများဖြင့်တည်ဆောက်ထားသည့် ဂေါ့သမ်မြို့တော်ကြီးမှာ အပေါ်လွင်ဆုံးဖြစ်ပြီး ခုတ်ခွဲခန်းများ၊ အကျဉ်းထောင်များ၊ လင်းနို့လူသားဂူများ၊ လင်းနို့လူသားကားနှင့် ရဟတ်ယာဉ်များကိုပင် တွေ့မြင်နိုင်သည်။ ပြတိုက်ကိုလာရောက် လည်ပတ်သူများအနေဖြင့် တီရှပ်၊ သော့ချိတ်အစရှိသဖြင့် **အမှတ်တရလက်ဆောင်များကိုလည်း ဝယ်ယူနိုင်ပြီး အများဆုံးနှစ်ဒေါ်လာအထိသာ ကျသင့်မည်ဖြစ်သည်**ဟု သိရသည်။

(OC,25) မေဇွန်

# အမေရိကန်တရားရုံးချုပ်က လိင်တူစုံတွဲများကို လက်ထပ်ခွင့်ပြုလိုက်၍ စုံတွဲများ အလုအယက်လက်ထပ်



**လိင်တူချင်း လက်ထပ်ထိမ်းမြားခြင်းသည် အမေရိကတစ်လွှားတွင် တရားဝင်သည်ဟု အမေရိကန်နိုင်ငံတော် တရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်လိုက်ကြောင်း** သိရှိရသည်။ ထို့အတွက် လိင်တူချင်း လက်ထပ်ထိမ်းမြားခွင့်မရှိသည့် ပြည်နယ် ၁၄ ခုတွင် လိင်တူချစ်သူများ လက်ထပ်ခွင့်ရသွားပြီဖြစ်သည်။ ယခုမှ လိင်တူချင်း လက်ထပ်ခွင့်ရသွားသည့် ဂျော်ဂျီယာ၊ မီချီဂန်၊ အိုဟိုင်းယိုးနှင့် တက္ကဆက်စ်စသည့်ပြည်နယ်များမှ လိင်တူချစ်သူများသည် အပြေးအလွှား လက်ထပ်ကြတော့သည်။ သို့သော် အခြားသောပြည်နယ်များတွင်မူ လိင်တူချစ်သူများ ချက်ချင်း လက်ထပ်ခွင့်မရသေးပေ။ လက်ထပ်ထိမ်းမြားခြင်း လုပ်ထုံးလုပ်စဉ်ပြဿနာများကို ဖြေရှင်းပြီးမှ လက်ထပ်ပေးမည်ဟု အာဏာပိုင်များက ဆိုသောကြောင့်ဖြစ်သည်။ တရားရုံးချုပ်၏ အထက်ပါဆုံးဖြတ်ချက်သည် **အမေရိက၏ အောင်မြင်မှုဖြစ်သည်ဟု သမ္မတ ဘာရက်အိုဘားမားက ဆို**သည်။ သို့သော် ခရစ်ယာန်ရှေးရိုးစွဲများကမူ အဆိုပါစီရင်ချက်ကို ပြစ်တင်ရှုတ်ချကြသည်။ **အမေရိကတွင် လိင်တူချင်း လက်ထပ်ထိမ်းခြားခွင့်ပြုသည့် ပထမဦးဆုံးပြည်နယ်မှာ မန်ဆာချူးဆက်ပြည်နယ်ဖြစ်သည်။ အဆိုပါပြည်နယ်သည် လိင်တူချင်းလက်ထပ်ထိမ်းမြားခွင့်ကို ၂၀၀၄ ခုနှစ်တွင် စတင်ခွင့်ပြုခဲ့ခြင်းဖြစ်**သည်။

(BBC,25) ချယ်ရီ

## MGLM ၏ 5 သရဖူဆုရှင်များအတွက် Home Coming Ceremony မွေးရပ်ပြန်ခရီးစဉ်ပွဲတော်ကြီး ရှေ့လတွင်ကျင်းပမည်



Miss Golden Land Myanmar 2015 ပြိုင်ပွဲကြီး၏ သရဖူဆုရှင်များသည် မြန်မာနိုင်ငံအနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာကြပြီး ကမ္ဘာ့စင်မြင့်ထက်တွင် မြန်မာကို ကိုယ်စားပြုကြမည့် နိုင်ငံ့ဂုဏ်ဆောင် အလှမယ်လေးများဖြစ်သည့်အတွက် ယင်းတို့အတွက် Home Coming Ceremony မွေးရပ် ပြန်ခရီးစဉ်ပွဲတော်ကြီးကို လာမည့်လတွင် ကျင်းပသွားမည်ဖြစ်ကြောင်း MGLM ၏ Founder & CEO ဖြစ်သူ ကိုဝေယံအောင်က ၂၆-၆-၂၀၁၅ ရက်တွင် ပြောသည်။

“MGLM 2015 သရဖူရှင်လေးတွေကို သူတို့ရဲ့ မွေးရပ်မြေအသီးသီးရှိ ဒေသခံ**ပြည်သူတွေရဲ့ ဂုဏ်ယူစွာကြိုဆိုအားပေးလိုကြောင်း** ဖိတ်ခေါ်မှုတွေကြောင့် မွေးရပ်ပြန်ခရီးစဉ်ပွဲတော်ကြီး ကိုကျင်းပမှာပါ။ **သူတို့ မွေးရပ်မြေတွေကို ပြန်တဲ့အခါမှာလည်း အဲဒီမှာ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ပြည်သူတွေနဲ့ပူးပေါင်း ပြီးလုပ်ဆောင်မှာပါ။** အဲဒီအတွက် အခုလည်း fan တွေဆီက အလှူငွေတွေကောက်ခံ နေကြပါတယ်” ဟု ပြောသည်။

သရဖူရရှိသည့် အလှမယ်များတွင် Miss Earth Myanmar 2015 **အိမ့်မျက်ခြယ်သည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ မရမ်းရွာ၊ ဘီလူးကျွန်းမှ** ဖြစ်ပြီး Miss Supranational Myanmar 2015 **L ဘောက်နူးသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမှ**ဖြစ်ကြောင်း သိရသည်။ Miss Intercontinental Myanmar 2015 W **မေရှင်းစိန်သည် ကချင်ပြည်နယ်၊ ပူတာအိုမှ** ဖြစ်ပြီး Face of Beauty Myanmar 2015 ခြူးစစ်ဟန်သည် **မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်၊ လေးရွာဆုံရွာမှ** ဖြစ်ကြောင်း၊ Miss Tourism Myanmar 2015 **နမ်ဆိုင်းအိန်သည် ကချင်ပြည်နယ် မြစ်ကြီးနားမှ** ဖြစ်ကြောင်းသိရသည်။

လက်ရှိတွင်ယင်းတို့သည် International ပွဲများအတွက် training ဝင်နေကြကြောင်း သိရသည်။ အဆိုပါ Training တွင် ဒေါ်ဆွေဇင်ထိုက်က communication skills ကို Personality Development အတွက် သင်ပေးနေပြီး MGLM Organization မှ Founder & CEO တို့က Pageant Knowledge နှင့်ပတ်သက်သည်များ အားလုံး သင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခင်က သရဖူရရှိထားသည့် Miss များကလည်း ယင်းတို့၏သက်ဆိုင်ရာ ပြိုင်ပွဲအတွေ့ အကြုံများကို sharing လုပ်ပေးနေကြပြီး လိုအပ်သည့် အကြံဉာဏ်၊ ပွဲနှင့်ပတ်သက်သည့်သိလိုသည်များအားလုံးအတွက် missosology, Miss Supranational 2014 တို့က online ကနေတစ်ဆင့်အလှမယ်လေးများအတွက် အကြံပေးသင်ကြား ပေးနေကြောင်း သိရသည်။

**ပြည့်ရည်ဖူး**

**(ဓာတ်ပုံ-မျိုးကျော်စိုး)**

## ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ သားရတနာလေး မွေးဖွား



ဓာတ်ပုံ-အိန္ဒြာကျော်ဇင်ဖေ့စ်ဘွတ်ခ်

သမီးကြီး ပြေသုဒြာနှင့်အတူ တွေ့ရစဉ်

ပြည်သူချစ် အနုပညာရှင်များဖြစ်ကြသော ထပ်ဆင့်အကယ်ဒမီပြေတီဦးနှင့် အကယ်ဒမီအိန္ဒြာကျော်ဇင်တို့၏ ဒုတိယမြောက်ရင်သွေး သားရတနာလေးကို ရန်ကုန်မြို့ ဝိတိုရိယဆေးရုံကြီးတွင် ဇွန်လ ၂၇ရက် နံနက် ၆ နာရီက အောင်မြင်စွာမွေးဖွားသန့်စင်ခဲ့ကြောင်း သိရသည်။

ကလေးမှာ **ခုနစ်ပေါင် ၁၂အောင်စရှိပြီး မိခင်ရော ကလေးပါကျန်းမာလျက်ရှိ**ကြောင်း သိရသည်။ မွေးဖွားလာသော သားလေး၏အချင်းသွေးနှင့် အချင်းတိုင်ကို Active Business Consolidation Medical Service (ABC) မှတာဝန်ယူသိမ်းဆည်းပေးထားကြောင်း သိရသည်။ ယင်းကဲ့သို့ ရင်သွေးငယ်များအတွက် အချင်းသွေးနှင့်အချင်းတိုင်များ သိမ်းဆည်း မှုအစီအစဉ်များကို မြန်မာနိုင်ငံတွင် ယခင်ကထက် ပိုမိုဆောင်ရွက်လာကြောင်း သိရသည်။ **အကယ်ဒမီပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ ရင်သွေးများအပြင် အကယ်ဒမီ သက်မွန်မြင့်နှင့် အကယ်ဒမီ ချောရတနာတို့၏ ရင်သွေးလေးများ၏ အချင်းသွေးနှင့်အချင်းတိုင်များကိုလည်း ABC မှတာဝန်ယူသိမ်းဆည်းပေးထားကြောင်းသိရပြီး မြန်မာနိုင်ငံရှိကလေး ငယ်ပေါင်း ၁၀၀ကျော်ကိုလည်း** သိမ်းဆည်းပေးထားလျက်ရှိကြောင်း သိရသည်။

**မင်းအိုက်စွန်းန်**




QUALITY FIRST
Since 1996
ROYAL CLUB
RC အဖုံးတွင်းကံစမ်းမဲများတွင် SUZUKI ကား (12)စီးကို
တစ်လလျှင်(၂)စီးနှုန်းထည့်သွင်းဖေါက်ပေးသည့်
ကံစမ်းမဲ အစီအစဉ်မှ ကံထူးရှင်(၆)ဦးထွက်ပေါ်လာပါပြီ။
32"TV
24"TV
ဦးမြင့်ဌေး
၈/ပဒန(နိုင်)၀၃၆၁၈၁
ရှောက်တော၊ ပွင့်ဖြူမြို့နယ်၊
ဝယ်ယူသည့်ဆိုင်
ဒေါ်မြင့်မြင့်ကြည် (ကုန်မျိုးစုံ)
ရှောက်တော၊ ပွင့်ဖြူမြို့နယ်၊
ဦးဝင်းနိုင်
၁၂/သကတ(နိုင်)၁၅၁၄၇၅
သာလွှာဝတီ(၂)လမ်း၊
(၁၀) တောင်၊ သာကေတ၊ ရန်ကုန်၊
ဝယ်ယူသည့်ဆိုင်
ရွှေစရာ (၁၆)လမ်း၊ လမ်းမတော်မြို့နယ်၊
ဦးထွန်းထွန်း
၈/တတက(နိုင်)၁၂၀၀၉၂
ထန်းပင်ကုန်းကျေးရွာ၊ တောင်တွင်းကြီးမြို့
ဝယ်ယူသည့်ဆိုင်
မဟာမိတ် စားသောက်ဆိုင်၊ ဆတ်သွားမြို့
ဦးဝင်းကျော်
၁၄/ဖပန(နိုင်)၁၂၈၇၁၀
တင်ဥလွဲကျေးရွာ၊ ဖျာပုံမြို့
ဦးဇော်လင်းနိုင်
၁၄/ဖပန(နိုင်)၁၇၅၅၇၉
ကျိုက်ကျေးရွာ၊ ဖျာပုံမြို့
ဝယ်ယူသည့်ဆိုင်
ယုဇန စတိုး (ဖျာပုံမြို့)
မောင်ဖြိုးမောင်မောင်
၁၄/ဝခမ(နိုင်)၁၄၅၂၈၆
သံကြိုးတိုင်ရပ်ကွက်၊ ဝါးခယ်မမြို့
ဝယ်ယူသည့်ဆိုင်
ဝင်းမိသားစု (မြောင်းမြမြို့)
ကိုဟိန်းဇာ
၁၂/လသယ(နိုင်)၀၁၃၈၀၃
ဝိဝိုနင်းလမ်း၊ လှိုင်သာယာမြို့နယ်၊
ဝယ်ယူသည့်ဆိုင်
သော်တာထွန်း၊
2014
BRAND NEW
SUZUKI
၁၂စီး
SUZUKI
ထပ်တိုးကံစမ်းမဲ
RC အဖုံးများတွင်ယခင်ထည့်သွင်းထားသော
ဆိုင်ကယ်၊ TV၊ EVD နှင့် ငွေသားဆုမဲများကို
ဆက်လက်ထည့်သွင်းထားပါသည်။
RC အဖုံးတစ်ဖုံးသည် ကားတစ်စီးတန်ဖိုးရှိနိုင်ပါသဖြင့် သေချာစွာစစ်ဆေးကြည့်ရှုကြပါရန်။

KFC™

ကမ္ဘာတစ်ဝန်း
လူကြိုက်အများဆုံး ကြက်ကြော်
ရန်ကုန်တွင် ရရှိနိုင်ပါပြီ

တိုက် (၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့
https://www.facebook.com/KfcMyanmar

Supplement
A

# ပြည်မြန်မာ

အချုပ်ပို


Photo: Ye Htut (FB)

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား မွန်ဂိုလီးယားနိုင်ငံဂုဏ်ပြုတပ်ဖွဲ့က ကြိုဆိုနေစဉ်


Photo: Zaw Pyae Phyo

မွန်ဂိုရိုးရာအတိုင်း မွန်ဂိုလီးယားသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတဦးသိန်းစိန် မြင်းစီးနေစဉ်

## မြန်မာနှင့် M2 ဆက်ဆံရေး ဝတင်လိုပြီဟု မွန်ဂိုလီးယားသမ္မတ ပြောကြား

စာ-B


Photo: Red Cross

သံတွဲမြို့တွင် ၂၇-၆-၂၀၁၅ ရက်က ရေဘေးသင့်ပြည်သူတစ်ဦးကို ကယ်ဆယ်လာစဉ်



တောင်ကုတ်မြို့နယ် ပြည်သူ့ဆေးရုံမှ လူနာများကို ၂၇-၆-၂၀၁၅ ရက်က ရွှေ့ပြောင်းပေးနေစဉ်

## လူသေဆုံးမှုရှိခဲ့သော ရေဘေးသင့် ရခိုင်ပြည်နယ်တွင် ကယ်ဆယ်ရေးလုပ်ငန်းများ အားသွန်ခွန်စိုက် ဆောင်ရွက်နေ

စာ-၈

## အနည်းဆုံး အခကြေးငွေ ကျပ် ၃၆၀၀ သတ်မှတ်

စာ-၈


Photo: Myint Zaw (FB)


Photo: Myint Zaw (FB)

## အရေးပေါ်လူနာများကို အသက်ကယ်ဆယ်ရေး လက်တွေ့သရုပ်ပြပွဲ ပြုလုပ်

စာ-၈



၂၀၁၃ ခုနှစ်တွင် ဗိုလ်တထောင်တရားရုံးသို့ ရဲတိုက်ကို ရုံးထုတ်လာခဲ့စဉ်

## ရဲတိုက် လွှတ်မြောက်လာခြင်း မဟုတ်ဘဲ ပြည်ထောင်စုတရားလွှတ်တော်သို့ အယူခံတင်ပြထားဟု ဆို

စာ-C




## တောင်ပြိုလက်ဝဲ၌ ခေတ္တထားသည့် ဘင်္ဂလားဒေ့ရှ်မှ ဘင်္ဂါလီ ၅ ဦး ထပ်မံထွက်ပြေးခဲ့ပြီး စုစုပေါင်း ၁၅ ဦးရှိလာသဖြင့် ဒေသခံများ စိုးရိမ်နေ

တောင်ပြိုလက်ဝဲ၌ ထားရှိသော လှေစီးဘင်္ဂါလီ ၇၀၀ ကျော်ထဲမှ ဘင်္ဂါလီ ငါးဦးမှာ ထပ်မံထွက်ပြေးသွားခဲ့ပြီး စုစုပေါင်း ထွက်ပြေးသူ ၁၅ ဦးအထိ ရှိလာခဲ့သဖြင့် ဒေသခံများမှာ စိုးရိမ်မှုမြင့်တက်လာနေကြောင်း သတင်းရရှိသည်။

**ဘင်္ဂါလီ ငါးဦးထပ်မံထွက်ပြေးခဲ့ခြင်းမှာ ဇွန်လ ၂၇ ရက်ကဖြစ်ပြီး ဇွန်လ ၂၈ ရက်က လူစာရင်းစစ်ဆေးမှသာ ယင်းကဲ့သို့ ထွက်ပြေးသည်ဟု သိရကာ** ယင်းသတင်းကို သက်ဆိုင်ရာထိန်းသိမ်းရေးစခန်းများက လူမသိအောင်ထားရှိခဲ့သော်လည်း ဇွန်လ ၂၈ ရက်မှစတင်၍ ရခိုင်ပြည်နယ်တွင် သတင်းပျံ့နှံ့နေပြီဟု သိရသည်။ ''**ပထမ ၁၀ ဦးမှာ နှစ်ဦးစီနှစ်ကြိမ်၊ တစ်ဦးထွက်ပြေးတာတစ်ကြိမ်နဲ့ ငါးဦးထွက်ပြေးတာတစ်ကြိမ်ပေါ့။ အခု ထွက်ပြေးတာနဲ့ဆိုရင် စုစုပေါင်း ၁၅ ဦးရှိလာပြီ**''ဟု စစ်တွေမြို့ခံသတင်းရင်းမြစ် တစ်ဦးဖြစ်သူ ဦးသန်းထွန်းက ပြောသည်။ လက်ရှိတွင် မြန်မာနယ်ခြားစောင့်တပ်များက သက်ဆိုင်ရာဒေသအလိုက် အစိုးရ တာဝန်ရှိသူများထံသတင်းပို့ပြီး လိုက်လံရှာဖွေနေကြောင်းလည်း သိရသည်။

''ကျွန် တော်တို့ ဒေသခံတွေ စိုးရိမ်တာက သူတို့တွေဟာ ဘင်္ဂလားဒေ့ရှ်မှာ ဝရမ်းပြေးတွေ၊ ခိုးဆိုးလုယက်သူတွေဖြစ်နေလို့ ပါပဲ။ **သူတို့တွေဟာ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ဒီလို ထွက်ပြေးတာ မဟုတ်ဘူးလို့ ဘယ်သူကအာမခံနိုင်မလဲ။ ပြီးတော့ သူတို့က ဘင်္ဂလားဒေ့ရှ်ကိုသာ ပြန်ချင်ရင် စခန်းမှာအေးအေးဆေးဆေးစားသောက်နေထိုင်ပြီး လာခေါ်မယ့်အချိန်စောင့် ရုံပဲလေ။ အခုလိုထွက်ပြေးတယ်ဆိုကတည်းက မရိုးသားတာသေချာတယ်**''ဟု ဦးသန်းထွန်းက ဆက်လက်ပြောကြားသည်။

**လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ဘင်္ဂါလီ ၅၀၀ ကျော်ကို ပြန်ပို့နိုင်ခြင်းမရှိသေးဘဲ စိစစ်ဆဲကာလအဖြစ် မြန်မာနိုင်ငံက လက်ခံကျွေးမွေးထား နေရဆဲဟုသိရသည်။**

**Iris**

## စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦးနေရာတွင် ဗိုလ်မှူးချုပ်တစ်ဦးဖြင့် တပ်မတော်အစားထိုးတာဝန်ပေး

တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်ဖြစ်သူ ဗိုလ်ချုပ်လွင်ဦး၏ နေရာတွင် ဗိုလ်မှူးချုပ် မောင်မောင်ကျော်ကို တပ်မတော်က အစားထိုးလဲလှယ်လိုက်ကြောင်း သတင်းရရှိသည်။

ယင်းသတင်းကို Reuters သတင်းဌာနက ဇွန်လ ၂၉ ရက်တွင် စတင်ရေးသားဖော်ပြလာခြင်းဖြစ်ပြီး စင်ကာပူသတင်းစာ The Strait Times ကလည်း တစ်ဆင့် ပြန်လည်ဖော်ပြလာသည်ကို တွေ့ရသည်။ Reuters ဖော်ပြချက်တွင် **စစ်ဦးစီးအရာရှိချုပ်(လေ) ဗိုလ်ချုပ်လွင်ဦး၏ နေရာကို အစားထိုးခံရခြင်းမှာ လောက်ကိုင်ဒေသတိုက်ပွဲအတွင်း တပ်မတော်(လေ)၏ လေကြောင်း တိုက်ခိုက်မှုမှ လက်နက်ကြီးအချို့ တရုတ်နယ်မြေအတွင်းသို့ ဒုတိယအကြိမ်ကျရောက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း တွေ့ရသည်။** ပထမအကြိမ် လက်နက်ကျရောက်မှုကြောင့် တရုတ်နိုင်ငံသားအချို့ သေဆုံးခဲ့ရသဖြင့် တရုတ်ဘက်က သတိပေးမှုအပြီး မြန်မာအစိုးရဘက်က တောင်းပန်ခဲ့ရပြီးနောက် ရက်ပိုင်းအကြာတွင် ထပ်မံ၍ လက်နက်ကျရောက်မှုဖြစ်ခဲ့သဖြင့် တပ်မတော်လေ၏ စစ်ဦးစီးအရာရှိချုပ်အား နေရာရွှေ့ပြောင်းလိုက်ခြင်းဖြစ်သည်ဟု Reuters ကဖော်ပြသည်။ ''နေရာရွှေ့ပြောင်းတယ်ဆိုတာက မှန်ပါတယ်။ ဒါပေမယ့် ပြောင်းတဲ့နေရာမှာ အပြောင်းခံရသူက ညံ့လို့ဆိုပြီး မဟုတ်ပါဘူး၊ သတင်းမှာ ကျွန်တော်တို့တွေ့ပါတယ်။ တရုတ်နယ်ထဲကို လက်နက်ကျလို့ ပြောင်းပစ်လိုက်တာဆိုတဲ့သတင်းကိုတော့ ကျွန်တော်တို့ဘက် အမှန်လို့ မပြောချင်ဘူး၊ ဒါက နည်းနည်းတော့ မဟုတ်လောက်ဘူးလို့ပဲ သိထားပါတယ်''ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်မှူးကြီးအဆင့် အရာရှိတစ်ဦးကပြောသည်။

Reuters က ဖော်ပြထားမှုတွင် နိုင်ငံတော်သမ္မတရုံးမှ အရာရှိတစ်ဦးကို ကိုးကား၍ ဖော်ပြထားခြင်းဖြစ်ပြီး တပ်မတော်(လေ)မှ အရာရှိတစ်ဦးက သုံးသပ်ပြောကြားထားသည်ကို ကိုးကားရာတွင်လည်း တရုတ်ဘက်သို့ လက်နက်ကျရောက်ခဲ့မှုကြောင့်ဟု ဆိုသည်။

**Iris**

## စက်ဘီးကလေးနှင့် ဘုရားဖူးထွက်သည့်ဇနီးမောင်နှံ တာချီလိတ်သို့ရောက်ရှိ

စက်ဘီးစီး၍ မြန်မာနိုင်ငံအနှံ့အပြားသို့ တစ်နှစ်ကျော်ကြာ ဘုရားဖူးလှည့်လည်နေသော အသက် ၅၀ ကျော်အရွယ် ဇနီးမောင်နှံနှစ်ဦးမှာ တာချီလိတ်မြို့သို့ ဇွန်လ ၂၈ ရက်က ရောက်ရှိလာကြောင်း သိရှိရသည်။

“**ဇာတိဖြစ်တဲ့ နေပြည်တော်ကနေ တစ်ဆင့် မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ မင်းကွန်း၊ ပုပ္ပား၊ ပုဂံ၊ ပြည်၊ ရန်ကုန်၊ ပဲခူး၊ မကွေး၊ မော်လမြိုင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့တွေတော်တော်များများရောက်ပြီးပြီ အခုဆိုတစ်နှစ်ကျော်သွားပြီ**”ဟု စက်ဘီးစီးနင်းသူ ဦးချိုက ပြောသည်။ ၎င်းတို့ဇနီးမောင်နှံ နေပြည်တော်မှ စတင်ထွက်ခွာချိန် ၂၀၁၄ ခုနှစ် မေလ ၂၄ ရက်တွင် ဆန် ၄ ပူး၊ ဆီ ၅ ကျပ်သားနှင့် ကျပ်ငွေ ၁ သိန်းတိတိသာပါလာခဲ့ပြီး ယနေ့အချိန်ထိလမ်းခရီးတွင် အစာရေစာပြတ်လပ်ခဲ့ခြင်းမရှိခဲ့သလို အခြားမည်သည့်အခက်အခဲမှမရှိခဲ့ကြောင်း ၎င်းကပြောဆိုခဲ့သည်။

''ဒီလိုပဲ စေတနာရှင်တွေက ဆန် (၃/၄)ပူးထည့်ပေးလိုက် တစ်ပြည်ပေးလိုက်နဲ့လမ်းမှာ အစားအသောက်ပြတ်လပ်တာတော့မရှိခဲ့ဘူး။ စေတနာရှင်များက ဘုရားဖူးစားရိတ် ထောက်ပံ့လှူဒါန်းကြတာတွေလည်းရှိပါတယ်။ အမျိုးသားဆိုရင် အိမ်ကနေထွက်လာတဲ့အချိန်ကနေ **အခုအချိန်ထိ လမ်းမှာစက်ဘီး ၂၈ စီးနဲ့ ဆိုင်ကယ်နှစ်စီးကိုလည်း ငွေကြေးမယူဘဲ အခမဲ့ပြင်ပေးခဲ့တယ်။ သွားလေရာမှာလည်း ကိုယ်ရဲ့စက်ဘီးကိုလည်း ပြင်လို့ရအောင်နဲ့ သူများစက်ဘီးကိုလည်း ပြင်ပေးလို့ရအောင် ပစ္စည်းတွေထည့်လာတယ်**”ဟု ဦးချို၏ ဇနီးဒေါ်သန်းမြင့် (ဒေါ်ခင်မြင့်ဝင်း) ကပြောသည်။

ထို့ပြင် **သွားရောက်ခဲ့သည့်ခရီးစဉ်များကိုလည်း ဓာတ်ပုံများ၊ မှတ်တမ်းများပြုစုထားပြီး ခရီးသွားများအတွက် ဗဟုသုတရစေရန်အတွက် ခရီးသွားမှတ်တမ်းစာအုပ်အဖြစ် အခမဲ့ပြန်လည်ထုတ်ဝေသွားရန်**ကိုလည်း ၎င်းတို့ ထံမှသိရှိရသည်။ “**ရောက်တဲ့မြို့တွေက ဘုန်းကြီးကျောင်းတွေမှာ တည်းခိုတယ်။ ဘုန်းကြီးကျောင်းတွေကလည်း နောက်တစ်မြို့မှာ တည်းခိုနိုင်ဖို့ ထောက်ခံစာတွေ အဆက်အသွယ်တွေ ပြုလုပ်ပေးတယ်**”ဟု ဦးချို ကပြောသည်။

၎င်းတို့ ဇနီးမောင်နှံနှစ်ဦးတွင် သားသမီးသုံးဦးမွေးဖွားခဲ့သော်လည်း ရက်သားဖြင့်ပင် အသီးသီးဆုံးပါးသွားခဲ့သည့်အတွက် လက်ရှိတွင်၎င်းတို့နှစ်ဦးသာကျန်ရှိပြီး နေအိမ်အားဘုန်းကြီးကျောင်းတွင် အပ်ခဲ့ကာ ဘုရားဖူးထွက်လာခြင်းဖြစ်သည်ဟု သိရသည်။

**၎င်းတို့ နှစ်ဦးထဲမှ တစ်ဦးဆုံးပါးသွားပါကလည်း နေအိမ်အားဘုန်းကြီးကျောင်းသို့ လှူဒါန်းလိုက်မည်ဖြစ်ပြီး ကျန်ရှိခဲ့သူတစ်ဦးမှာ သာသနာ့ဘောင်ဝင်ရောက်ရန်အတွက် နှစ်ဦးသဘောတူဆုံးဖြတ်ထားကြောင်း**ကိုလည်း သိရသည်။

“**ဇနီးမောင်နှံနှစ်ဦးလုံး ရက်အတော်ကြာ စက်ဘီးနဲ့ ဘုရားဖူးထွက်လာတဲ့အခါမှာ လမ်းမှာအစာရေစာပြတ်လပ်တာ မရှိဘူးဆိုတာဟာ ဘုရား၊ တရားတန်ခိုးလို့ပဲ ပြောရမှာပဲ။ အံ့သြစရာလည်းကောင်းတယ်**”ဟု တာလေ့ရပ်ကွက်နေ ကိုချမ်းအေးကပြောသည်။ စက်ဘီးစီး၍ ဘုရားဖူးထွက်သော ဇနီးမောင်နှံ ဦးချိုနှင့် ဒေါ်သန်းမြင့် (ဒေါ်ခင်မြင့်ဝင်း) တို့သည် ဇူလိုင်လ ၂ ရက်တွင် **ကျိုင်းတုံသို့ ထွက်ခွာမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တောင်ကြီးသို့ပြန်လည်သွားရောက်ကာ မြစ်ကြီးနား၊ မိုးကုတ်၊ စစ်ကိုင်းနှင့် အခြားမြို့များသို့ ဆက်လက်ဦးတည်ရန်**အတွက် စီစဉ်ထားကြောင်း သိရသည်။

**ကိုမင်း(မြစ်မခ)**



## မြန်မာနှင့် M2 ဆက်ဆံရေး စတင်လိုပြီဟု နိုင်ငံတော်သမ္မတအား မွန်ဂိုလီးယားသမ္မတ ပြော

**မြန်မာနိုင်ငံနှင့် M2 (Mongolia plus Myanmar ) ပုံစံ ဆက်ဆံရေးကို စတင်ဖန်တီးလိုပြီဖြစ်ကြောင်း** မွန်ဂိုလီးယား သမ္မတ Tsakhiagiin Elbegdorj က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ပြောကြားလိုက်ကြောင်း မွန်ဂိုလီးယားသတင်းဌာန MONTSAME က ဇွန်လ ၂၉ ရက်တွင် ဖော်ပြလိုက်သည်။

ဇွန်လ ၂၈ ရက်မှ ၃၀ ရက်အထိ အလည်အပတ်ခရီးစဉ်အဖြစ် ပထမဆုံးအကြိမ်သွားရောက်ခဲ့သော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ မွန်ဂိုလီးယား ခရီးစဉ်အတွင်း၌ **နှစ်နိုင်ငံကြားတွင် သတ္တုတွင်းလုပ်ငန်း၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းအပါအဝင် ကဏ္ဍစုံ စီးပွားရေးပူးပေါင်းဆောင်ရွက်ကြရန်** ဇွန်လ ၂၉ ရက်က သမ္မတနှစ်ဦးအသိသက်သေဖြင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်ဟုသိရသည်။ ''ကျွန်တော့်ရဲ့ ဒီခရီးစဉ်ဟာ နှစ်နိုင်ငံဆက်ဆံရေးအတွက် တွန်းအားတွေဖြစ်စေမယ်လို့ ယုံကြည်ပါတယ်၊ **တရားဝင် အသိပေးလိုတာကတော့ နှစ်နိုင်ငံကြားမှာ နှစ်ဖက်အကျိုးရှိစေမယ့် စာချုပ်ချုပ်ဆိုမှုတွေ ဖြစ်လာမယ်ဆိုတာပါပဲ**''ဟု နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။ မွန်ဂိုလီးယားသမ္မတက မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အရှိန်မြင့်နေမှုကို အသိအမှတ်ပြုကြောင်း ပြောကြားခဲ့ပြီး ဒီမိုကရေစီအသွင်ပြောင်းလဲရေး အတွေ့အကြုံများကို အချင်းချင်းမျှဝေကြစေလိုကြောင်း၊ လာမည့် ပါလီမန်ရွေးကောက်ပွဲကို မွန်ဂိုလီးယားမှ လေ့လာရေးအဖွဲ့များကို စေလွှတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။ ''နှစ်ဖက်လုံးက စီးပွားရေးအဖွဲ့တွေ အပြန်အလှန်လည်ပတ်ကြဖို့ သဘောတူညီမှုရှိခဲ့တယ်၊ ခရီးသွားလုပ်ငန်းအပါအဝင် အခြားသော ကဏ္ဍစုံမှာလည်း သဘောတူညီမှုတွေ ရှိခဲ့ပါတယ်''ဟု မွန်ဂိုလီးယားသမ္မတက ပြောသည်။ ယင်းအပြင် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌတာဝန်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့မှုကို ဂုဏ်ပြုကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံနှင့် M2 ပုံစံဆက်ဆံရေးကို စတင်လိုနေပြီဟု သမ္မတက ဆိုသည်။ နိုင်ငံပိုင်မီဒီယာ MOI က ဇွန်လ ၂၉ ရက်ညပိုင်း၌ သတင်းထုတ်ပြန်လာမှုတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မွန်ဂိုလီးယားသမ္မတနှင့်အတူ Chinggisyn Khuree ၌ ကျင်းပသည့် Mini Naadam ပွဲတော်ကို ကြည့်ရှုခဲ့ကြောင်းတွေ့ရကာ **ယင်းပွဲတော်မှာ မွန်ဂိုလီးယားနိုင်ငံ၏ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်ပြီး ရှေးနှစ်ပေါင်းများစွာကပင် ကျင်းပခဲ့ခြင်းဖြစ်ကာ နပန်းပွဲများ၊ မြင်းပြိုင်ပွဲနှင့် မြားပစ်ပြိုင်ပွဲများကို အဓိကအသားပေးထည့်သွင်း ယှဉ်ပြိုင်စေခြင်းဟု သိရသည်။ ''သမ္မတနှစ်ဦး မွန်ဂိုရိုးရာအတိုင်းမြင်းအတူစီးခဲ့**''ဟု နိုင်ငံတော်သမ္မတ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဦးရဲထွဋ်က ၎င်း၏ လူမှုကွန်ရက်တွင် ဇွန်လ ၂၉ ရက်က ရေးသားဖော်ပြလာ သည်ကိုလည်း တွေ့ရသည်။

နိုင်ငံတော်သမ္မတသည် မွန်ဂိုလီးယားလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်တို့နှင့်လည်း ဇွန်လ ၂၉ ရက်က တွေ့ဆုံခဲ့ကြောင်း သိရသည်။

**အေဝိုင်အီး**

## ရန်ကုန်မှ နေပြည်တော်သို့ ၃၃ ဒေါ်လာဖြင့် အစိုးရဝန်ထမ်းများ လေယာဉ်စီး၍ ရုံးတက်နိုင်ပြီ

ရန်ကုန်မှ နေပြည်တော်သို့ ခရီးသွားမည့် ဝန်ထမ်းများအတွက် **ဇူလိုင်လ ၁ ရက်မှစတင်၍ အထူးဈေးနှုန်းအဖြစ် လေယာဉ်တစ်ကြောင်း ၃၃ ဒေါ်လာဖြင့်သာ ရောင်းချပေးတော့မည်ဖြစ်ကြောင်း** သတင်းရရှိသည်။

လက်ရှိရန်ကုန်-နေပြည်တော် လေယာဉ်တစ်ကြောင်းခ ဈေးနှုန်းမှာ ကျပ် ၆၀၀၀၀ မှ ၇၅၀၀၀ ကြားတွင်ရှိနေပြီး ၃၃ ဒေါ်လာဖြင့် ဈေးလျှော့ရောင်းချခြင်းကြောင့် လေယာဉ်တစ်ကြောင်းလျှင် အနည်းဆုံး ကျပ် ၃၀၀၀၀ ကျော် သက်သာသွားခြင်းဖြစ်ကြောင်းသိရသည်။ ''ကျွန်တော်တို့က အရင်တုန်းက **KBZ လေကြောင်းလိုင်းအနေနဲ့ ရန်ကုန်-နေပြည်တော်ကို ခရီးစဉ်မဆွဲခဲ့ဘူး။ အခုမှစပြီးပျံသန်းမှာပါ။** စတင်ပျံသန်းတဲ့ကာလမှာပဲ ဒီလိုဈေးချပေးတာပါ''ဟု ကမ္ဘောဇလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာတစ်ဦးဖြစ်သူ ဦးမြတ်သူက ဇွန်လ ၂၉ ရက်တွင် ပြည်မြန်မာသို့ ပြောသည်။ အစိုးရဝန်ထမ်းများအတွက် ယင်းကဲ့သို့ ဈေးနှုန်းလျှော့ချပေးခြင်းတွင်လည်း **လေယာဉ်လက်မှတ်ဝယ်ယူမှု၌ ဝန်ထမ်းကတ် မိတ္တူတစ်စောင်နှင့်အတူ မူရင်းကိုပါ ပူးတွဲပြသရမည်ဖြစ်ကြောင်း** သိရသည်။ အစိုးရဝန်ထမ်းမဟုတ်သော ပြည်သူများအနေဖြင့်မူ ခရီးစဉ်တစ်ကြောင်းလျှင် ၇၂ ဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရကာ **ATR လေယာဉ်များဖြင့် နေ့စဉ်ရုံးတက်ရုံးဆင်းချိန် အသွားအပြန် လေးကြိမ်တိတိပျံသန်းပေးမည်ဟု**သိရသည်။ ''ဈေးနှုန်းလျှော့ချထားတာမှာ ရက်ကိုအကန့်အသတ်ဆိုတာမသတ်မှတ်သေးပါဘူး။ လောလောဆယ်မှာ ဒီအတိုင်းပဲထားဦးမှာပါ။ အပြောင်းအလဲရှိရင်ကြေညာပါမယ်''ဟု ဦးမြတ်သူက ဆက်လက်ပြောကြားသည်။ ယင်းကြေညာချက်ကို KBZ လေကြောင်းလိုင်းက ၎င်းတို့၏လူမှုကွန်ရက်တွင် ဖော်ပြလာမှုကို အများပြည်သူကမှတ်ချက်ပေးမှု၌ **သာမန်ပြည်သူများအတွက်လည်း ၄၅ ဒေါ်လာခန့်ဖြင့် လျှော့ချပျံသန်းပေးသင့်ကြောင်း၊** ယင်းမှသာ ပြည်သူများလည်း ပိုမိုအဆင်ပြေပြီး လေယာဉ်ဖြင့် နေပြည်တော်သို့ ခရီးသွားခြင်းကိုပိုမိုအားပြုလာနိုင်မည်ဖြစ်ကြောင်း ထောက်ပြထားသည်ကို တွေ့ရသည်။

**အေဝိုင်အီး**

# အမျိုးသားပညာရေးဥပဒေ ပြင်ဆင်သည့်ဥပဒေကို လေးပွင့်ဆိုင်ဆွေးနွေးပွဲ သဘောတူညီမှုအတိုင်း ပြန်လည်ပြင်ဆင်ပေးရန် သမ္မတထံ စာပို့

အမျိုးသားပညာရေးဥပဒေအား ပြင်ဆင်သည့်ဥပဒေကို လေးပွင့်ဆိုင်ဆွေးနွေးပွဲသဘောတူညီမှုအတိုင်း ပြန်လည်ပြင်ဆင်ပေးရန် NNER ကနိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဇွန်လ ၂၉ရက်ရက်စွဲဖြင့် စာပို့ခဲ့ကြောင်း သိရသည်။ **ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုလိုက်သည့် အမျိုးသားပညာရေးဥပဒေအားပြင်ဆင်သည့်ဥပဒေသည် လေးပွင့်ဆိုင်သဘောတူညီချက်များနှင့် အများအားဖြင့်ကွဲလွဲလျက်ရှိနေရာ အဆိုပါကွဲလွဲနေသောအချက်တစ်ချက်ချင်းစီကို နိုင်ငံတော်သမ္မတနှင့်ပြည်သူများ သိရှိစေရန် အိတ်ဖွင့်ပေးစာပေးပို့ခြင်းဖြစ်ကြောင်း** NNER မှဒေါက်တာ အာကာမိုးသူက ပြည်မြန်မာသို့ပြောသည်။

လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် လက်ခံသဘောတူခဲ့သော ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂကိုယ်စားလှယ်များ ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု၊ အကဲဖြတ်မှုကော်မတီတွင်လည်းကောင်း၊ တက္ကသိုလ်ကောင်စီတွင်လည်းကောင်း၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီတွင်လည်းကောင်း၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပညာရေးမူဝါဒနှင့်ဆက်စပ်ဥပဒေများ၊ နည်းဥပဒေများရေးဆွဲရာတွင်လည်းကောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်တွင်လည်းကောင်း ပါဝင်ခြင်းကို ပြန်လည်ပြင်ဆင်သည့်ဥပဒေတွင်ငြင်းပယ်ထားကြောင်း NNER က သမ္မတထံပေးစာတွင် ရေးသားထားသည်။

အမျိုးသားပညာရေးကော်မရှင်အစား အမျိုးသားပညာရေးမူဝါဒကော်မရှင်ကို ထည့်သွင်းထားခြင်း၊ ကော်မရှင်၏လုပ်ငန်းတာဝန်များမှာ ဗဟိုချုပ်ကိုင်မှုစနစ်ကို အကောင်အထည်ဖော်ခြင်း၊ လူတိုင်းအကျုံးဝင်ပညာရေးကိုလည်း လွဲမှားစွာဖော်ပြပြီး ငြင်းဆိုထားခြင်းအပြင် ``ပညာရေးအသုံးစရိတ်ကို နိုင်ငံတော်အသုံးစရိတ်အားလုံး၏၂၀ ရာခိုင်နှုန်းအထိရောက်ရှိရေးအတွက် ရည်မှန်းထားရှိဆောင်ရွက်ရမည်´´ဟုပြင်ဆင်သည့် ဥပဒေတွင်ဖော်ပြထားရာ အချိန်ကာလသတ်မှတ်ချက်မရှိ၍ တိကျမှုမရှိကြောင်း NNER ကသဘောထားမှတ်ချက်ပြုထားသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းရေးဆွဲရေးအတွက် သပိတ်မှောက်ကျောင်းသား ကိုယ်စားလှယ်များပါဝင်သည့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီ၊ ပညာရေးစနစ်ပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)၊ အစိုးရ၊ လွှတ်တော်တို့ **လေးပွင့်ဆိုင်တွေ့ဆုံဆွေးနွေး၍ ကျောင်းသားများ၏တောင်းဆိုချက် ၁၁ ချက်ကို အခြေခံကာရေးဆွဲခဲ့ပြီး ဥပဒေကြမ်းကို လွှတ်တော်တွင် ဆွေးနွေးပြင်ဆင်မှုများပြုလုပ်ကာ ဇွန်လ ၁၈ ရက်က အတည်ပြုပြဋ္ဌာန်းခဲ့သည်ဟု** သိရသည်။ **ဆုဆက်**

# ရဲတိုက် လွတ်မြောက်လာပြီဆိုသည်မှာမဟုတ်ဘဲ ပြည်ထောင်စုတရားလွှတ်တော်သို့ အယူခံတင်ပြထားဟုဆို

မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှုဖြင့် ထောင်ဒဏ်ကျခံနေရသည့် သရုပ်ဆောင်ရဲတိုက် **ပြန်လည်လွတ်မြောက်လာပြီဆိုသည့်သတင်းမှာ မမှန်ကန်ဘဲ လက်ရှိတွင်ထိုအမှုအတွက် ပြည်ထောင်စုတရားလွှတ်တော်သို့ အယူခံတင်ပြထားပြီး တရားရုံးမှ လက်ခံမခံကို ဇူလိုင်လ ၈ ရက်တွင်သိရမည်ဖြစ်ကြောင်း** ဆာတိုရီရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာရီဇော်က ၂၉-၆-၂၀၁၅ ရက်တွင်ပြောသည်။

သရုပ်ဆောင်ရဲတိုက်သည် ဗိုလ်အောင်ကျော်လမ်းရှိ **ဘုရားကျောင်းဆန္ဒပြမှုအတွက် ပုဒ်မနှစ်ခုဖြင့် ထောင်ဒဏ်တစ်နှစ်၊ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှုဖြင့် ထောင်ဒဏ်ခြောက်နှစ်ချခံနေရရာ** ခရိုင်တရားရုံးမှ အယူခံတစ်နှစ်ရရှိခဲ့ပြီးနောက် ကျန်ထောင်ဒဏ်များအတွက် အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံနေကြောင်း၊ ရဲတိုက်၏ ကျန်းမာရေးအခြေအနေအတွက်အဆင်ပြေမည့် တောင်ငူအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ကျခံရန် ဆောင်ရွက်နေသော်လည်း ကြန့်ကြာမှုများရှိနေကြောင်း သိရသည်။ **“ရဲတိုက်က အင်းစိန်ထောင်မှာထက်စာရင် တောင်ငူထောင်မှာနေတာက ကျန်းမာရေးအတွက်ရော စည်းကမ်းပိုင်းပါ ပိုအဆင်ပြေတဲ့အတွက် ပြန်ပြောင်းချင်တဲ့အတွက် စာတင်ထားတာ** အနုပညာရှင်ဖြစ်လို့ မီဒီယာက အာရုံစိုက်နေတာမို့ ညွှန်ချုပ်ဆီတင် မဟုတ်ဘဲ ဝန်ကြီးအထိပါ စာတင်ရမယ်ဆိုလို့ စာတင်ထားတာကြာနေပြီ။ ဘာမှမထူးသေးဘူး။ **အင်းစိန်ထောင်မှာက ရန်ကုန်က ဘုရားကျောင်းအမှုအတွက် တစ်နှစ်ကျခံရမယ်ဆိုရင်တောင် ခုအင်းစိန်ထောင်မှာနှစ်နှစ်ရှိပြီဆိုတော့ ပြန်ပြောင်းလို့ရသင့်ပြီလို့ထင်တယ်။** အနုပညာရှင်မို့ မီဒီယာအာရုံစိုက်လို့ဆိုပြီး ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေတော့ အဆုံးရှုံးမခံနိုင်ဘူး´´ ဟု ဦးရီဇော်ကဆိုသည်။

ထို့ပြင် ကျန်ပြစ်ဒဏ်များအတွက် တိုင်းတရားရုံးသို့ အယူခံဝင်ရာ ပယ်ချခံရပြီးနောက် ပြည်ထောင်စု တရားလွှတ်တော်သို့ တင်ပြထားပြီး အယူခံလက်ခံမခံကို ဇူလိုင်လ ၈ ရက်တွင် သိရမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ရဲတိုက်၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လာပြီဖြစ်သော်လည်း **လွန်ခဲ့သောနှစ်လခန့်က ကျန်းမာရေး အခြေအနေဆိုးရွားခဲ့ကြောင်း၊ လွန်ခဲ့သည့်ရှစ်နှစ်ခန့်မှ စတင်ဖြစ်ပွားခဲ့သည့် စိတ်ကျရောဂါအတွက်လည်း နေ့စဉ်ဆေးသောက်နေရကြောင်း** သိရသည်။

နှင်းနုဝေ

■

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မုန်တိုင်းဒဏ်ခံအဆောက်အအုံ သုံးလုံး တည်ဆောက်မည်



photo: www.worldvisionc.com

ဓာတ်ပုံ-ဘိုကလေးတွင် တည်ဆောက်ထားသည့် မုန်တိုင်းဒဏ်ခံအဆောက်အအုံ

ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း **မုန်တိုင်းဒဏ်ခံနိုင်သည့် အဆောက်အအုံ (cyc-lone Shelter) သုံးလုံးတည်ဆောက်မည်ဖြစ်ကြောင်း** ၂၉-၆-၂၀၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ အဆောက်အအုံများကို ရန်ကုန်တိုင်းဒေသကြီးရှိ **ကျောက်တန်းမြို့နယ်၊ သုံးခွမြို့နယ်၊ ကော့မှူးမြို့နယ်တို့တွင် တစ်လုံးစီ တည်ဆောက်မည်ဖြစ်ကြောင်း** သိရသည်။ ယင်းအဆောက်အအုံများသည် ပေ ၄၀ × ပေ၃၀၊ RC နှစ်ထပ် အဆောက်အအုံဟုသိရသည်။ အဆောက်အအုံများ၏ အမိုးကိုလည်း RCC Roof Slab (Water Proof) ဖြင့် အသုံးပြု၍ရအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

အဆောက်အအုံများ တည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာနှင့် ဈေးနှုန်းအဆိုပြုလွှာ သုံးစုံစီတို့အား သီးခြားစီချိတ်ပိတ်လျက် ၃၀-၇-၂၀၁၅ ရက်တွင် နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီးရှိ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံးရှိ တင်ဒါပုံးများအတွင်းသို့ တာဝန်ရှိသူကိုယ်တိုင် မှတ်ပုံတင်စာရင်းသွင်း၍တင်သွင်းရမည် ဖြစ်ကြောင်းသိရသည်။ တင်ဒါအဆိုပြုလွှာကို အများရှေ့မှောက်တွင် ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာစံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့် ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

၂၀၀၈ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသည် နာဂစ်မုန်တိုင်းဒဏ်ကိုခံခဲ့ရပြီးသည့် နောက်ပိုင်းတွင် အိုးအိမ်စည်းစိမ်အမြောက်အမြားဆုံးရှုံးပျက်စီးခဲ့ရသည့်အတွက် အဆိုပါဒေသများတွင် မုန်တိုင်းဒဏ်ခံအဆောက်အအုံများကို ပြည်တွင်းပြည်ပအဖွဲ့အစည်းအသီးသီးက တည်ဆောက်လှူဒါန်းမှုများ ရှိလာခဲ့သည်။ အဆိုပါ အဆောက်အအုံများသည် **ပြည်သူအများအပြားကို မုန်တိုင်းအန္တရာယ်မှ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း** သိရသည်။

ပြည့်ရည်ဖူး

# မန္တလေး လက်နက်တွေ့ရှိမှုမှ စနိုက်ပါတပ်လျက် သေနတ်တစ်လက် လှေကားအောက်တွင် ထပ်မံတွေ့ရှိ

မန္တလေးတိုင်းဒေသကြီး၊ **စဉ့်ကူးမြို့နယ်နှင့် ချမ်းအေးသာစံမြို့နယ်တို့တွင် ဖမ်းဆီးရမိခဲ့သောမူးယစ်ဆေးဝါးနှင့် လက်နက်များအမှုနှင့်ပတ်သက်၍** ဖမ်းဆီးထားသော ကိုအောင်ကျော်မိုးနှင့် အောင်ဇော်မိုးတို့နှစ်ဦးအား စစ်ဆေးနေစဉ်အတွင်း **ဇွန်လ ၂၈ ရက် ည ၈ နာရီ၂၀ ခန့်ကလည်း အဆိုပါ လက်နက်များတွေ့ရှိသော နေအိမ်၏ လှေကားအောက်တွင် စနိုက်ပါတပ်လျက် ပွိုင့် ၂၂၃ သေနတ်တစ်လက်ကို ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း** တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ရဲအရာရှိတစ်ဦးကပြောကြားသည်။

``မနေ့ညက အောင်စတိုးဆိုင်နေအိမ် လှေကားအောက်ကနေထပ်မံတွေ့ရှိတာပါ အမဲလိုက်တဲ့နေရာမှာသုံးတဲ့သေနတ်အမျိုးအစားပါပဲ ´´ဟု ၎င်းကပြောသည်။ လက်ရှိအချိန်တွင် အမှုနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးလျက်ရှိပြီး တရားရုံး ထုတ်စစ်ဆေးမည့်ရက်ကို မသိရှိရသေးကြောင်း ၎င်းကပြောသည်။ ``ဥပဒေအရ ၂၄ နာရီမကျော်ခင် ရမန်ယူရပါတယ်။ အခုစစ်ဆေးဆဲပဲရှိပါတယ်။ ရုံးထုတ်စစ်ဆေးမယ့်ရက်ကိုတော့ မသိရသေးပါဘူး´´ ဟု ၎င်းကပြောသည်။

အမှုမှာ ပြီးခဲ့သည့်ဇွန်လ ၂၆ ရက် ညပိုင်းက **စဉ့်ကူးမြို့နယ်ဘက်မှ ရွှေဘိုမြို့နယ်သို့မောင်းနှင်လာသော ၎င်းတို့နှစ်ဦးစီးနင်းလာသည့်ယာဉ်ကို** ရတနာသိင်္ခတံတားနှင့် စဉ့်ကူး-ရွှေဘိုကားလမ်း မိုင်တိုင်အမှတ်၊ ၁/၀-၁ ကြားနေရာတွင် သက်ဆိုင်ရာတပ်ဖွဲ့ဝင်များကစစ်ဆေးခဲ့ရာ ယာဉ်၏နောက်ဖုံးအတွင်းမှ ပီနံအိတ်ဖြူနှင့် ထုပ်ပိုးထားသော ရိုင်ဖယ်သေနတ် လေးလက်၊ နှစ်လုံးပြူး သေနတ်တစ်လက်နှင့် ဆက်စပ်ပစ္စည်းများ၊ ကျည်မျိုးစုံ ၂၅၂ တောင့်၊ ဆက်သွယ်ရေးစက် ၂ လုံး၊ ၈၈/၁ စာတမ်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀ ပြားတို့ကို ဖမ်းဆီးရမိခဲ့သည်။

ထို့ကြောင့် အောင်ဇော်မိုး (၃၈ နှစ်) နှင့် ၎င်း၏အမွှာညီအစ်ကိုဖြစ်သူ အောင်ကျော်မိုး (၃၈နှစ်) တို့အား ဆက်လက်စစ်ဆေးခဲ့ပြီး ၎င်းတို့နေထိုင်ရာမန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေး သာစံအလယ်ရပ်ကွက်၊ ၈၂ လမ်း၊ ၂၉×၃၀ လမ်းကြား၊ အမှတ်(၃၃၈) **``အောင်´´ စတိုးဆိုင်နေအိမ်အပေါ်ထပ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ** သစ်သားကိုယ်ထည်အရှည်ခြောက်ခု၊ သစ်သားဒင်လေးခု၊ သစ်သားပြောင်းကာ နှစ်ခု၊ မောင်းခလုတ်ပါသစ်သားဒင်တစ်ခု၊ ပြောင်းအရှည်အလွတ်ဆိုက်စုံ ရှစ်ခု၊ မောင်းကွင်းပါ ဆက်စပ်ပစ္စည်းသုံးခု၊ ပွိုင့်-၃၀၃ ရိုင်ဖယ်မောင်းတုံးတစ်ခု၊ ဒင်ပိုင်းအဟောင်းတစ်ခု၊ စပရိန်ပါကော်ဘူး တစ်ဘူး၊ သေနတ်အတွင်းအသုံးပြုသော အစိတ်အပိုင်းများပါဝင်သည့် သံဘူးတစ်ဘူး၊ သေနတ်တိုက်တံအတို / အရှည် ကိုးချောင်း၊ သေနတ်တိုက်တံဘူးတစ်ဘူး၊ သေနတ်ထည့်သေတ္တာသုံးလုံး၊ ၁၂ ဗို့ခဲကျည်အညိုရောင် ၁၆ တောင့်၊ ကျည်မျိုးစုံ ၄၅ တောင့်ပါ ကော်ဘူးတစ်ဘူး၊ ကာဘိုင်ကျည် ၄၅ တောင့်၊ ကျည်ထိပ်ဖူးမျိုးစုံ ၁၉၀ တောင့်၊ ခဲသီးများပါဝင်သော ကော်ဘူးအသေးတစ်ဘူးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည့်အပြင် အောင်ကျော်မိုး၏ ထွက်ဆိုချက်အရ ချမ်းမြသာစည် မြို့နယ်၊ ၆၂ လမ်း၊ ကန်သာယာရပ်ကွက်ရှိ မြင့်ကိုအောင် (၃၁ နှစ်) နှင့် ကိုစိုးသူအောင် (၃၀ နှစ်)တို့၏ နေအိမ်အား ဆက်လက်သွားရောက်ရှာဖွေခဲ့ရာ လေသေနတ်တစ်လက် ထပ်မံတွေ့ရှိ ဖမ်းဆီးရမိခဲ့သည်ဆို၏။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ကျော်မိုးပါ လေးဦးကို စဉ့်ကူးမြို့မရဲစခန်းက(ပ) ၂၇/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉ (က)၊ (ပ) ၂၈/၂၀၁၅၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇၊ (ပ) ၂၉/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉ (င)၊ (ပ) ၁/၂၀၁၅၊ မူး/စိတ်ပုဒ်မ ၁၅/၁၆ (ဂ)/၂၀(က)/၂၁/၂၂ နှင့် ချမ်းအေးသာစံမြို့မရဲစခန်းမှ (ပ) ၂၆၁/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉ (က)၊ အောင်ပင်လယ်နယ်မြေရဲစခန်းက (ပ) ၁၆၃/၂၀၁၅၊ လက်နက်ပုဒ်မ ၁၉ (စ) အမှုများဖြင့် အမှုဖွင့်ဆောင်ရွက်ထားကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ထားသည်။ **မြတ်သူအောင်**

# မိုးသည်းထန်၍ ငရုတ်ကောင်းတောင်ခြေမှ အိမ် ၁၀၀ ကျော် တောင်ကျချောင်းရေဖြင့် မျောပါ

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် **ငရုတ်ကောင်းတောင်ခြေရှိ သင်းကျောင်းကျေးရွာအုပ်စုနှင့် ဝက်ကော်ရွာတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေနှင့်အတူ အိမ်ခြေ ၁၂၈ လုံး မျောပါသွားပြီး** ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။ ငရုတ်ကောင်းတောင်ကျရေစီးနှင့် အတူ ဇွန်လ ၂၈ ရက် နံနက် ၅ နာရီခွဲခန့်က **သင်းကျောင်းကျေးရွာအုပ်စုမှ အိမ်ခြေ ၃၉ လုံးနှင့် ဝက်ကော်ကျေးရွာမှ အိမ်ခြေ ၈၉ လုံးတို့ မျောပါခဲ့ပြီး** အနီးရှိတောင်ပတ်တောင် ထပ်မံပြိုကျခဲ့ပြီး ကားလမ်းပိတ်မှုများဖြစ်ပွားခဲ့သဖြင့် ဒေသခံ ၆၀၃ ဦးကို ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကယ်ဆယ်ထားရကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။ ``**လူအသေအပျောက်မရှိပါဘူး။** ဒီရေကလည်းတက်တယ်။ တောင်ကျရေ ရယ်ပေါင်းပြီးရေကြီးတာ။ အားလုံးကို ရွှေ့ပြောင်းကယ်ဆယ်ပြီး မရမ်းကုန်းရွာက စာသင်ကျောင်းတွေ ဘုန်းကြီးကျောင်းတွေမှာ ထားထားပါတယ်။ **ကားလမ်းပေါ်ကို သုံးပေလောက်တက်တာ အခုတော့ တစ်ပေလောက်ပြန်ကျနေပြီ”** ဟု ဧရာဝတီတိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး ဦးအေးကျော်က ပြောသည်။ ငရုတ်ကောင်းကမ်းခြေမြို့နှင့် ငရုတ်ကောင်းတောင်ရွာသွားသည့်ကားလမ်း မိုင်တိုင် ၁၇ မိုင် ၄ ဖာလုံရှိ တောင်ပတ်တောင်ပြိုကျသဖြင့် ကားလမ်းပျက်ကာ သယ်ယူပို့ဆောင်ရေးအခက်အခဲဖြစ်နေကြောင်း ငရုတ်ကောင်းမြို့နယ်ခွဲ အုပ်ချုပ်မှုးရေးရုံးမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ ``မနေ့ကကယ်ဆယ်ရေးတွေလာနေတာ လမ်းမှာတောင်ပြိုပြီးလမ်းပိတ်နေလို့ မြေကြီးတွေကလော်ပြီး သွားနေရတယ်။ တောင်ကျရေစီးနဲ့ပါသွားတဲ့ အိမ်တွေက မိသားစုတွေကိုတော့ ကယ်ဆယ်ရေးစခန်းမှာစောင့်ရှောက်ထားတာတွေ့ရတယ်´´ဟု ငရုတ်ကောင်းမြို့ အမေ့အိမ် ထမင်းဆိုင်ပိုင်ရှင် ဦးဇော်ဝင်းကပြောသည်။ ဒေသတွင်းအခက်အခဲများအတွက် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ပုသိမ်မြို့ပေါ်ရှိ အရပ်ဖက်လူမှုကူညီရေးအဖွဲ့အချို့များ စုပေါင်း၍ ဆန်၊ ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်စသည့် ကူညီထောက်ပံ့ရေးပစ္စည်း တင်ဆောင်ကာ ဇွန်လ ၂၉ ရက်နံနက် ၈ နာရီက အဆိုပါဒေသသို့ ထွက်ခွာခဲ့ကြောင်း ပုသိမ်မြို့ရှိ မြတ်မေတ္တာလူမှုကူညီရေးအ ဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်ထံမှသိရသည်။

**မျိုးမင်းထွန်း - (မြစ်မခ)**


D Supplement
SAMSUNG
စာ-၊၊
ရှေ့ကားကို လှမ်းမြင်နိုင်သည့် စာ-၂၈
ထရပ်ကားပုံစံသစ် ဆမ်ဆောင်း တီထွင်


စားပွဲထိုးများကို ဘီကီနီဝတ်ခိုင်းသည့်
စားသောက်ဆိုင် ဝေဖန်ခံနေရ စာ-၃၅


စာ-၃၂
လူ ၆၆ ဦး ရေလှိုင်းစီးသည့် ကမ္ဘာ့ရေလှိုင်းလျှောစီးဘုတ်ပြား စံချိန်တင်


၂၀၁၅ အတွက် တရုတ်မှ လယ်ကွက် 3D ပန်းချီပုံများ
စာ-၂၆
အချပ်ပို
中国日子
ထိုင်းနိုင်ငံ၏
စာ-၃၄
ပထမဆုံး မားစ်
လူနာ၌ ဗိုင်းရပ်စ်
ကင်းစင်သွားပြီ


အနိုင်ရရန် ထိုးနှက် ကန်ကျောက်ပြီး
နပန်းလုံးနိုင်သည့် ဘောလုံးပြိုင်ပွဲ
စာ-၂၉
စာ-၃၃


i-MAX COLLECTION
MY STYLE // MY DREAM
i-MAX လူကြီးဝတ်၊ ကလေးဝတ် အင်္ကျီအောင်းဘီမျိုးနဲ့ အနွေးထည်၊ ဦးထုပ်နှင့် အိတ်များကို အမြို့မြို့အနယ်နယ်ရှိ SUPERMARKET များ၊ STORE ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။